# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၁၈ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၆၉)


**ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြ၍**

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်း၊ ပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၍၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

# Ceremony of MoU on Counter – Terrorism လက်မှတ်ရေးထိုးပွဲ

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Counter – Terrorism Conference ပိတ်ပွဲအခမ်းအနားနှင့် Ceremony of MoU on Counter Terrorism လက်မှတ်ရေးထိုးပွဲအခမ်းအနား သို့ တက်ရောက်စဉ်။ သတင်းစဉ်

**ဆစ်ဒနီ မတ် ၁၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် အာဆီယံ - သြစတြေးလျ အထူးထိပ်သီးအစည်းအဝေး တက်ရောက်ရန်နှင့် တရားဝင်ချစ်ကြည်ရေး ခရီးသွားရောက်ရန် မတ် ၁၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့မှ သြစတြေးလျနေသဟာယ နိုင်ငံသို့ ထွက်ခွာကြပြီး ဒေသစံတော်ချိန် ည ၈ နာရီခွဲတွင် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဌေးအောင်နှင့်ဇနီးနှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆက်လက်ထွက်ခွာရာ မတ် ၁၇ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် သြစတြေးလျနေသဟာယနိုင်ငံ ဆစ်ဒနီမြို့ Kingsford အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❁

**ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှုအခမ်းအနား နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် တက်ရောက်**

စာ » ၄

**နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေး မောင်တောကုန်သွယ်ရေးစခန်း ကြိုးပမ်းနေ**

စာ » ၁၀

**သမ္မတရှီကျင့်ဖျင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရ**

စာ » ၁၄




မြန်မာ့အလင်း

# ပြောင်းပြန်စကား ဆိုနေကြသူများ

၂၀၀၅ခုနှစ်၌ ကမ္ဘာ့ထိပ်သီးညီလာခံတစ်ရပ် ကျင်းပ၍ ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်တို့ကို ဆွေးနွေးခဲ့ပါသည်။ အဆိုပါ ကမ္ဘာ့ထိပ်သီးညီလာခံက ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တို့အတွက် ချမှတ်ခဲ့သော အခြေခံသဘောထားတစ်ရပ်မှာ လူ့အခွင့်အရေး၊ ဖွံ့ဖြိုးတိုးတက်မှု၊ ငြိမ်းချမ်းမှုနှင့် လုံခြုံရေးတို့သည် အပြန်အလှန်အားဖြည့်ပေးလျက် ဆက်စပ်မှုတို့ရှိနေသည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပဋိပက္ခအလွန်ကာလ၌ ငြိမ်းချမ်းမှုနှင့် ပြန်လည်သင့်မြတ်ရေးတို့ကို ပုံဖော်ဖန်တီးရာတွင် အဆိုပါဆက်စပ်မှုအားလုံးကို ခြုံငုံသုံးသပ်လျက်တစ်ခုတည်းသောချဉ်းကပ်ပုံရရှိစေရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေးကိစ္စသည် ဤအခြေခံသဘောထားဖြင့် ကိုင်တွယ်ဖြေရှင်းရမည့်ကိစ္စရပ် ဖြစ်ပါသည်။

ရခိုင်ပြည်နယ် ပြဿနာသည် ကိုးကွယ်ယုံကြည်ရာဘာသာ၊ လူမျိုးဇီဇမတူသည့် လူ့အသိုင်းအဝိုင်းနှစ်ရပ်ကြား ဖြစ်ပွားသော ပြဿနာဖြစ်ပါသည်။ လူ့အဖွဲ့အစည်းတစ်ရပ်အတွင်းရှိ မတူကွဲပြားသော လူ့အသိုင်းအဝိုင်းနှစ်ရပ်၏ ပဋိပက္ခကို ပြည်ပအင်အားစုတို့က ဖြေရှင်းချက်တစ်ရပ်အတင်းသွတ်သွင်းချမှတ်ခြင်းဖြင့် ဖြေရှင်း၍ မရသည်မှာ ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါသည်။ ကမ္ဘာ့ဖြစ်ရပ်တို့ကိုကြည့်ပါက ဆီးရီးယား၊ အီရတ်၊ လစ်ဗျားအစရှိသောနိုင်ငံတို့ရှိ ကိုးကွယ်ယုံကြည်ရာ ဘာသာမတူသည့် လူ့အသိုင်းအဝိုင်းနှစ်ရပ်၏ ပဋိပက္ခကို ပြည်ပအင်အားစုတို့က ဝင်ရောက်စွက်ဖက် မဖြေရှင်းနိုင်သည်ကို ရှင်းလင်းစွာ ဖော်ပြနေပါသည်။ ဆီးရီးယား၊ အီရတ်၊ လစ်ဗျားနိုင်ငံတို့၌ ပြည်ပအင်အားစုတို့က စစ်ရေးအရ ဝင်ရောက်စွက်ဖက်ခဲ့သောကြောင့် မတူကွဲပြားသော အသိုင်းအဝိုင်းနှစ်ရပ်၏ ပဋိပက္ခတို့သည် ပို၍ပို၍ ဆိုးရွားလာသကဲ့သို့ ပြည်သူတို့သည်လည်း ကြေကွဲဖွယ်ရာအတိဒုက္ခတို့ကို ရင်ဆိုင်ခဲ့ရပါသည်။ ဆီးရီးယား၊ အီရတ်၊ လစ်ဗျားနိုင်ငံတို့၏ဖြစ်စဉ်ကို သုံးသပ်ပါက ၂၀၀၅ ခုနှစ် ကမ္ဘာ့ထိပ်သီးညီလာခံက ချမှတ်ခဲ့သည့် အခြေခံသဘောထားကို ဆန့်ကျင်ပုံဖော်ခဲ့သည်ကို တွေ့ရပါသည်။ ရခိုင်ပြည်နယ်ပြဿနာကို ကိုင်တွယ်ရာ၌ အလားတူအမှားမျိုး မကျူးလွန်မိစေရန် အရေးကြီးပါသည်။

ရခိုင်ပြည်နယ်ပြဿနာသည် လူ့အဖွဲ့အစည်းတစ်ရပ်အတွင်းရှိ ကိုးကွယ်ယုံကြည်ရာဘာသာနှင့် လူမျိုးဇီဇမတူညီသည့် အသိုင်းအဝိုင်းနှစ်ရပ်ကြားရှိ ပဋိပက္ခသဘောကို ရည်ညွှန်းနေပါသည်။ သို့သော် သာမန်မတူကွဲပြားမှု ပဋိပက္ခမျိုးမဟုတ်ပါ။ အမည်သစ်ဖြင့် တိုင်းရင်းသားအခွင့်အရေးရယူလျက် ကိုယ်ပိုင်အုပ်ချုပ်ခွင့် တောင်းဆိုသည့်လှုပ်ရှားမှု၏ နောက်ဆက်တွဲရလဒ်ဖြစ်နေပါသည်။ ဤလှုပ်ရှားမှုမှာလည်း ကမ္ဘာ့နေရာအနှံ့ ဓနငွေကြေးပုံအောသုံး၍ ဖန်တီးလှုံ့ဆော်ခဲ့သည့် လှုပ်ရှားမှုဖြစ်ပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအား စစ်ရေးအရ တိုက်ယူပုံဖော်မည့် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့ကိုလည်း ဖွဲ့စည်းလှုပ်ရှားပြီး ဖြစ်ပါသည်။ ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးမှုနိမ့်ကျဆဲ ပြည်နယ်တစ်ခုဖြစ်ပါသည်။ ရခိုင်အမျိုးသားအများစုသည် ဘဝရပ်တည်ရေးအတွက် တစ်နယ်တစ်ကျေးသို့ သွားရောက် အလုပ်လုပ်ကိုင်နေရပါသည်။ ရခိုင်ပြည်နယ်၌ အလုပ်အကိုင်အခွင့်အလမ်းတို့ကို အမြောက်အမြား ဖန်တီးပေးရန် လိုအပ်နေပါသည်။ ရခိုင်ပြည်နယ်ရှိ အသိုင်းအဝိုင်းနှစ်ရပ်လုံး၏ အတွေးအခေါ်နှင့် ပညာရေးကို မြှင့်တင်ပေးရန် လိုအပ်နေပါသည်။ သို့ဖြစ်ပါ၍ လူထုအစိုးရသစ်က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကို ပုံဖော်ဖန်တီးနေခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူထုအစိုးရသစ်သည် ရခိုင်ပြည်နယ်အရေးကိစ္စအား ကိုင်တွယ်ရာ၌ ဘက်ပေါင်းစုံမှ ညှိနှိုင်းအကောင်အထည်ဖော်ရေးဟူသော အခြေခံမှုကို ကျင့်သုံးနေခြင်း ဖြစ်ပါသည်။ ၂၀၀၅ ခုနှစ် ကမ္ဘာ့ထိပ်သီးညီလာခံက ချမှတ်ထားသော အခြေခံသဘောထားကို ဆုပ်ကိုင်ကျင့်သုံး နေသည်ဟုလည်း ပြောဆိုနိုင်ပါသည်။

မြန်မာနိုင်ငံက ဤမှျမှန်ကန်သော အခြေခံသဘောထားကို ဆုပ်ကိုင်ကျင့်သုံးဖော်ဆောင်နေပါလျက် နိုင်ငံတကာပါလီမန်များညီလာခံက ရခိုင်ပြည်နယ်အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်နေသည်ဟု ဆိုလိုက်ခြင်းသည် ပြောင်းပြန်စကားကိုသာ ဆိုလိုက်ခြင်းဖြစ်ပါသည်။ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို အမှန်တကယ် ခြိမ်းခြောက်နေသည့်လုပ်ရပ်သည် ရခိုင်ပြည်နယ်အရေးကို မှားယွင်းစွာ ချဉ်းကပ်ကိုင်တွယ်နေသည့် နိုင်ငံတကာပါလီမန်များညီလာခံရှိ မရိုးသားသောအင်အားစုတို့သာ ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၉၀) သင်တန်းဆင်းပွဲကျင်းပ



**နေပြည်တော် မတ် ၁၇**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် (၉၀) ရဲသီဟတပ်ခွဲ သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၆ ရက်နံနက် ၇ နာရီ မိနစ် ၃၀ တွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရဲအရာရှိ လေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် အောင်ဝင်းဦးက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကို ခံယူပြီး သင်တန်းဆင်းတပ်ခွဲအား စစ်ဆေးခဲ့သည်။ ထို့နောက် ဒုတိယရဲအုပ်လောင်းများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုပြီး ရဲချုပ်က အကောင်းဆုံးကျောင်းသားဆုရ ကျောင်းသား အမှတ် (၈၄) ဒုတိယရဲအုပ်လောင်း ထွန်းအောင်ကျော်၊ ဥပဒေဘာသာရပ် ထူးချွန်ဆုနှင့် အင်္ဂလိပ်စာဘာသာရပ် ထူးချွန်ဆုရ ကျောင်းသား အမှတ် (၂၃၄) ဒုတိယရဲအုပ်လောင်း နှစ်သစ်ဖူး၊ လေ့ကျင့်ရေး ထူးချွန်ဆုရကျောင်းသား အမှတ် (၁၆၆) ဒုတိယရဲအုပ်လောင်း သူရ၊ ကွန်ပျူတာဘာသာရပ်ထူးချွန်ဆုရ ကျောင်းသား အမှတ် (၂၉၁) ဒုတိယရဲအုပ်လောင်း အေးအေးချမ်းတို့အား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ရဲချုပ်က အမှာစကား ပြောကြားရာတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ထမ်းဆောင်ကြရမည့်သူများ ဖြစ်သည်နှင့်အညီ ခေါင်းဆောင်မှု အရည်အသွေးများကို ကောင်းစွာ သိရှိနားလည်ပြီး လက်အောက်ငယ်သားများ၏ လေးစားလက်ခံယုံကြည်မှုရှိအောင် ကျင့်ကြံနေထိုင် လုပ်ကိုင်သွားရန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက် တာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် ၆ ရပ်ကို လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အဓိကဖြစ်သောကြောင့် အဆိုပါတာဝန်များကို ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်အစိုးရ၏ မူဝါဒ များနှင့်အညီ အလေးထား ဆောင်ရွက်သွားရန်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်သည် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးနှင့် လူမှုဘဝလုံခြုံရေးကို ထိခိုက်စေသည့်အပြင် ကြီးမားသော မှုခင်းများ၊ ဒုစရိုက်မှုများ ကျူးလွန်လာတတ်သည်ကို တွေ့ရှိရသည့်အတွက် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးကိုလည်း အလေးထား ဆောင်ရွက်ကြရန်၊ လုံခြုံရေးဆောင်ရွက်ရာတွင် အစွန်းရောက်အကြမ်းဖက်မှုအန္တရာယ် ကြီးမားလာသည်ကို သတိပြုပြီး လုံခြုံရေးအသိ၊ လုံခြုံရေးသတိများ အမြဲမပြတ်ထားရှိရန်၊ မှုခင်းကျဆင်းရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေးတွင် ပြည်သူ့အားကိုရယူပြီး ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် ထိရောက်အောင်မြင်မှုရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်၊ ရဲတပ်ဖွဲ့၏ကောင်းမွန်သည့် လုပ်ငန်းသမားစဉ်များ၊ ဆောင်ရွက်ရမည့် ကိုယ်စီတာဝန်များ၊ လိုက်နာရမည့် ကျင့်ဝတ်များနှင့်အညီ အလေးထားလုပ်ကိုင် နေထိုင်သွားပြီး နိုင်ငံတော်အတွက်၊ မိမိတပ်ဖွဲ့အတွက် ပေးအပ်လာသော တာဝန်များအား ဦးလည်မသုန် ထမ်းရွက်သွားမည် ဆိုသည့် ရည်မှန်းချက်များဖြင့် ရဲတပ်ဖွဲ့၏ဂုဏ်ကို မြှင့်တင်နိုင်အောင် ကြိုးပမ်းသွားကြရန် စသည်ဖြင့် တိုက်တွန်းမှာကြားသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ မီးသတ်သင်တန်းကျောင်း ဒုတိယကျောင်းအုပ်ကြီး၊ သင်တန်းဆင်း အရာရှိလောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းအရာရှိ အမျိုးသား ၁၉၀၊ အမျိုးသမီး ၁၀၉ ဦး စုစုပေါင်း ၂၉၉ ဦး တို့ကို သင်တန်းဆင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

## ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေစွာ နေထိုင်ခြင်းအသိပညာပေးဟောပြော

**မော်လမြိုင် မတ် ၁၇**

မွန်ပြည်နယ် မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် စာရေးကြီးကုန်းဓမ္မာရုံ၌ မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူးကာ ရာသီဥတုပြောင်းလဲခြင်းနှင့် လိုက်လျောညီထွေစွာ နေထိုင်ရေးအကြောင်းကို ဦးစီးအရာရှိ ဒေါ်ယဉ်ဝင်းထက်နှင့်အဖွဲ့များက အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။

**တက်ရောက်**

ဟောပြောပွဲတွင် သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်ရပုံ၊ ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်၊ သစ်တောထိန်းသိမ်းမှု အကျိုးကျေးဇူးနှင့် လူနေထိုင်မှုပုံစံများ ပြောင်းလဲရန်တို့ကို အသိပညာပေးဟောပြောရာ ရပ်ကွက်ပြည်သူ ၁၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်ထွဋ်(မော်လမြိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၇-၃-၂၀၁၈

ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | |
|---|---|
| ဒီဇယ် | ၇၉၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၅/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၃၀ ကျပ် (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၇ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၄ ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၆ ·၁ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၆၁ ·၅ |
| ထိုင်း | တစ်ဘတ် | ၄၂ ·၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၅ |
| တရုတ် | တစ်ယွမ် | ၂၁၁ ·၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ ·၄ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် New Colombo Plan afternoon tea အခမ်းအနားသို့ တက်ရောက်စဉ်။**

သတင်းစဉ်

✽ *ရွှေဖုံးမှ*

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား ဩစတြေးလျနေသဟာယနိုင်ငံ ပစိဖိတ်နှင့် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနဝန်ကြီး The Hon Concetta Fierravanti Wells ၊ ဩစတြေးလျနေသဟာယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသာအောင်ညွှန့်နှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာဩစတြေးလျနေသဟာယနိုင်ငံ သံအမတ်ကြီး Mr. Nicholas Coppel နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**ရောက်ရှိ**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ခေတ္တတည်းခိုမည့် The Intercontinental Hotel သို့ ရောက်ရှိကြသည်။

**မှတ်တမ်းတင် ဓာတ်ပုံရိုက်**

ထိုမှတစ်ဆင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် International Convention Centre သို့ရောက်ရှိပြီး ဩစတြေးလျနေသဟာယနိုင်ငံဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် International Convention Centre တွင် ဩစတြေးလျနေသဟာယနိုင်ငံဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်၊ အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ အာဆီယံအတွင်းရေးမှူးချုပ်တို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်



ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် New Colombo Plan afternoon tea အခမ်းအနားသို့ တက်ရောက်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် Counter – Terrorism Conference ပိတ်ပွဲ အခမ်းအနားနှင့် Ceremony of MoU on Counter - Terrorism လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**လက်မှတ်ရေးထိုး**

အခမ်းအနားတွင် အာဆီယံအတွင်းရေးမှူးချုပ် Dato Lim Jock Hoi နှင့် ဩစတြေးလျနေသဟာယနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး The Hon Julie Bishop တို့က Memorandum of Understanding on Counter - Terrorism ကို လက်မှတ်ရေးထိုးကြသည်။

**ဂုဏ်ပြုညစာစားပွဲ တက်ရောက်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဒေသစံတော်ချိန် ည ၇ နာရီတွင် ဩစတြေးလျနေသဟာယနိုင်ငံဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်က အာဆီယံနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

## လေဆိပ်သို့ ရောက်ရှိ

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ ဆစ်ဒနီမြို့ Kingsford အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြစဉ်။**

သတင်းစဉ်

# ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှုအခမ်းအနား နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် တက်ရောက်

**ရန်ကုန် မတ် ၁၇**

၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် ဆောင်ရွက်သော ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ဇနီး ဒေါ်စုစုလွင် တက်ရောက်အားပေးသည်။

ရှေးဦးစွာ အခမ်းအနားကို နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (**ယာပုံ**)






**နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှုအခမ်းအနားသို့ တက်ရောက်ကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမှာစကားပြောကြားရာတွင် ယနေ့ခေတ်သည် နည်းပညာများ တိုးတက်ခေတ်မီလာသည်နှင့်အညီ တစ်ဖက်မှလည်း လူ့အဖွဲ့အစည်း၏ လူမှုအသွင်သဏ္ဌာန် ပြောင်းလဲခြင်း အကျိုးရလဒ်များကို အားလုံး တွေ့မြင်ကြရမည်ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်ခြင်းများ အလွယ်တကူ ပြုမူလာကြသည်ကိုလည်း တွေ့ရှိရပါကြောင်း၊ လူငယ်လူရွယ်များအနေဖြင့်လည်း ခေတ်မီနည်းပညာများ အသုံးပြုနိုင်ခြင်းနှင့်အတူ မလိုလားအပ်သည့် ဆိုးကျိုးများကိုလည်း ကူးစက်စေနိုင်ပါကြောင်း၊ လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ မောင်းနှင်အားဖြစ်ပြီး အနာဂတ်နိုင်ငံတော်ကို ဦးဆောင်သွားမည့် သူများဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ စွမ်းအားစုဖြစ်သည့် လူငယ်များကို စနစ်တကျ ပြုစုပျိုးထောင်သွားရန် အင်မတန်မှ အရေးကြီးပါကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့်လည်း ဆက်စပ်ဝန်ကြီးဌာနများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၊ INGOs, NGOs များနှင့်အတူ ပူးပေါင်း၍ ကလေးသူငယ်အခွင့်အရေးများ ပြည့်ပြည့်ဝဝရရှိရေး၊ အမျိုးသမီးများ ၎င်းတို့၏ အခွင့်အရေးများသိရှိရေး အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် မူဝါဒများချမှတ်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲထုတ်ပြန်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ရေးလမ်းညွှန်များ ထုတ်ပြန်ခြင်းတို့ကို ခေတ်ကာလနှင့်အတူ လိုက်လျောညီထွေဖြစ်စေရေးအတွက် ဦးစားပေးလုပ်ငန်းများဆောင်ရွက်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂညီလာခံ ကွန်ဗင်းရှင်းနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်ပါကြောင်း၊ အမျိုးသမီးများသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အားကိုးအားထားပြုရသော လူသားစွမ်းအားစုများဖြစ်ပြီး လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအရေးပါသည့် အခန်းကဏ္ဍမှပါဝင်သည့်အတွက် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတိုင်းအတွက် အင်မတန်မှအရေးကြီးပါကြောင်း၊ နိုင်ငံတကာအစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှလည်း ဝိုင်းဝန်းအားပေး ဆောင်ရွက်နေသည်ကို ထင်ရှားစွာ တွေ့မြင်နိုင်ပါကြောင်း။

ယနေ့မြန်မာနိုင်ငံတွင် ဆေးရုံ၊ လမ်းဘေးများတွင် စွန့်ပစ်ခံကလေးငယ်များ များပြားလာသည်ကိုတွေ့ရှိရပြီး ပရဟိတဂေဟာများတွင်လည်း စောင့်ရှောက်ထားရှိသော မွေးကင်းစကလေးငယ်များ များပြားလာပါကြောင်း၊ ရပ်ကွက်၊ မြို့နယ်များတွင်လည်း မွေးကင်းစ ကလေးငယ်စွန့်ပစ်ခြင်းများ မကြာခဏ ကြားသိနေရပါကြောင်း၊ မွေးကင်းစ ကလေးငယ်များစွန့်ပစ်ခြင်းမှ ကာကွယ်



**နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်က မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ ဇနီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။** သတင်းစဉ်

တားဆီးရေးလုပ်ငန်းများသည် အမှန်တကယ်လိုအပ်နေသည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပါကြောင်း၊ စွန့်ပစ်ခံ မွေးကင်းစ ကလေးငယ်များကို စနစ်တကျပြုစုစောင့်ရှောက်ရေးသည် နိုင်ငံတော်အတွက် လိုအပ်သည့်လုပ်ငန်းတစ်ရပ် ဖြစ်ပါကြောင်း၊ စွန့်ပစ်ခံရသော ရင်ခွင်ပိုက်ကလေးငယ်များကို မိဘရင်ခွင်တွင် စောင့်ရှောက်ခံရသကဲ့သို့ စောင့်ရှောက်မှုရရှိရန်နှင့် နောက်ထပ် ရင်ခွင်မဲ့စွန့်ပစ်ခံကလေးငယ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် ကာကွယ်တားဆီးရေးသည်လည်း အလွန်အရေးကြီးလှပါကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေသီဆိုကြပြီး အနုပညာဦးစီးဌာနနှင့် ယဉ်ကျေးမှုတက္ကသိုလ်တို့မှ လူငယ်မောင်မယ်များက ယိမ်းအက၊ တိုင်းရင်းသားအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်ထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး၏ ဇနီး Mrs. Wang Xuehong က မြန်မာ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်နှင့် ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့်ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးလှုပ်ရှားမှုအတွက် ရန်ပုံငွေပေးအပ်လှူဒါန်းရာ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်စုစုလွင်နှင့် တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကာ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှုအဖြစ် အမှတ်တရ လက်မှတ်ရေးထိုးသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင်၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ၏ဇနီး ဒေါ်ခင်သက်ဌေး၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၏ဇနီး ဒေါက်တာရွှေလွမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် အခမ်းအနားကို ဆက်လက်ကျင်းပရာ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာမြသီတာက အရေးပေါ်သားဆက်ခြားနည်းကို ဟောပြောပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ “သန့်ရှင်းသောလက် ဆေးတစ်ခွက်” ခေါင်းစဉ်ဖြင့် ကျန်းမာရေးအသိပညာ ဟောပြောကာ တေးသံရှင်များနှင့် ပရဟိတအဖွဲ့များက ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှုနှင့် သက်ဆိုင်သည့် တေးသီချင်းများ၊ ပညာပေးပြဇာတ်၊ တေးသရုပ်ဖော်တို့ဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယနေ့ကျင်းပသည့် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှု အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ကြီးမှူးကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်စုစုလွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှုအခမ်းအနား၌ ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုစဉ်။** သတင်းစဉ်



**ဒုတိယသမ္မတ ဦးမြင့်ဆွေ Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး ဖွင့်ပွဲအခမ်းအနား တက်ရောက်စဉ်။** သတင်းစဉ်



**Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။** သတင်းစဉ်

▲ *ကျောဖုံးမှ*

ပူးတွဲ သဘာပတိဖြစ်သည့် Crans Montana Forum ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ သံအမတ်ကြီး Mr.Jeam-Paul Carteron က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက မိန့်ခွန်း ပြောကြားရာတွင် မိမိအနေဖြင့် Dakhla မြို့၌ ကျင်းပပြုလုပ်သည့် Crans Montana Forum သို့ ပထမဆုံးအကြိမ် ပါဝင်တက်ရောက်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဖိတ်ကြားခဲ့သည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် နွေးထွေးပျူငှာစွာကြိုဆိုပြီး ဧည့်ဝတ်ကျေပွန်မှုများအတွက် ဖိုရမ်စီစဉ်သူများနှင့် မော်ရိုကို အစိုးရတို့ကို ကျေးဇူးတင်ရှိပါကြောင်း။

**စီးပွားရေးဆက်ဆံမှုများခိုင်မြဲစေရေး**

နှစ်နိုင်ငံ ဆက်ဆံရေးနှင့်ပတ်သက်၍ ယခုနှစ်သည် မြန်မာနိုင်ငံနှင့် မော်ရိုကိုနိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ် (၄၀) ပြည့်မြောက်သည့် နှစ်ပတ်လည် ဖြစ်ပါကြောင်း၊ မော်ရိုကိုနိုင်ငံအပါအဝင် အခြားမိတ်ဆွေ အာဖရိကနိုင်ငံများနှင့် ဆက်ဆံရေး၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ခိုင်မြဲလိုသည့်အတွက် ဖိုရမ်သို့ ပါဝင်တက်ရောက်ခြင်း ဖြစ်ပါကြောင်း၊ ယခုဖိုရမ်အနေဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများက ရင်ဆိုင်နေရသော စိန်ခေါ်မှုများအပေါ် အမြင်ချင်းဖလှယ်နိုင်ပြီး အာဖရိကဒေသနှင့် ကမ္ဘာ့နိုင်ငံများအကြား အထူးသဖြင့် အာရှဒေသနှင့် ကုန်သွယ်မှု၊ စီးပွားရေး ဆက်ဆံမှုများ ခိုင်မြဲစေရေးအတွက် နည်းလမ်းများကို ရှာဖွေနိုင်မည်ဟု မျှော်လင့်ပါကြောင်း။

မိမိတို့အားလုံးတွင် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောမှုတို့ ရှိကြသည့် ကောင်းမွန်သော ကမ္ဘာကြီး၌ နေထိုင်သွားလိုသည့် ဘုံရည်မှန်းချက် တစ်ရပ်ရှိကြပါကြောင်း၊ သို့ရာတွင် ကမ္ဘာကြီးသည် လူသားတို့က ဖန်တီးသည့် လက်နက်ကိုင် ပဋိပက္ခ၊ ဆင်းရဲနွမ်းပါးမှု၊ ငတ်မွတ်မှု၊ ရွှေ့ပြောင်းအခြေချမှု၊ ရာသီဥတုပြောင်းလဲမှု၊ အလုပ်လက်မဲ့ဖြစ်မှု၊ အကြမ်းဖက်မှုနှင့် အစွန်းရောက်မှု၊ ဆိုက်ဘာလုံခြုံရေးနှင့် နျူကလီးယား စစ်ပွဲ ခြိမ်းခြောက်မှု စသည့်စိန်ခေါ်မှုများကို ရင်ဆိုင်ရလျက်ရှိကြောင်း၊ ယင်းစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် စုပေါင်းကိုင်တွယ်ဖြေရှင်းရမည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိသော လမ်းကြောင်းသာလျှင် မိမိတို့ မျှော်လင့်ထားသည့် ကမ္ဘာကြီးကို တွေ့မြင်နိုင်ရန် အကောင်းဆုံး နည်းလမ်းပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ အာဖရိကနိုင်ငံများအနေဖြင့် ဆင်းရဲနွမ်းပါးမှု အဆုံးသတ်ရေး၊ ကမ္ဘာကြီးကို ကာကွယ်ရေး၊ သာယာဝပြောမှု ရှိရေးကို ဖော်ဆောင်ရန် ရည်ရွယ်ပြီး အတည်ပြုပြဋ္ဌာန်းခဲ့သည့် (New Partnership for Africa's Development - NEPAD) နှင့် အာဖရိက 2063 Agenda တို့ကို ချမှတ်ဆောင်ရွက်မှုအပေါ် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဖရိကနိုင်ငံများနှင့် ခိုင်မြဲစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းပြောကြားလိုကြောင်း။

**ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ**

မိမိတို့ဒေသ၌မှ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံသည် စီးပွားရေးအသိုက်အဝန်း တစ်ခုကို ၂၀၁၅ ခုနှစ်၌ အောင်မြင်စွာ ထူထောင်နိုင်ခဲ့ပြီး ASEAN Community Vision 2015 ကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် Bay of Bengal Initiative for Multi-Sectoral Technical and Economic Cooperation (BIMSTEC) နှင့် Greater Mekong Subregion (GMS) စသည့် ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ဘက်စုံထောက်ပံ့ပေးမည့် စီးပွားရေးစင်္ကြံများ၌လည်း ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၁ ရာစုတွင် အာရှနှင့် အာဖရိကဒေသတို့သည် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ထွန်းကားရာဒေသကြီးတို့ ဖြစ်ပါကြောင်း၊ South- South Cooperation မှတစ်ဆင့် အပြန်အလှန် အကျိုးဖြစ်ထွန်းရေးအတွက် အလားအလာကောင်းသော ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များ ရှိပါကြောင်း။

မြန်မာနိုင်ငံသည် ၁၉၅၅ ခုနှစ်တွင် ကျင်းပခဲ့သည့်ဘန်ဒေါင်း (Bandung) ညီလာခံဟု လူသိများသည့် သမိုင်းဝင် အာရှ-အာဖရိက ညီလာခံကို စီစဉ်ကျင်းပသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သကဲ့သို့ လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်ကျော်က အာရှနှင့် အာဖရိကနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သွေးစည်းညီညွတ်မှုတို့ကို တည်ဆောက်ရာတွင် ဦးဆောင်နိုင်ငံများထဲမှ တစ်နိုင်ငံ ဖြစ်ပါကြောင်း၊ ထိုအချိန်က ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်သည် အာရှနှင့်အာဖရိကဒေသရှိ နိုင်ငံအချို့ကိုလိုနီဘဝမှ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အာဖရိကနိုင်ငံများသည် ကာလကြာရှည်စွာခိုင်မြဲသည့် ဆက်ဆံရေးရှိသည့် နိုင်ငံများ ဖြစ်သည့်အလျောက် သွေးစည်းညီညွတ်မှု၊ ခင်မင်ရင်းနှီးမှုရှိသည့် ဆက်ဆံရေး ပိုမိုကောင်းမွန်လာရေးအတွက် လည်းကောင်း၊ ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်ရေး နည်းလမ်းများ ရှာဖွေရန်အတွက် လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မိမိတို့ အစိုးရအနေဖြင့် ဆယ်စုနှစ်ခုနစ်ခုခန့် ကြာမြင့်ခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်ပြီး ပြည်သူလူထုကို ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် သာယာဝပြောမှုကို အာမခံပေးမည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်ရန် ရည်ရွယ်ချက်ဖြင့် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးအတွက် ဦးစားပေး ဆောင်ရွက်နေပါကြောင်း၊ သိသာထင်ရှားသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအတွက် တံခါးဖွင့်ထားပါကြောင်း။

ယနေ့ဖိုရမ်သည် အာဖရိကတိုက်၏ စည်းလုံးညီညွတ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုခိုင်မာစေရုံသာမက အာရှနှင့် အာဖရိကအကြား ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်ပေးမည် ဖြစ်ပါကြောင်း၊ စီးပွားရေးနှင့် ပညာရေးတွင် နှစ်ဖက်သော ပြည်သူလူထုများအကြား ချိတ်ဆက်ဆောင်ရွက်နိုင်မှုကို မြှင့်တင်သွားရန်အတွက် အတူလက်တွဲ ကြိုးပမ်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

ယခုကဲ့သို့ အရေးပါလှသည့် ဖိုရမ်ကို ကျင်းပပေးသည့်အတွက် မော်ရိုကိုနိုင်ငံ၏ ဘုရင်မင်းမြတ်ကို ကျေးဇူးအထူးတင်ရှိပါကြောင်း၊ လာမည့်ရက်များအတွင်း မိမိတို့ ဘုံအကျိုးစီးပွားအတွက် ကိစ္စရပ်ပေါင်းများစွာ၌ ပူးပေါင်းဆွေးနွေးခြင်းဖြင့် မိမိတို့ လိုချင်သည့်အနာဂတ်ကို ပုံသွင်းရာတွင် ရင်ဆိုင်ရမည့် စိန်ခေါ်မှုများကို ပိုမိုနားလည်နိုင်အောင် ကူညီပေးနိုင်မည်ဟု အခိုင်အမာယုံကြည်ပါကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံ၏ စီးပွားရေး မျက်နှာစာသစ်တွင် အာဖရိကမိတ်ဆွေများနှင့် ကျန်ကမ္ဘာ့နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် လမ်းခင်းသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် စီးပွားရေးကောင်စီအဖွဲ့ဝင်များ၊ မိတ်ဖက်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့်အတူ အလုပ်သဘော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

**ပင်လယ်ရေကြောင်းကုန်သွယ်ရေး**

ထို့နောက် ပင်လယ်ရေကြောင်း ကုန်သွယ်ရေး၊ ငါးလုပ်ငန်းနှင့် အာဖရိကဒေသ အစာအာဟာရ ဖူလုံရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးပွဲများသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် မော်ရိုကိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်လွင်တို့ တက်ရောက်ဆွေးနွေးကြသည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မတ် ၁၅ ရက် ညပိုင်းတွင် Dakhla ပြည်နယ်အုပ်ချုပ်ရေးမှူး Mr. Lamine Benomar က Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးသို့ တက်ရောက်လာကြသည့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအကြီးအကဲများအား ပြည်နယ်အုပ်ချုပ်ရေးမှူး အိမ်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

မြန်မာနှင့် မော်ရိုကိုနှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှု ထူထောင်ခဲ့သော ပူးတွဲကြေညာချက်ကို ၁၉၇၈ ခုနှစ် ဇူလိုင်လ ၃၁ ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး မော်ရိုကိုနိုင်ငံသည် မြန်မာနိုင်ငံ၏ (၆၁)နိုင်ငံမြောက် သံတမန်အဆက်အသွယ် ထူထောင်သော နိုင်ငံဖြစ်သည်။ မော်ရိုကိုနိုင်ငံသည် အာဖရိက အနောက်မြောက်အစွန်ဆုံးတွင် တည်ရှိပြီး မြောက်ဘက်တွင် မြေထဲပင်လယ်၊ အနောက်ဘက်တွင် အတ္တလန်တိတ်သမုဒ္ဒရာတို့ ဝန်းရံထားသည့် ကုန်သွယ်ရေး အချက်အချာကျသည့် နေရာ၌ တည်ရှိသော နိုင်ငံငယ်ဖြစ်ကြောင်း သိရသည်။

**စတုတ္ထအကြိမ်ကျင်းပ**

Crans Montana Forum ကို Swiss Non- Governmental International Organization တစ်ခုအဖြစ် ၁၉၈၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပြီး Crans Montana Forum ကို ခေါင်းစဉ်များခွဲ၍ ကျင်းပလျက်ရှိရာ Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးကို မော်ရိုကိုနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ စတင်ကာ နှစ်စဉ်ဆက်တိုက် ကျင်းပခဲ့ရာ ယခု ၂၀၁၈ ခုနှစ်သည် စတုတ္ထအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ယခုဖိုရမ်ကို ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု မူဘောင်ကို အခြေခံပြီး စည်းလုံးညီညွတ်မှု တိုးတက်ကောင်းမွန်စေရေး၊ ဒေသတွင်းစီးပွားရေး၊ လူမှုဘဝနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရေး၊ ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု တိုးပွားစေရေးကို ရည်ရွယ်ပြီး ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



**ဒုတိယသမ္မတ ဦးမြင့်ဆွေ Dakhla ပြည်နယ်အုပ်ချုပ်ရေးမှူးက Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးသို့ တက်ရောက်လာကြသည့် မိတ်ဖက်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအကြီးအကဲများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်စဉ်။** သတင်းစဉ်

❖ *ကျောဖုံးမှ*

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် လွယ်မွေမြို့သို့ ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ နှစ် ၁၀၀ သက်တမ်းရှိ အိမ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ပေါင်းစပ်ဖြည့်ဆည်းပေး**

ဆက်လက်၍ ဒုတိယသမ္မတသည် လွယ်မွေရွာသစ်နှင့် ပန်ဝိုင်ရွာတို့မှ ဒေသခံ ပြည်သူလူထုနှင့် တွေ့ဆုံ၍ ဒေသ၏ လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့သည်။

လွယ်မွေမြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၅၅၄၀ မှ ၆၀၁၂ ပေအထိ မြင့်သော တောင်ကုန်းတောင်တန်းပေါ်တွင်တည်ရှိပြီး ကျိုင်းတုံမြို့မှ လွယ်မွေမြို့သို့ မိုင် ၂၀ ခန့် ကွာဝေးကာ လွယ်မွေမြို့၏ ရာသီဥတုသည် တစ်နှစ်ပတ်လုံးတွင် ကိုးလခန့် မြူနှင်းများဖြင့် အေးမြလျက်ရှိပြီး ဥတုသုံးလီတွင် ဆောင်းရာသီကာလ ကြာရှည်သော မြို့ဖြစ်သည်။

**ခရီးသွားဧည့်သည်များ လည်ပတ်ရာဒေသ**

ယခုအခါ လွယ်မွေဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်မှ ဆောင်ရွက်လျက်ရှိပြီး ရှမ်းပြည်နယ် အရှေ့ပိုင်း၏ နိုင်ငံခြားသားခရီးသွား ဧည့်သည်များ လာရောက်လည်ပတ်ရာ ဒေသတစ်ခုအဖြစ် ရောက်ရှိနေပြီ ဖြစ်ကြောင်း သိရသည်။

**ကျိုင်းတုံဓာတ်အားခွဲရုံ**

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကျိုင်းတုံဓာတ်အားခွဲရုံ တည်ဆောက်ခြင်း စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းမန်နေဂျာ ဦးမင်းနိုင်က လက်ရှိဆောင်ရွက်နေသည့် စီမံကိန်းအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ဓာတ်အားလိုင်း တည်ဆောက်လျက်ရှိ**

ရှမ်းပြည်နယ် အရှေ့ပိုင်းသို့ နိုင်ငံတော်ဓာတ်အား စနစ်မှ ဓာတ်အား ပို့လွှတ်ရန် ၂၃၀ ကေဗွီ နမ့်စန်-မိုင်းပျဉ်း-ကျိုင်းတုံ ဓာတ်အားလိုင်းတည်ဆောက်လျက်ရှိရာ ကျိုင်းတုံဓာတ်အားခွဲရုံ တည်ဆောက်ခြင်း စီမံကိန်းကို ၂၀၁၈ ခုနှစ် နိုဝင်ဘာလတွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့ သည် ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ ဆေးကုသမှု ခံယူနေသည့် လူနာများအား တွေ့ဆုံ အားပေး၍ ထောက်ပံ့ငွေများ ပေးအပ်သည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျိုင်းတုံမြို့ ပန်ဝိုင်ရွာ၌ ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် အဖွဲ့ လွယ်မွေမြို့ နှစ် ၁၀၀ သက်တမ်းရှိ အိမ်ရှေ့၌ ဒေသခံတိုင်းရင်းသား ၊ တိုင်းရင်းသူများနှင့် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျိုင်းတုံမြို့ နောင်ကန်အနာကြီးရောဂါကုသရေးဌာနရှိ လူနာများနှင့် မိဘမဲ့ကလေးများအတွက် အလှူငွေပေးအပ်စဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် ဗီယက်နမ်နိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် မတ် ၁၇

**ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ အလုပ်သဘော လေ့လာရေးခရီး သွားရောက်ခဲ့သော နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၇ ရက် နံနက်ပိုင်းတွင် Ho Chi Minh မြို့မှ လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။**



**ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ**

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၃ ရက်တွင် Quang Ninh ပြည်နယ် ပြည်သူ့ကော်မတီအကြီးအကဲ Ms. Vu Thi Thu Thuy၊ မတ် ၁၄ ရက်တွင် Nha Trang ပြည်နယ် ပြည်သူ့ကော်မတီအကြီးအကဲ Mr. Nguyen Duy Bac ၊ မတ် ၁၆ ရက်တွင် Ho Chi Minh City ပြည်သူ့ကော်မတီအကြီးအကဲ Mr. Vo Van Hoan တို့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက် ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်နှင့် မန္တလေး နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် မတ် ၁၇**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ရွာမည်။

ကချင်ပြည်နယ်တွင် နေရာကျဲကျဲ ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

**တိမ်အသင့်အတင့် ဖြစ်ထွန်းမည်**

နေပြည်တော် မတ် ၁၇

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေမည်။

**မိုး/ဇလ**

# စာပေဆုချီးမြှင့်ခြင်းအားဖြင့် စာပေကို ချီးမြှင့်ရာရောက်သကဲ့သို့ စာရေးသူများကိုလည်း ချီးမြှင့်ရာရောက်

ရန်ကုန် မတ် ၁၇

**ထွန်းဖောင်ဒေးရှင်း (၂၀၁၇) စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရန်ကင်းမြို့နယ် မြန်မာနိုင်ငံဘဏ်များအသင်း၊ ဗမ္ဗူရစ်ရွှေစင်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် စာပေဖွံ့ဖြိုးတိုးတက်ခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရင်းခံကိစ္စတစ်ခု ဖြစ်သည်ဟု မိမိတို့ခံယူပါကြောင်း၊ မိမိတို့တိုင်းပြည်တွင် စာဖတ်သူနည်းပါးနေသေးသည်ဟု ပြောလေ့ရှိကြပါကြောင်း၊ လူငယ်များ စာမဖတ်ကြဘူးဟု ပြောကြ ဆိုကြသည်များ ရှိပါကြောင်း၊ ယင်းမှာ တစ်စိတ်တစ်ဒေသ မှန်သင့်သလောက်မှန်ပါသော်လည်း လုံးလုံးလျားလျားတော့ မဟုတ်ပါကြောင်း၊ မြန်မာပြည်တွင်လူငယ်များရော၊ လူကြီးများပါ စာပေဖတ်ရှုသင့်သလောက် ဖတ်ရှုကြသည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာနှင့်နှိုင်းယှဉ်လျှင်၊ အချို့တိုင်းပြည်များနှင့် နှိုင်းယှဉ်လျှင် အားနည်းကောင်းနည်းပါးမည် ဖြစ်သော်လည်း စာအုပ်စာပေကို စိတ်ဝင်စားပြီး ဖတ်ရှုမှုတော့ရှိသည်ဟု ပြောလိုပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် ထွန်းဖောင်ဒေးရှင်းတစ်သက်တာစာပေဆုရ ဒေါက်တာတင်လှိုင် (ဘိုးလှိုင်)အား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

## စာပေကို ချီးမြှင့်ရာရောက်

စာကောင်းပေမွန်များပေါ်ထွက်ရန် ယခုကဲ့သို့ စာပေဆုများ ချီးမြှင့်သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ၏ ပံ့ပိုးကူညီမှုမှာ အလွန်အရေးကြီးသည်ဟု မြင်ပါကြောင်း၊ ဆုချီးမြှင့်ခြင်းအားဖြင့် စာပေကို ချီးမြှင့်ရာရောက်သကဲ့သို့ စာရေးသူများကိုလည်း ချီးမြှင့်ရာရောက်ပါကြောင်း။

## အသက်မွေးဝမ်းကျောင်းပြုနေခြင်း မဟုတ်သည့် စာပေဖန်တီးသူများ

ယနေ့ ဆုရသူများစာရင်းကို ကြည့်မည်ဆိုလျှင် တကယ် စာပေအရ တန်ဖိုးရှိ၍ ဆုချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်များ ဖြစ်ပါကြောင်း၊ စာရေးခြင်းအလုပ်သက်သက်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ နည်းနည်းပါးပါး ပါကောင်းပါမည်ဖြစ်သော်လည်း တော်တော်များများသည် စာကိုရေးချင်၍ ရေးသားနေကြသူများဖြစ်ပါကြောင်း၊ သဘောမှာ စာဖြင့် သက်သက် အသက်မွေးဝမ်းကျောင်းပြုနေခြင်း မဟုတ်သည့် စာပေဖန်တီးသူများဖြစ်ပါကြောင်း၊ ထိုပုဂ္ဂိုလ်မျိုးများလည်း ဒီခေတ်တွင်



ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီနာယက ဦးသိန်းထွန်း စီးပွားရေးဘာသာရပ်ဆုအတွက် ဆုရရှိသူ ဆရာ သတိုးလွင် (ပထဝီဝင်) အား ဆုပေးအပ်ချီးမြှင့်စဉ်။ သတင်းစဉ်

တော်တော်များများ ပေါ်ပေါက်လာပါကြောင်း။

ကဏ္ဍပေါင်းစုံမှ စာအုပ်အသစ်များ အများကြီးထွက်လာသည့်အတွက် မိမိတို့ မြန်မာစာပေသည် ပိုပြီးကြွယ်ဝ ပြည့်စုံလာသည်ဟု မြင်ပါကြောင်း၊ ဒီကနေ့တွင် ဖတ်သင့်ဖတ်ထိုက်သော စာအုပ်များ၊ သိသင့်သိထိုက်သည့် စာအုပ်များ၊ ဘာသာရပ်နှင့် ပတ်သက်သည့် စာအုပ်စာတမ်းများ တော်တော်စုံစုံလင်လင်ထွက်လာသည်ကို တွေ့ရပါကြောင်း၊ မိမိတို့စာပေဖွံ့ဖြိုးတိုးတက်နေသည့် သဘောဖြစ်ပါကြောင်း၊ ယခုလိုဖွံ့ဖြိုးတိုးတက်ရန်အတွက် စာပေဆုချီးမြှင့်သည့် ပုဂ္ဂိုလ်များ၏ ကဏ္ဍသည် အများကြီးပါဝင်ပါကြောင်း။

## စီစဉ်ခင်းကျင်းပေးထား

စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး၊ စာအုပ်ဈေးကွက်ကို လူအများစိတ်ဝင်စားရေးအတွက် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အဆောက်အအုံတည်ရှိရာ စာအုပ်လမ်းတစ်ခုကိုလည်း စာအုပ်သမားများနှင့်တွဲပြီး ဖွင့်လှစ်ပေးထားပါကြောင်း၊ ထိုစာအုပ်လမ်းမှာ စာအုပ်သမားများ၊ စာအုပ်ဆိုင်နေရာခက်ခဲသူများအတွက် အဆင်ပြေရန်နှင့် စာဖတ်သူ၊ စာအုပ်ဝါသနာပါသူများ စာအုပ်များစွာကို တစ်စုတစ်ဝေးတည်းတွေ့ရရန်အတွက် စီစဉ်ခင်းကျင်းပေးထားခြင်း ဖြစ်ပါကြောင်း။

ဒီစာအုပ်လမ်းသည် ရန်ကုန်သို့ရောက်လာသည့် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လည်ပတ်သည့် နေရာတစ်ခုဖြစ်အောင် မိမိတို့ စီစဉ်ဆောင်ရွက်ပေးနေပါကြောင်း၊ အလားတူ အခြားစာပေနှင့် ပတ်သက်သည့်ပွဲများဖြစ်သည့် ကလေးစာပေပွဲတော်၊ လူငယ်နှင့်ပတ်သက်သည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်များကိုလည်း ပြုလုပ်ပေးလျက်ရှိပါကြောင်း၊ ထို့ပြင် စာတမ်းဖတ်ပွဲများ ကျင်းပပေးလျက်ရှိပါကြောင်း၊ မကြာမီတွင်လည်း တောင်ကြီးမြို့တွင် တိုင်းရင်းသားလူမျိုးစုများ၏ စာပေများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားလူမျိုးစုစာပေဆိုင်ရာ စာတမ်းဖတ်ပွဲ၊ စာအုပ်စာပေပြပွဲ၊ ယဉ်ကျေးမှုပစ္စည်းပြပွဲနှင့် အခြားဆက်စပ်အစီအစဉ်များ ကျင်းပရန်ရှိပါကြောင်း။

စာပေစကားဝိုင်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ ရှိပါကြောင်း၊ ၎င်းမှဆက်စပ်ပြီး အမြို့မြို့အနယ်နယ်တွင် အသိအမြင်ကြွယ်ဝသည့်၊ စာဖတ်သည့် ရပ်ရွာ၌ အသိဉာဏ်အရ ဦးဆောင်နိုင်သောသူများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ အဲဒီလို အရည်အသွေးတိုးတက်လာမည်ဆိုလျှင် တစ်ဖက်တွင်လည်း စာပေဆုချီးမြှင့်သည့်နေရာတွင် သူတို့၏အသံများ၊ တင်ပြလာမှုများက ဘယ်စာအုပ်ကို ချီးမြှင့်သင့်သည်ဆိုသည်ကို ဆုရွေးချယ်ရေးအဖွဲ့များထံ အကြံဉာဏ်ပေးနိုင်သည့်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာမည် ဖြစ်ပါကြောင်း။

စာရေးသူများကလည်း စာအုပ်စာတမ်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ တီထွင်ဖန်တီးရေးသားမည်၊ ဆုချီးမြှင့်သူများကလည်း ဆုချီးမြှင့်ကြမည်၊ ဖတ်ရှုသူများကလည်း စာကို အလေးအနက်ဖတ်ပြီး ဝေဖန်သုံးသပ်အားပေး ချီးမြှောက်မည် စသည်ဖြင့် ယခုလိုတုံ့ပြန်မှုများ ရှိလာမည်ဆိုလျှင် တဖြည်းဖြည်းနှင့် မြန်မာစာအုပ်လောကသည် ပိုပြီးရှင်သန်ဖွံ့ဖြိုးမည်ဟု ယုံကြည်ပါကြောင်း။

## ပြောင်မြောက်သည့် စာပေများ ဖန်တီး

ယနေ့ပွဲတွင် အဓိကပုဂ္ဂိုလ်များမှာ ဆုရရှိသူများ ဖြစ်ပါကြောင်း၊ ထိုပုဂ္ဂိုလ်များအားလုံးကို ချီးကျူးပါကြောင်း၊ ဝမ်းသာပါကြောင်း၊ မုဒိတာပွားပါကြောင်း၊ ယနေ့ စာပေဆုချီးမြှင့်ခြင်းသည် စာရေးသူများကို အမြင့်မားဆုံး အားပေးခြင်းဟု မြင်ပါကြောင်း၊ ထို့ကြောင့် ဆက်လက်ပြီး စာပေဆုများ ချီးမြှင့်ပေးပါ၊ စာရေးသူများကလည်း ယခုလိုအားပေးမှုကို ခံယူပြီးနောက် ထိုထက်မက ပိုမိုကောင်းမွန်ပြည့်စုံသည့်၊ ပြောင်မြောက်သည့် စာပေများ ဖန်တီးပေးကြပါဟု မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီနာယက ဦးသိန်းထွန်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေး ကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး (မောင်ခင်မင်- ဓနုဖြူ)က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကို တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်က ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်) နှင့် ဒေါက်တာတင်လှိုင် (ဘိုးလှိုင်) တို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

## ဆုများ ပေးအပ်ချီးမြှင့်

ဆက်လက်၍ စီးပွားရေးဘာသာရပ်ဆုအတွက် "ယနေ့ခေတ်စား ခရီးသွားစီးပွား"စာအုပ်ရေးသားသူ ဆရာသတိုးလွင် (ပထဝီဝင်)နှင့် ကျန်းမာရေးဘာသာရပ်ဆုအတွက် "ဆီးချိုသွေးချိုရောဂါနှင့် မြန်မာ့ဓလေ့အစားအစာ"စာအုပ်ရေးသားသူ ဒေါက်တာလှကြည် (အာဟာရဆရာဝန်ကြီး) တို့ကို ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီနာယက ဦးသိန်းထွန်းက လည်းကောင်း၊ သမိုင်းဘာသာရပ်ဆုအတွက် "ဂျဝါဟာလားနေရူး၏ လျှပ်တစ်ပြက်ကမ္ဘာ့သမိုင်း (ခေတ်သစ်အပိုင်း)" စာအုပ်ကို ဘာသာပြန်ဆိုသူ ဆရာဘိုးလှိုင်နှင့် အတ္ထုပ္ပတ္တိဆုအတွက် "အမေနဲ့ ကျွန်တော်" စာအုပ်ရေးသားသူ ပါမောက္ခ ခင်မောင်ဝင်း (အသည်း)ကိုယ်စား ဦးတင်နွယ် တို့ကို ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး (မောင်ခင်မင်- ဓနုဖြူ) က လည်းကောင်း၊ အတ္ထုပ္ပတ္တိ( အင်္ဂလိပ်) ဘာသာရပ်ဆုအတွက် " Reflections of a Director – general (Medical Research)" စာအုပ်ရေးသားသူ ဆရာဒေါက်တာ အောင်သန်းဘတုနှင့် ဆရာ ဒေါက်တာ အောင်ကြီး၊ ယဉ်ကျေးမှုဘာသာရပ်ဆုအတွက် "တစ်ကုဋေတန်သော ပတ်မချက် (မြန်မာ့အနုသုခုမဆောင်းပါးများ)" ရေးသားသူဆရာ သိန်းသန်းဝင်း (မလှိုင်)တို့ကို ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီဝင် ဒေါက်တာဦးမြင့်က လည်းကောင်း၊ ရှေးဟောင်းကျမ်း ဘာသာရပ်ဆုအတွက် " ပြည်သူ့ကြေးမုံနန်းမှုရိပ်မြုံ စစ်တမ်းစာရင်းနှင့် မင်းခမ်းစာတမ်း(မိတ်ဆက်၊ နိဒါန်း၊ နိဂုံး၊ ဖြည့်စွက်)" စာအုပ်ရေးသားသူ ဆရာထွန်းရီ (ရှေးဟောင်းသုတေသီ)နှင့် ရည်ညွှန်းကျမ်း ဘာသာရပ်ဆုအတွက် "မြန်မာဥပဒေဝေါဟာရ အဘိဓာန်သစ်" စာအုပ်ရေးသားသူ ဆရာဦးသန်းထိုက်တို့ကို ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင် ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး)က လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်ဆုအတွက် "သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ"စာအုပ်ရေးသားသူ ဆရာသိပ္ပံစာရေးဆရာ ကိုကိုအောင်နှင့် လူငယ်ဘာသာရပ်ဆုအတွက် "ပျော်ရွှင်ခြင်း" စာအုပ် ရေးသားသူ ဆရာကျော်ကျော်လှိုင်တို့ကို ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင် ဦးတင်ခ (တက္ကသိုလ်တင်ခ)က လည်းကောင်း၊ သမိုင်း (အင်္ဂလိပ်) ဘာသာရပ်ဆုအတွက် "Thaton Chronicle" စာအုပ်ကို ဘာသာပြန်ဆိုသူ ဆရာဒေါက်တာစောမရအောင်နှင့် စာပဒေသာဘာသာရပ်ဆုအတွက် "အတိတ်၊ လူ၊ ပုံရိပ်နှင့် စာအုပ်များ" ရေးသားသူ ဆရာသင့်နော်တို့ကို ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီဝင်ဦးအေးလွင်ကလည်းကောင်း၊ စာပဒေသာဘာသာရပ်ဆုအတွက် "မန္တလေးသို့ သွားနေသည်နှင့် အခြားအတွေးစာစုများ" စာအုပ်ရေးသားသူ ဆရာမ မနှင်းဖွေးနှင့် ကျန်းမာရေးဘာသာရပ်ဆုအတွက် "ပြည်သူ့အတွက် ကျန်းမာရေးဗဟုသုတ" စာမူရေးသားသူ ဆရာဦးသိန်းဆွေတို့ကို ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီဝင် ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်က လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဘာသာရပ်ဆုအတွက် "ဒေါက်တာ ရွှေခဲ" စာမူရေးသားသူ ဆရာချိုးငှက် (သံတွဲ)ကို ထွန်းကော်မာရှယ်ဘဏ် အမှုဆောင် ဒါရိုက်တာ ဦးရွှေလှက လည်းကောင်း၊ ရှေးဟောင်းကျမ်းဘာသာရပ်ဆုအတွက် "မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းများသမိုင်း" စာမူရေးသားသူ ဒေါက်တာစိန်မြင့်ကို ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီဝင် ဒေါက်တာကျော်ဝင်းက လည်းကောင်း၊ ကလေးဘာသာရပ်ဆုအတွက် "အလှကမ္ဘာမြေ (ကလေးကဗျာများ)" စာမူရေးသားသူဆရာ နန္ဒာမိုးကြယ်ကို ထွန်းဖောင်ဒေးရှင်းစာပေဆုရွေးချယ်ရေးကော်မတီဝင် ဒေါက်တာဒေါ်ခင်အုန်းသန့်က လည်းကောင်း၊ ယဉ်ကျေးမှုဘာသာရပ်ဆုအတွက် "မြန်မာ့ယဉ်ကျေးမှုနယ်ပယ်က ထီးများ" စာမူရေးသားသူ ဆရာနန္ဒာမင်းလွင်ကို ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီဝင် ဒေါက်တာဦးစန်းဝင်းက လည်းကောင်း၊ သုတပဒေသာဘာသာရပ်ဆုအတွက် "လူတိုင်းသိရှိ နားလည်ထားသင့်သည့် လူ့အခွင့်အရေး" စာမူရေးသားသူ ဒေါက်တာခိုင်ခိုင်ဝင်းကို ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီဝင် ဒေါ်ရင်ရင်လေးက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ထွန်းဖောင်ဒေးရှင်းစာပေကော်မတီနာယက ဦးသိန်းထွန်းက ထွန်းဖောင်ဒေးရှင်းစာပေဆု ရွေးချယ်ရေးကော်မတီဝင်များကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဆုရွေးချယ်ရေးကော်မတီဝင်များနှင့် စာပေဆုရရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

## တစ်သက်တာစာပေဆု

ထွန်းဖောင်ဒေးရှင်းသည် မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရေး၊ စာကောင်းပေမွန်များ ပေါ်ထွန်းလာစေရေးနှင့် စာဖတ်ပရိသတ်တိုးပွားရေးတို့ကိုရည်ရွယ်လျက် ထွန်းဖောင်ဒေးရှင်း စာပေဆုများကို ၂၀၀၆ ခုနှစ်မှစတင်၍ လည်းကောင်း၊ ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုကို ၂၀၀၉ ခုနှစ်မှ စတင်၍လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းတစ်သက်တာစာပေဆု နှစ်ဆု၊ စာအုပ်ဆု ၁၃ ဆုနှင့် စာမူဆု ခြောက်ဆုချီးမြှင့်ခဲ့သည်။ ထွန်းဖောင်ဒေးရှင်းတစ်သက်တာစာပေဆု တစ်ဆုအတွက် ငွေကျပ်သိန်း ၂၀ နှင့် ရွှေတံဆိပ်၊ စာအုပ်ဆုတစ်ခုအတွက် ငွေကျပ် ၁၅ သိန်းနှင့် ရွှေတံဆိပ်၊ စာမူဆုတစ်ခုအတွက် ငွေကျပ် ခုနစ်သိန်းပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ထွန်းဖောင်ဒေးရှင်းစာပေဆုချီးမြှင့်သည်မှာ ယခုဆိုလျှင် (၁၂) ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ အလုပ်အမှုဆောင်အဖွဲ့အသစ်များ တွေ့ဆုံ

**ရန်ကုန် မတ် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) အစည်းအဝေးခန်းမ၌ အလုပ်အမှုဆောင်အဖွဲ့အသစ်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးတင်ဦးလေးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြီးခဲ့သည့်နှစ်က ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲကို တစ်နိုင်ငံလုံး လှည့်လည်ကျင်းပရာ ဂီတအစည်းအရုံးဝင်များက ကူညီပေးခဲ့သည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ပြန်ကြားရေး ဝန်ကြီးဌာနသည် စာပေ၊ ဂီတ၊ ရုပ်ရှင် စသည့် အဖွဲ့အစည်းများ၏ ကိစ္စရပ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် အဆင်သင့်ရှိပါကြောင်း၊ ဂီတလောက ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သင့်သည်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းလုပ်ကိုင်ရာတွင် အထောက်အကူပြုမည့် အကြောင်းအရာများကို ဆွေးနွေးကြစေလိုပါကြောင်း၊ လုပ်ကိုင်ဆောင်ရွက်ပေးရန်ရှိသည်များကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်နှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးရာတွင် တိတိကျကျ ပွင့်ပွင့်လင်းလင်း ပြောဆိုနိုင်ပါကြောင်း၊ မိမိတို့၏ မိတ်ဖက်အဖွဲ့အစည်းအနေဖြင့် သဘောထားပြီး ရင်းနှီးပွင့်လင်းစွာ ထောက်ပြဝေဖန်အကြံပြုနိုင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဦးလွင်မြင့်က လုပ်ငန်းကော်မတီဖွဲ့စည်းခြင်းကို လည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ဦးဇော်ထူးအောင်က အနုပညာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် မူပိုင်ခွင့်ကိစ္စများကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်ထူးက တေးဂီတအနုပညာများ အသုံးပြုခြင်းနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည် ဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (ရန်ကုန်)မှ အရာထမ်း၊ အမှုထမ်းများနှင့် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားစတူဒီယို (အေ) ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဌာနတိုးတက်ကောင်းမွန်ရေးအတွက် ခေတ်မီနည်းပညာရပ်များနှင့် ပိုပြီး စိတ်ဝင်စားဖွယ်ကောင်းသည့် အစီအစဉ်များ တင်ဆက်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြရန်နှင့် မိမိတို့၏အတွေ့အကြုံများ၊ အမြင်များ၊ စိတ်ကူးစိတ်သန်းများနှင့် အကြံဉာဏ်များပေးပြီး လုပ်ငန်းအခက်အခဲများကိုလည်း တင်ပြဆွေးနွေးကြစေလိုကြောင်း၊ တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ယခင်တွေ့ဆုံပွဲမှ ဆွေးနွေးတင်ပြချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးဝင်များနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# သာကေတ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၇**

သာကေတ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်းရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင်၊ ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနိုင်လင်းမြင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊UREC(Union Resources & Engineering Co.,Ltd.) နှင့် U-Energy Thaketa Power Company (China)မှတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယနေ့ဖွင့်လှစ်သည့် ဓာတ်အားပေးစက်ရုံသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် UREC (Union Resources & Engineering Co.,Ltd.)တို့ ပူးပေါင်း၍ ဖက်စပ်ကုမ္ပဏီတည်ထောင်ပြီး သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တည်ဆောက် အကောင်အထည်ဖော်ခြင်းဖြစ်ပါကြောင်း၊ U-Energy ကုမ္ပဏီက နှစ် ၃၀ ကာလလုပ်ကိုင်ခွင့်နှင့် ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ဆောင်သွားမည်ဖြစ်ပြီး နှစ် ၃၀ ပြည့်ပြီးနောက် ဓာတ်အားပေးစက်ရုံကို ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သွားမည် ဖြစ်ပါကြောင်း၊ ယခုအခါ စီမံကိန်းလုပ်ငန်းများ ပြီးစီးပြီဖြစ်သောကြောင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်မှစတင်၍ စီးပွားဖြစ်ဓာတ်အားထုတ်လုပ်ခဲ့ပြီး နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ဓာတ်အားများ ပို့လွှတ်နေပြီဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီး ဓာတ်အားပေးစက်ရုံများဖြစ်သည့် အလုံ၊ လှော်ကား၊ ရွာမ၊ သာကေတ၊ သီလဝါ ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားစနစ်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသော်လည်း ပြည်သူများမှ တိုးမြှင့်သုံးစွဲလျက်ရှိသဖြင့် စီမံကိန်းအသစ်များလည်း တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ယခုတည်ဆောက်ပြီးစီးသွားသည့် သာကေတ ၁၀၆ မဂ္ဂါဝပ်ဓာတ်အားပေးစက်ရုံအနေဖြင့် တစ်နှစ်လျှင် လျှပ်စစ်စွမ်းအင် ကီလိုဝပ် နာရီသန်းပေါင်း ၈၀၀ ခန့် တိုးတက်ထုတ်လုပ်ပေးနိုင်မည်ဖြစ်၍ အိမ်ထောင်စုပေါင်း ၄၂၀၀၀ ခန့်လျှပ်စစ်ဓာတ်အား တိုးတက်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပိုလျှံလာပါက အခြားဒေသများသို့နိုင်ငံတော်ဓာတ်အားစနစ်မှတစ်ဆင့် ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်တို့ကဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုအမှာစကားများပြောကြားကြသည်။

ယင်းနောက် UREC(Union Resources & Engineering Co.,Ltd.)၏ ဥက္ကဋ္ဌ Mr.FengKe မှ ဓာတ်အားပေးစက်ရုံအကောင် အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး စက်ရုံတည်ဆောက်ခဲ့မှုမှတ်တမ်းဗီဒီယိုအား ပြသသည်။

ထို့နောက် သာကေတ ၁၀၆ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲအခမ်းအနားအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနိုင်လင်းမြင့်၊ သာကေတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် သာကေတ ၁၀၆ မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် UREC ၏ ဥက္ကဋ္ဌဖြစ်သူ Mr. Feng Kee တို့မှ စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ပြီး **(ဝဲပုံ)** ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဓာတ်အားပေးစက်ရုံ ဓာတ်အား ထိန်းချုပ်ခန်းအတွင်း ဓာတ်အားပေးစက်မောင်းနှင်မှုအခြေအနေများအား လှည့်လည် ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ဆေးဝါးလက်ကားဈေးများ၌ BPI ဆေးဝါးအတုများ ရှိ၊ မရှိ စစ်ဆေး

**ရန်ကုန် မတ် ၁၇**

စက်မှုဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ရန်ကုန်မြို့ရှိ ဆေးဝါးလက်ကားဖြန့်ဖြူးရောင်းချနေသော ရွှေမင်္ဂလာဈေး၊ ရွှေပြည့်စုံဈေးနှင့် ဗိုလ်ချုပ်ဈေးသစ်ရှိ BPI ဆေးဝါးအရောင်းဆိုင် ၂၅ ဆိုင်အား ရှောင်တခင်ဝင်ရောက်၍ ဆေးဝါးအတု၊ အစစ်ခွဲခြားစစ်ဆေးနိုင်သော Handheld Raman Analyzer အသုံးပြုကာ BPI ဆေးဝါးအတု ရှိ/မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှောင်တခင်ဝင်ရောက်စစ်ဆေးခဲ့သော ဆေးဝါးအရောင်းဆိုင်များတွင် BPI ဆေးဝါးအတုများ မတွေ့ရှိရကြောင်းနှင့် ပြည်သူလူထုအနေဖြင့် BPI ဆေးဝါးများအား စိတ်ချယုံကြည်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

**ဆေးဝါးအစစ်ဟုတ်၊ မဟုတ် Handheld Raman Analyzer စက်အသုံးပြု၍ စစ်ဆေးနေစဉ်။**






# အစိုးရအဖွဲ့အသစ်တက်လာတဲ့အချိန်မှာ ပြည်သူတွေနဲ့ ပတ်သက်ပြီး အခက်အခဲတွေ စိန်ခေါ်မှုတွေ အများကြီးဖြေရှင်းရတယ်။ စိန်ခေါ်မှုတွေထဲမှာ ရင်ခွင်မဲ့ကလေးများဆိုတဲ့ ပြဿနာက ကြီးထွားလာတဲ့ စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်

ဒေါက်တာဝင်းမြတ်အေး



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး



ဒေါ်ခင်လှမြင့်
(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်း
ဒေသကြီး အစိုးရအဖွဲ့ရုံး)



ဒေါက်တာဒေါ်သက်သက်ဇင်
(မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊
ဥက္ကဋ္ဌ)



ဆရာမ ဒေါ်သင်းသင်းနွယ်
(အထက-၁၊ ဒဂုံ)



ဒေါက်တာမြတ်စန္ဒာသန့်
(မြင့်မိုရ်မေတ္တာ-ခိုနားရာ၊
Single Mother Foundation)

**မွေးကင်းစကလေးငယ်များ စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးနှင့် စွန့်ပစ်ခံမွေးကင်းစကလေးငယ်များကို စနစ်တကျ ပြုစုစောင့်ရှောက်ရေးသည် အမှန်တကယ် လိုအပ်နေသည့်လုပ်ငန်းတစ်ရပ်ဖြစ်ပြီး စွန့်ပစ်ခံရသော ရင်ခွင်မဲ့ကလေးငယ်များကို မိဘရင်ခွင်တွင် စောင့်ရှောက်သကဲ့သို့ စောင့်ရှောက်မှုရရှိရန်နှင့် ရင်ခွင်မဲ့ စွန့်ပစ်ခံကလေးများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ကာကွယ်တားဆီးရန်မှာ အလွန်အရေးကြီးလှသည်။**

မတ် ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်သူ့ဥယျာဉ်တွင် ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှု အခမ်းအနားကျင်းပရာ တက်ရောက်လာကြသည့် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် စပ်လျဉ်းပြီး သဘောထားအမြင်များကို မေးမြန်း တင်ပြလိုက်ရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး (လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**

ကျွန်တော်တို့အစိုးရအဖွဲ့အသစ် တက်လာတဲ့အချိန်မှာ ပြည်သူတွေနဲ့ ပတ်သက်ပြီး အခက်အခဲတွေ စိန်ခေါ်မှုတွေ အများကြီး ဖြေရှင်းရတယ်။ စိန်ခေါ်မှုတွေထဲမှာ ရင်ခွင်မဲ့ကလေးများဆိုတဲ့ ပြဿနာက ကြီးထွားလာတဲ့ စိန်ခေါ်မှုတစ်ခုဖြစ်ပါတယ်။ ဒါကိုလည်း အစိုးရက ဖြေရှင်းနေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ အစိုးရက ပြည်သူကို တိုက်ရိုက်အကျိုးရှိမယ့်ကိစ္စတွေ ဆောင်ရွက်နေတာ ဖြစ်တဲ့အတွက်ကြောင့်ပါ။ ရင်ခွင်မဲ့ကလေးများ ဖြစ်ပေါ်လာရတဲ့ကိစ္စကလည်း လူမှုစီးပွားတွေကို အခြေခံနေပါတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်နေတာဖြစ်တဲ့အတွက်ကြောင့် ဒီကိစ္စနဲ့ ပတ်သက်ပြီး ပြည်သူတွေသိအောင်၊ ဒီလိုဖြစ်နေတယ်ဆိုတာကိုလည်း ပြည်သူတွေသိပြီးတော့ မဖြစ်အောင် ကာကွယ်မယ်၊ ဖြစ်ပြီးသားတွေကိုလည်း စောင့်ရှောက်မယ်။ အဲဒီအတွက် ရင်ခွင်မဲ့ကလေးတွေကို စောင့်ရှောက်ဖို့၊ ကာကွယ်ဖို့ လျှော့ချဖို့ဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီးတော့ ဒီအခမ်းအနား ဖြစ်ပေါ်လာတာ ဖြစ်ပါတယ်။

ရင်ခွင်မဲ့ကလေးတွေ လျှော့ချဖို့ ကာကွယ်စောင့်ရှောက်ဖို့အတွက် အစိုးရမှာလည်း တာဝန်ရှိတယ်။ လူမှုကိစ္စဖြစ်တဲ့အတွက် လူမှုအဖွဲ့အစည်းတွေမှာလည်း တာဝန်ရှိတယ်။ ပြည်သူတစ်ရပ်လုံးလည်း ပါဝင်ဖို့လိုတယ်။ အစိုးရအနေနဲ့ ဦးဆောင်မှုမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တိုက်ရိုက် ပတ်သက်နေတယ်။ ရင်ခွင်မဲ့ ကလေးငယ်တွေစွန့်ပစ်တာရဲ့ အဓိကဇာတ်ကောင်ကတော့ လူငယ်တွေနဲ့ အမျိုးသမီးငယ်လေးတွေ ဖြစ်ကြတယ်။ ဒီနေ့ အခမ်းအနားမှာ လူငယ်တွေနဲ့ အမျိုးသမီးငယ်လေးတွေကို အဓိက ဖိတ်ကြားထားတယ်၊ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးဖို့ပါ။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့သိဖို့လည်း မီဒီယာတွေကနေ ဖြန့်တာဖြစ်ပါတယ်။ ပြည်သူတွေအားလုံး ပါဝင်ဖို့လိုပါတယ်။ ရင်ခွင်မဲ့ ကလေးငယ်တွေကို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စာရင်းကောက်ယူဖို့ အဖွဲ့အစည်းတွေက စပြီး ဆောင်ရွက်နေပါတယ်။ ပထမဆုံး ဆေးရုံတွေနဲ့ ပရဟိတဂေဟာတွေမှာ စာရင်းဇယားတွေ ကောက်ယူနေပါတယ်။ အဓိက ရန်ကုန်မှာဆိုရင် အမျိုးသမီးဆေးရုံကြီး၊ မြောက်ဥက္ကလာပဆေးရုံ၊ အင်းစိန်ဆေးရုံ၊ ရန်ကင်းကလေး ဆေးရုံတွေမှာ ဦးစွာကောက်ယူထားတဲ့ အချက်တွေရှိပါတယ်။ အဲဒီမှာ ရင်ခွင်မဲ့ ကလေးငယ် ၁၀၀ နီးပါးရှိနေတယ်။ ကျန်တဲ့ ပရဟိတဂေဟာတွေမှာလည်း ရှိနေတဲ့အတွက် စာရင်းဇယားတွေက ဆောင်ရွက်နေဆဲဖြစ်ပါတယ်။

**ဒေါ်ခင်လှမြင့် (ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး)**

ရန်ကုန်တိုင်းဒေသကြီးမှာ လာပြီးတော့ နိုင်ငံတော်အဆင့်လုပ်တဲ့အတွက် ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ်နဲ့ ဝန်ကြီးတွေ၊ ဌာနဆိုင်ရာတွေအားလုံးက ပံ့ပိုးပေးတယ်။ ရင်ခွင်မဲ့ ကလေးဆိုတာ မိဘရှိပြီး ရင်ခွင်မဲ့နေတာရှိသလို၊ မိဘကပစ်ထားခဲ့လို့ ရင်ခွင်မဲ့နေတာလည်း ရှိတယ်။ မိဘရှိပြီး ရင်ခွင်မဲ့တယ်ဆိုတာ မိဘက စီးပွားရှာနေတာ၊ အပျော်အပါးမက်နေတာနဲ့ ပစ်ထားတာတွေရှိတယ်။ အဲဒီအတွက်လည်း ဒီနေ့အခမ်းအနားမှာ ပညာပေးတာတွေလုပ်သွားမယ်။ ဒီနေ့အခမ်းအနားလေးဟာ အမျိုးသမီးတွေ အရွယ်သုံးပါးမရွေး စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမခံရစေဖို့အတွက် အသိပညာပေးနေတဲ့ပွဲပါ။ အမျိုးသမီးတွေလည်း အသိပညာရတယ်၊ အမျိုးသားတွေလည်း အသိပညာ ရပါတယ်။

**ဒေါက်တာဒေါ်သက်သက်ဇင် (မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ဥက္ကဋ္ဌ)**

ဒီနေ့အခမ်းအနားကို မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကနေ ကြီးမှူးကျင်းပတာဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ် အခမ်းအနားလည်းဖြစ်ပါတယ်။ ကျွန်မတို့အဖွဲ့ချုပ်ကလည်း တခြားအရပ်ဘက် အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပါဝင်တာ ဖြစ်ပါတယ်။ ကျွန်မတို့ကလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီရဲ့ အဖွဲ့ဝင်ဖြစ်တဲ့အတွက် အမျိုးသမီးများ အကြမ်းဖက် ခံရမှု တားဆီးရေးလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့်လေး လူငယ်တွေ သိရအောင် ပြခန်းတစ်ခန်းယူထားပြီး ပညာပေး ဆောင်ရွက်နေပါတယ်။ ဒီနေ့အခမ်းအနားမှာ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေတဲ့ အဖွဲ့ပေါင်းစုံပါတဲ့အတွက် အမျိုးသမီးတွေ အသိပညာတွေရရှိပြီး ပြဿနာတွေကို ရှောင်ရှားနိုင်မှာဖြစ်တယ်။ ရင်ခွင်မဲ့ကလေးငယ်တွေ များပြားလာတဲ့ အကြောင်းအရင်းက အများကြီးပါ။ ရင်ခွင်မဲ့ ကလေးငယ်များ လျှော့ချရေးအဖွဲ့ကနေ သုတေသနလုပ်ပြီး ရင်ခွင်မဲ့ ကလေးငယ်တွေ ဘာကြောင့် များပြားလာတယ်ဆိုတာ တွေ့ရှိချက်တွေကို ပြခန်းမှာ ပြသထားပါတယ်။ ရင်ခွင်မဲ့ကလေးငယ်တွေ ဖြစ်ခဲ့ရတာက အကြမ်းဖက်မှုက အခြေခံတာများတဲ့အတွက် အကြမ်းဖက်မှုကို တားဆီးနိုင်ဖို့ ကျွန်မတို့ဘက်က ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဆရာမ ဒေါ်သင်းသင်းနွယ် (အထက-၁၊ ဒဂုံ)**

ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနဲ့ ကာကွယ်စောင့်ရှောက်ရေး လှုပ်ရှားမှု အခမ်းအနားက လူငယ်တွေအတွက် အလွန်ကောင်းပါတယ်။ သက်ငယ်မုဒိမ်းမှုတွေ အလွန်များလာနေတဲ့အချိန်မှာ ကလေးတွေအားလုံးအတွက် အသိပညာဗဟုသုတရစေတဲ့ အခမ်းအနားဖြစ်ပါတယ်။ အမျိုးသမီးငယ်တွေ၊ ကျောင်းသားကျောင်းသူတွေကို ပညာပေးတဲ့ အစီအစဉ်တွေ အများကြီးပါနေတဲ့အတွက် ကောင်းပါတယ်။ ဒီနေ့အခမ်းအနားမှာ အမျိုးသမီးငယ်တွေနဲ့ ပတ်သက်ပြီး အသိပညာပေး ပွင့်ပွင့်လင်းလင်း ဆွေးနွေးတာတွေ တွေ့ရတယ်။ ကျွန်မတို့ကျောင်းက ကျောင်းသူ ၅၀ လာရောက် လေ့လာကြပါတယ်။

**ဒေါက်တာမြတ်စန္ဒာသန့် (မြင့်မိုရ်မေတ္တာ-ခိုနားရာ၊ Single Mother Foundation)**

မြန်မာနိုင်ငံမှာ အမျိုးသမီးငယ်တစ်ယောက်က ခင်ပွန်းသည်မရှိဘဲ ကိုယ်ဝန်ရတယ်ဆိုပါတော့၊ ဒီကလေးကို တိတ်တိတ်လေးမွေးပြီး စွန့်ပစ်လိုက်ဖို့ပဲ ကြိုးစားကြတာ။ သူတို့ရဲ့ ရည်ရွယ်ချက်က ဒီကလေးမရှိတော့ရင် ငါအပျိုပြန်ဖြစ်သွားမယ်လို့ ထင်နေတာ၊ အဲဒီအနေအထားကနေ ရင်ခွင်မဲ့ကလေးငယ်တွေ များပြားလာတယ်။ နောက်တစ်ခုက ရင်ခွင်မဲ့ကျောင်းတွေ အလွန်များလာတယ်။ ရင်ခွင်မဲ့ကျောင်းတွေ များလာတာက ကလေးများလို့မဟုတ်ဘူး၊ တာဝန်မဲ့တဲ့မိဘတွေ များလာလို့။ ရင်ခွင်မဲ့ကလေး လျှော့ချရေးတင်မကဘူး၊ ရင်ခွင်မဲ့ကျောင်းတွေ လျှော့ချရေးကိုပါ စိစစ်ရတော့မှာ။ မြန်မာနိုင်ငံမှာ ရင်ခွင်မဲ့ကလေးကို မွေးစားခွင့်မပေးဘူး။ အဲဒီအယူအဆကလည်း မှားနေတယ်။ ရင်ခွင်မဲ့ကလေးဖြစ်လာရင် မိသားစုအသစ် ဖန်တီးပေးသင့်တယ်၊ ဒီကလေးအတွက်ပါ။ ရင်ခွင်မဲ့ကလေး လျှော့ချရေးကို မြန်မာနိုင်ငံမှာ လုပ်ကိုလုပ်ရမယ်။ မြန်မာနိုင်ငံမှာရှိနေတဲ့ ရင်ခွင်မဲ့ ကျောင်းတွေက တကယ် ရင်ခွင်မမဲ့ဘူး။ မိဘမဲ့တွေ မဟုတ်ဘူး၊ မိဘတာဝန်မဲ့တဲ့သူတွေ။ ကလေးတွေက မိဘတွေရှိတယ်။

ရင်ခွင်မဲ့ကလေးတွေ များလာတာက အဓိက စီးပွားရေး အကျပ်အတည်းရယ်၊ မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာရယ်၊ အဖေမပေါ်တဲ့ ကလေး၊ အဲဒီစကားတွေက မြန်မာ့ထုံးတမ်းစဉ်လာရဲ့ စကားတွေ။ ကလေးက အဖေမပေါ်တာ မဟုတ်ဘူး၊ ကလေးက အဖေရှိတယ်။ အဖေက တာဝန်ယူမသွားတာ။ နှိမ့်ချပြီးပြောနေတဲ့ မြန်မာ့ဓလေ့ ထုံးတမ်းစဉ်လာစကားတွေကို လုပ်သင့်တာက အတွေးအခေါ် အကြည့်အမြင် အယူအဆတွေ ပြောင်းလဲပစ်ရမှာ။ Single Mother အဖြစ် ရပ်တည် လာမယ့်သူတွေကို ဆွဲထူပေးရမှာကို ဆွဲချနေကြတယ်။ အဖေမပေါ်တဲ့ ကလေး ဆိုပြီး ဆွဲနှစ်နေကြတယ်ဆိုရင် ဒီမိန်းမသည် ဒီကလေးကို မစွန့်ပစ်ချင်ဘဲနဲ့ စွန့်ပစ်သွားလိမ့်မယ်။ အဲဒါကို ကျွန်မတို့ တားဆီးချင်တယ်။ Single Mother ဆိုတာ တစ်ကမ္ဘာလုံးမှာ ရှိတယ်။ နိုင်ငံတိုင်းမှာ ရှိတယ်။ ကလေးကိုမွေးပြီး စွန့်ပစ်တာသည် နို့မတိုက်နိုင်လို့မှ မဟုတ်တာ၊ ပြဿနာအရင်းအမြစ်ကို လိုက်ရှာရမှာ။ မိဘမဲ့ဆိုတာ သေသွားလို့မှ မဟုတ်တာ။ မိဘတာဝန်မဲ့တာ။ မိဘတာဝန်မမဲ့အောင် ဘယ်လို တွန်းအားပေးရမလဲဆိုတော့ ပြည်သူကပြန်ပြီး တွန်းအားပေးရမယ်။ မလိမ္မာတဲ့ အဖေနဲ့ အမေကြောင့် လောကကြီးထဲရောက်လာတဲ့ ကလေးက အဘိုး အဘွားနဲ့ ပတ်ဝန်းကျင်က မကူညီရင် နေစရာမရှိဘူး။ ။

**တွေ့ဆုံမေးမြန်း-မင်းသစ် (MNA)**
**ဓာတ်ပုံ-ဇော်မင်းလတ်**



ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှု အခမ်းအနားတွင် ခင်းကျင်းပြသထားသည့်ပြခန်းများကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။ သတင်းစဉ်

# ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ အိုးထိန်း၊ ခုံတိုင်နှင့် ကြိမ်ချောင်းကျေးရွာများသို့ ကွင်းဆင်းသတင်းရယူ

**စစ်တွေ မတ် ၁၇**

ပြည်တွင်း ပြည်ပ သတင်းသမားများပါဝင်သည့် သတင်းမီဒီယာအဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် မောင်တောမြို့သို့ ရောက်ရှိကြသည်။

**ရှင်းလင်းပြောကြား**

အဆိုပါအဖွဲ့အား မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာမည့်သူများအား စိစစ်လက်ခံရေး၊ နေရာချထားရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများအား အရှိန်အဟုန် မြှင့်တင်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး သတင်းမီဒီယာသမားများ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။ **(ယာပုံ)**



**သတင်းရယူ**

မွန်းလွဲပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့နယ်ရှိ မြို့တိုင်းရင်းသားများနေထိုင်ရာ ခုံတိုင်နှင့် မြဝတီကျေးရွာ၊ ဟိန္ဒူဘာသာဝင်များ နေထိုင်ရာ အိုးထိန်းကျေးရွာ၊ အစ္စလာမ်ဘာသာဝင်များ နေထိုင်ရာ ကြိမ်ချောင်းကျေးရွာတို့၌ UEHRD အစီအစဉ်ဖြင့် နေအိမ်များ တည်ဆောက်ပေးနေမှု၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ လက်ရှိ နေထိုင်စားသောက်မှု၊ NVC ကတ်ရရှိမှုအပါအဝင် ၎င်းတို့ သိရှိလိုသည်များကို လွတ်လပ်စွာ မေးမြန်းသတင်းရယူကြသည်။

**လွတ်လပ်စွာတွေ့ဆုံမေးမြန်း**

ညနေပိုင်းတွင် မောင်တောမြို့ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တစ်ဖက်နိုင်ငံသို့ ဖမ်းဆီးခံရပြီး ပြန်လည်ရောက်ရှိလာသည့် ရဲဘောက်ကျကျေးရွာမှ ဟိန္ဒူဘာသာဝင် အမျိုးသမီးများနှင့် တွေ့ဆုံ၍ သိရှိလိုသည်များကို လွတ်လပ်စွာ တွေ့ဆုံမေးမြန်းခဲ့ကြသည်။

**သူရဇော်**



**ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့ မောင်တောမြို့ခုံတိုင်ကျေးရွာ၌ ဒေသခံများအား တွေ့ဆုံ၍ သတင်းရယူနေစဉ်။**

သတင်းစဉ်



**ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ ကြိမ်ချောင်းကျေးရွာ၌ UEHRD အစီအစဉ်ဖြင့် နေအိမ်များတည်ဆောက်ပေးမှုနှင့် ပတ်သက်၍ သိလိုသည်များ မေးမြန်းစဉ်။**

သတင်းစဉ်



**ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တစ်ဖက်နိုင်ငံသို့ ဖမ်းဆီးခံရပြီး ပြန်လည်ရောက်ရှိလာသည့် ရဲဘောက်ကျကျေးရွာမှ ဟိန္ဒူဘာသာဝင် အမျိုးသမီးများအား ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့က သိရှိလိုသည်များ မေးမြန်းစဉ်။**

သတင်းစဉ်

# နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေး မောင်တောကုန်သွယ်ရေးစခန်း ကြိုးပမ်းနေ

**မောင်တော မတ် ၁၇**

မောင်တောကုန်သွယ်ရေးစခန်းသည် အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်းတွင် နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ မြှင့်တင်နိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များ၏တောင်းဆိုချက်အရ ကျပ်ငွေဖြင့် ပို့ကုန်ပစ္စည်းများ တင်သွင်းခွင့်ပြုထားကာ ကုန်သွယ်မှုလုပ်ငန်းများမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မောင်တောကုန်သွယ်ရေးစခန်းမှ သိရသည်။

"အရင်က နှစ်နိုင်ငံကုန်သွယ်မှုအဖြစ် ပို့ကုန်၊ သွင်းကုန်ပစ္စည်းတွေကို အမေရိကန်ဒေါ်လာနဲ့ သတ်မှတ်ထားခဲ့ပါတယ်၊ အခုချိန်မှာ နှစ်နိုင်ငံစီးပွားရေးလုပ်ငန်းရှင်တွေရဲ့ တောင်းဆိုမှုအရ လယ်ယာထွက်ကုန် ပစ္စည်းအချို့နဲ့ စက်မှုကုန်ချောပစ္စည်းတွေကို မြန်မာကျပ်ငွေနဲ့ ပို့ကုန်ပစ္စည်းတွေ တင်သွင်းခွင့်ပြုထားပါတယ်၊ လယ်ယာထွက်ပစ္စည်းတွေဖြစ်တဲ့ ချင်းအစို၊ နနွင်းခြောက်၊ လဲမှို(အစေ့ပါ)၊ ဆီးသီးခြောက်၊ မန်ကျည်းသီး(အစေ့ပါ)၊ မန်ကျည်းသီး၊ ပဲမျိုးစုံစတဲ့ ပို့ကုန်ပစ္စည်းတွေကို မြန်မာကျပ်ငွေနဲ့ ဝယ်ယူ ရောင်းချနိုင်ရေး ဖြေလျှော့ပေးထားပါတယ်၊ စက်မှုကုန်ချော ပစ္စည်းတွေဖြစ်တဲ့ ဖိနပ်၊ ဝက်ခြံပျောက်ခရင်မ်၊ သကြားလုံး၊ ဆီးယိုထုပ်၊ သနပ်ခါးခဲ၊ ကွေကာနဲ့ စောင်ပါးစတဲ့ ပို့ကုန်ပစ္စည်းတွေကိုလည်း မြန်မာကျပ်ငွေနဲ့ သတ်မှတ်ပေးထားပါတယ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို မြန်မာနိုင်ငံက အဓိကတင်ပို့နေတဲ့ ဆန်နဲ့ အခြားကုန်ပစ္စည်းတွေကိုတော့ အမေရိကန်ဒေါ်လာနဲ့ပဲ အရောင်းအဝယ်ပြုလုပ်လျက်ရှိပါတယ်"ဟု မောင်တောကုန်သွယ်ရေးစခန်းတာဝန်ခံ ဦးချိုထွေးက ပြောသည်။



မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များသည် ပို့ကုန်သွင်းကုန်ပစ္စည်းများကို အမေရိကန်ဒေါ်လာဖြင့် ရောင်းချဝယ်ယူရာတွင် ငွေကြေးလဲလှယ်မှုများ အဆင်မပြေသည့်အတွက် တာဝန်ရှိသူများထံ တင်ပြတောင်းဆိုမှုများ ပြုလုပ်ခဲ့သောကြောင့် အဆိုပါ သွင်းကုန်ပို့ကုန်ပစ္စည်းအချို့ကို မြန်မာကျပ်ငွေဖြင့် ရောင်းဝယ်မှုများ ပြုလုပ်နိုင်ရန် အဆင်ပြေစေရေးအတွက် တာဝန်ရှိသူများက ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မောင်တောကုန်သွယ်ရေးစခန်း၌ ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ ခုနှစ် မတ် ၁၃ ရက်အထိ မြန်မာနိုင်ငံမှ ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃ သန်းကျော်ရှိခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ငါးသန်းကျော် ရှိခဲ့သောကြောင့် ယခုနှစ်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ခုနစ်သန်းကျော် တိုးလာကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မောင်တောကုန်သွယ်ရေးစခန်းမှ ၂၀၁၇ ခုနှစ် ဧပြီလမှ ၂၀၁၈ မတ် ၁၃ ရက်အထိ လယ်ယာထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောစသည့် ပို့ကုန်ပစ္စည်းတို့ကို တင်ပို့နိုင်ခဲ့ပြီး ဧည့်မထဆန်၊ ငါးသလောက်၊ ငါးစုံလေးခြောက်၊ ချင်းအစို၊ ငါးမြစ်ချင်း၊ ဆီးယိုထုပ်၊ ရေငန်ပုစွန်၊ ငါးနီတူခြောက်၊ ငါးခေါင်းပွ၊ ရေချိုငါး၊ ဆီးသီးခြောက်၊ နနွင်းနှင့် ပဲအမျိုးမျိုး စသည်တို့ကို အများဆုံးတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**ကျော်သူဝင်း၊ အေးမင်းသူ**

# စာပေကသာ လူတွေရဲ့အသိဉာဏ်ပညာကို မြင့်မားစေတာပါ

**လယ်တွင်းသားစောချစ်**

မြန်မာနိုင်ငံ၌ ရှေးနှစ်ပေါင်းများစွာကတည်းက ရဟန်း၊ လူပုဂ္ဂိုလ် စာပေအကျော်အမော်များ ရေးသားပြုစုခဲ့ကြသော စာကောင်းပေမွန်များ၊ မြန်မာစာပေအနုပညာများ မပျောက်မပျက် လက်ဆင့်ကမ်းနိုင်ရေးနှင့် စာပေလိုက်စားသူ၊ စာပေမြတ်နိုးသူတိုးပွားရေးအတွက် ၂၀၀၆ ခုနှစ်မှ စတင်ကာ တစိုက်မတ်မတ် ချီးမြှင့်ပေးခဲ့သော ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို မတ် ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ် (၂)စည်ပင်လမ်းသစ်ရှိ ဘဏ်များအသင်းအဆောက်အအုံ၌ ထွန်းဖောင်ဒေးရှင်းစာပေဆု ၂၀၁၇ အတွက် ကျင်းပသည်။ ယနေ့ ၁၂ ကြိမ်မြောက်အထိ အောင်မြင်စွာချီးမြှင့်ပေးနိုင်ခဲ့သော ထွန်းဖောင်ဒေးရှင်း ၂၀၁၇ စာပေဆုချီးမြှင့်ပွဲတွင် ကဏ္ဍအသီးသီးမှ ဆုရရှိသော စာရေးဆရာကြီး၊ ဆရာမကြီးများအား မြန်မာ့အလင်းသတင်းအဖွဲ့အနေဖြင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့မှုများကို ပြန်လည်ရေးသားဖော်ပြလိုက်ပါသည်။



လယ်တွင်းသားစောချစ် (စည်သူဦးတင်လှိုင်)



ဘိုးလှိုင်(ဒေါက်တာတင်လှိုင်)



ဦးသိန်းထွန်း



သိပ္ပံစာရေးဆရာ ကိုကိုအောင်



မနှင်းဖွေး(ဒေါ်မြမြသန်း)

**ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆု**
**လယ်တွင်းသားစောချစ် (စည်သူဦးတင်လှိုင်)**

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၁၅ ခုနှစ်က ရခဲ့ပါတယ်။ အခု ၂၀၁၇ မှာ ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုထပ်ရပါတယ်။ နှစ်ဆုစလုံးအတွက် စာရေးဆရာတစ်ဦးအနေနဲ့ ဝမ်းသာပါတယ်။ တစ်သက်လုံးစာပေကို ချစ်မြတ်နိုးစွာနဲ့ ရေးခဲ့၊ လုပ်ခဲ့တဲ့တစ်လျှောက်မှာ အသိအမှတ်ပြုပေးကြလို့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ဆက်လည်း စာပေတွေကို တတ်အားသလောက် ရေးသွားမှာပါ။ ယနေ့ခေတ် လူငယ်တွေကို ပြောချင်တာက စာဖတ်ကြစမ်းပါ။ စာပေကသာ လူတွေရဲ့အသိဉာဏ်ပညာကို မြင့်မားစေတာပါ။ အခုလို ပွဲမျိုးလုပ်တာလည်း စာကောင်းပေမွန်တွေပေါ်ထွန်းဖို့၊ လူတွေစာဖတ်ကြဖို့ လုပ်တာပါပဲ။ လူငယ်တွေကို ပြောချင်တာက စာများများဖတ်လေ ဘဝအတွက် တန်ဖိုးမဖြတ်နိုင်လေပါပဲ။ သေချာတာက စာဖတ်ရင် ကမ္ဘာကို ရင်ပေါင်တန်းနိုင်မှာ၊ ပြောချင်တာက စာများများဖတ်ရင် ကမ္ဘာကို လိုက်မီနိုင်ပါတယ်။

**ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆု**
**ဘိုးလှိုင်(ဒေါက်တာတင်လှိုင်)**

တစ်သက်တာစာပေဆုဆိုတာ တစ်သက်တာလုံး လူလားမြောက်အရွယ်ရောက်တဲ့ချိန်ကစပြီးတော့ အနှစ် ၆၀ လောက် စာပေတွေကို ဖတ်ရှုရေးသား ကြိုးစားလုပ်လာတာကို အခုလို အသိအမှတ်ပြုပေးလို့ ကျေနပ်ပီတိဖြစ်မိပါတယ်။ ဆရာရေးတဲ့စာတွေက အမျိုးစုံတယ်၊ တကယ်မှုရင်းရေးတာက သိပ္ပံဘာသာရပ်ပါ။ တက္ကသိုလ်မှာ ရူပဗေဒဆရာအဖြစ်လည်း နှစ်ပေါင်း ၃၀ ကျော် လုပ်ခဲ့တယ်။ ရန်ကုန်နည်းပညာတက္ကသိုလ်မှာလည်း ငါးနှစ်လောက်လုပ်ခဲ့တယ်။ အဓိက သိပ္ပံစာပေတွေလုပ်ဖြစ်ခဲ့တယ်။ လူသိနည်းတဲ့ စာပေတွေပေ့ါ။ နောက်ပိုင်းတော့ သုတ၊ ရသဘက်တွေပါ ပါလာတော့ စုံသွားတာပေ့ါ။ ခုဆိုရင် ဆရာက အမျိုးသားစာပေဆုနှစ်ကြိမ်၊ သုတစွယ်စုံ၊ ထွန်းဖောင်ဒေးရှင်းနဲ့ဆို ခြောက်ကြိမ်ရှိပါပြီ။ ယနေ့ခေတ်စာပေနဲ့ပတ်သက်လို့ အဓိက ပြောချင်တာက စာများများဖတ်စေချင်တယ်။ စာတွေဖတ်ထားမှ ဗဟုသုတစုံလင်ပြီး လုပ်ငန်းခွင်တိုင်းမှာ အစစအရာရာ အဆင်ပြေနိုင်တယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းနေတဲ့ ယနေ့ကာလမှာ ပိုပြီးတော့ ဖတ်စေချင်တယ်။

**ဦးသိန်းထွန်း (ထွန်းဖောင်ဒေးရှင်းစာပေဆု**
**ရွေးချယ်ရေးကော်မတီ နာယက)**

ဒီနေ့ ထွန်းဖောင်ဒေးရှင်းအနေနဲ့ စာပေဆုချီးမြှင့်တာ ၁၂ ကြိမ်မြောက်ပါ။ ပြည်သူတွေ စာပေနဲ့ ဖွံ့ဖြိုးပြီး နားလည်ပြီးတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ စတင်လုပ်ဆောင်ခဲ့တာပါ။ မြန်မာစာပေဖွံ့ဖြိုးတိုးတက်အောင် လုပ်တဲ့အခါမှာ မြန်မာစာပေတင်မကဘူး ဆက်နွှယ်နေတဲ့ ဘာသာရပ်အလိုက် တိုးတက်ဖို့ ကော်မတီဖွဲ့ပြီးတော့ လုပ်ခဲ့တယ်။ နောက်နှစ်တွေမှာ ဆုကြေးကအစ တိုးပြီးတော့ပေးဖို့စီစဉ်နေပါတယ်။ စာပေကောင်းတွေ ပေါ်ထွန်းလာဖို့ ဆက်လက်ပြီးတော့ ဆုတွေ ချီးမြှင့်ပေးသွားမှာဖြစ်သလို ဒီထက်လည်း ထိုက်ထိုက်တန်တန် တိုးမြှင့်ချီးမြှင့်ပေးသွားဖို့ရှိပါတယ်။ စာပေဖွံ့ဖြိုးတိုးတက်မှုက ယနေ့ခေတ်မှာ အထူးလိုအပ်လာပါတယ်။ ဒါကြောင့် ပြည်သူကို တွန်းအားပေးဖို့လည်း လိုပါတယ်။ လေ့ကျင့်ပျိုးထောင်ပေးရပါမယ်။ စိတ်ပိုင်းဆိုင်ရာ အမြင့်မားဆုံးခံယူချက်ရှိဖို့လိုပါတယ်။ စိတ်ပိုင်းဆိုင်ရာက ပြင်ဖို့ခက်ပါတယ်။ ရုပ်ပိုင်းက ပြင်ဖို့လွယ်ပါတယ်။ လူငယ်တွေအနေနဲ့ စိတ်ပိုင်းဆိုင်ရာ အမြင့်မားဆုံးသောခံယူချက်နဲ့ စာပေဗဟုသုတလေ့လာပြီးတော့ တိုင်းပြည်နဲ့ လူမျိုးကိုချစ်တဲ့စိတ် မွေးဖို့လိုပါတယ်။

**ထွန်းဖောင်ဒေးရှင်းစာပေဆုရှင်**
**သိပ္ပံစာရေးဆရာ ကိုကိုအောင်**

စာရေးဆရာတစ်ဦးအနေနဲ့ အခုလိုဆုရတာကို အလွန်ပဲ ပီတိဖြစ်ပါတယ်။ စာပေဆုလည်းဖြစ်တော့ တန်ဖိုးမြင့်တယ်လို့လည်း ခံစားမိပါတယ်။ အခုရတဲ့စာအုပ်က ဆယ်စုနှစ်တစ်စုစာလောက် အချက်အလက်တွေ စုဆောင်းခဲ့ရတယ်။ ပထမငါးနှစ်က တော်တော်လေး ရှုန်းကန်ခဲ့ရတယ်။ ဒုတိယငါးနှစ်ကတော့ အင်တာနက်တွေ ကောင်းလာတဲ့အတွက် အချက်အလက်တွေစုဆောင်းတဲ့အခါမှာ အရင်လောက် အခက်အခဲမရှိတော့ဘူး။ ဒါပေမယ့် ဒီစာအုပ်ဖြစ်မြောက်ဖို့က ၁၀ နှစ်စာလောက်စုဆောင်းခဲ့ရတယ်။ အိတ်သွန်ဖာမှောက်အကုန်ပေးလိုက်လို့ အခုလိုစာအုပ်ဖြစ်လာတာပါ။ အခုလိုကြိုးစားထားတဲ့စာအုပ်နဲ့ ဆုရတယ်ဆိုတော့ စာရေးဆရာတစ်ယောက်အနေနဲ့ရော ပညာရှင်တစ်ယောက်အနေနဲ့ပါ ဝမ်းသာပီတိဖြစ်မိပါတယ်။ အရင်က ကျွန်ုပ်တို့ပတ်ဝန်းကျင် လျှပ်စစ်ဆိုတဲ့စာအုပ်နဲ့ နျူကလီးယားစွမ်းအင်သဘာဝပတ်ဝန်းကျင်နှင့် ဓာတ်ရောင်ခြည်အန္တရာယ် စာအုပ်နှစ်အုပ်နဲ့ စာပေဗိမာန်ဆုနှစ်ခုရခဲ့ပါတယ်။ ဒီကနေ့ ထွန်းဖောင်ဒေးရှင်းကပေးတဲ့စာပေဆုကတော့ ဆရာ့အနေနဲ့ တတိယမြောက်ရတဲ့ဆုပါ။ ယနေ့ခေတ်လူငယ်တွေကို ပြောချင်တာက စာအုပ်စာပေလူ့မိတ်ဆွေဆိုတဲ့ စကားရှိတာပေ့ါ။ ယေဘုယျအားဖြင့်တော့ မှန်သော်လည်း စာအုပ်စာပေတိုင်းကတော့ မိတ်ဆွေမဖြစ်နိုင်ဘူး။ ဒီနေ့အချိန်မှာဆို လောကဓမ္မတာကို ဆန့်ကျင်လှုံ့ဆော်တဲ့စာတွေက အများကြီးဖြစ်လာတယ်။ ရသစာပေနဲ့ သုတစာပေ နှစ်မျိုးရှိတဲ့ထဲက ရသစာပေဆိုတာ စိတ်နှလုံးကို နူးညံ့သိမ်မွေ့အောင် တိုးတက်ရာတိုးတက်ကြောင်းတွေကို အားပေးအားမြှောက်ပြုတဲ့ စာပေဖြစ်တယ်။ ဆရာ့အနေနဲ့ ၁၉၇၃ ခုနှစ်ကတည်းက စာတွေရေးလာခဲ့တယ်။ စာရေးသက် ခုဆိုရင် ၄၄ နှစ်ကျော်ရှိပါပြီ။ စာအုပ်ပေါင်း ၁၀ အုပ်ရေးခဲ့သလို ဆောင်းပါးမြောက်မြားစွာလည်း ရေးခဲ့ပါတယ်။ ဒီနေ့စာပေဆုရတဲ့စာအုပ်က ဆရာ့အနေနဲ့ ကိုးအုပ်မြောက်မှာရခဲ့တာပါ။ စာပေရဲ့ သဘောသဘာဝဟာ ပေးချင်တဲ့ Message ကို ပရိသတ်ထံရောက်အောင်ပေးဖို့လိုသလို ပရိသတ်ကလည်း ယူတတ်ဖို့လိုတယ်။ အကြောင်းအရာတစ်ခုအပေါ်မှာ ရှုမြင်တတ်ဖို့လည်းလိုတယ်။ ယနေ့ခေတ်လူငယ်တွေအနေနဲ့ စာပေကို လေ့လာသင့်တယ်၊ ဖတ်ရှုသင့်တယ်၊ အဲဒီထဲကမှ ကောင်းတာကို ယူဖို့လိုတယ်။ ဆရာ့အနေနဲ့ ပြောချင်တာက သုတ၊ ရသနှစ်ဖြာကို မျှတအောင် ဖတ်မှတ်သွားမယ်ဆိုရင် တန်ဖိုးရှိတဲ့လူသားတစ်ယောက်ဖြစ်လာမယ်လို့ ပြောချင်ပါတယ်။

**ထွန်းဖောင်ဒေးရှင်းစာပေဆုရှင်**
**မနှင်းဖွေး(ဒေါ်မြမြသန်း)**

ဒီဆုရတဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်။ ၁၉၆၇ ခုနှစ်က တောင်ငွေ့ငွေ့ကြားဝယ်ဆိုတဲ့ ဝတ္ထုရှည်နဲ့ အမျိုးသားစာပေဆုရခဲ့တယ်။ ၂၀၁၀ မှာတော့ အတ္တနောမတိဝတ္ထုရှည်နဲ့ ရွှေအမြုတေစာပေဆုရခဲ့ပါတယ်။ အခု ထွန်းဖောင်ဒေးရှင်းစာပေဆုပေ့ါ။ အခုလို ချီးမြှင့်ပေးတာက စာရေးဆရာတွေဘက်ကကြည့်ရင် အကျိုးတွေ အများကြီးရှိနိုင်ပါတယ်။ ခုချိန်မှာ အပျော်တမ်းစာပေတွေက အပြင်လူထုကြားမှာ အလွန်ရောင်းရတယ်။ တကယ်ပြည်သူ့အကျိုးပြုစာပေကျတော့ ရောင်းရတာအားနည်းတယ်။ အခုလို စာပေဆု ချီးမြှင့်ပေးတဲ့အခါ ဘာသာရပ်အစုံပါတော့ စာရေးတဲ့သူတွေလည်း အားရှိလာတာပေ့ါ။ ယနေ့ခေတ်အပြင်လောကမှာ လူတွေဟာ စာမဖတ်ကြတော့ဘူး၊ လူငယ်တွေ အထူးသဖြင့် ဖုန်းပဲပွတ်နေကြတယ်။ ကျွန်မတို့ငယ်ငယ်တုန်းက တခြား Entertainment မရှိဘူး။ ရေဒီယိုလောက်ပဲ ရှိသေးတယ်။ တီဗွီ၊ ကက်ဆက်တောင် မပေါ်သေးဘူး။ ပြောချင်တာက အရင်ခေတ်က စာဖတ်ကြတယ်။ ယနေ့ခေတ် လူငယ်တွေ စာဖတ်အားနည်းသွားကြတယ်။ စာမဖတ်တော့ဘူး။ ရသစာပေတွေကို သိပ်မခံစားတတ်တော့ဘူး။ သတင်းခေတ်ဆိုပြီး သတင်းကိုပဲ စိတ်ဝင်စားနေကြတယ်။ တစ်ဖက်က ပြန်ကြည့်ရင်လည်း ရသစာပေကို စွဲစွဲမြဲမြဲဖတ်နေတဲ့ လူငယ်လေးတွေလည်းရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အကြိုက်မတူတာလည်း ဖြစ်နိုင်ပါတယ်။ သား၊ သမီး မြေးမြစ်တွေကအစ ဝတ္ထုစာအုပ်ဆိုရင် သိပ်မဖတ်ချင်ကြတော့ဘူး။ ပညာရေးတို့၊ အလုပ်အကိုင်တို့နဲ့ တခြားကိစ္စတွေကလည်း အချိန်လုနေရတာလည်း ပါမယ်ထင်ပါတယ်။ ဆိုလိုချင်တာက စာဖတ်ဖို့ အချိန်မပေးနိုင်သလိုဖြစ်နေတယ်။ တကယ်တော့ ပြည်သူတွေ စာဖတ်စေချင်တယ်။ စာဖတ်ခြင်းအားဖြင့် ဦးနှောက်အတွက် အာဟာရ၊ ဗဟုသုတကြွယ်ဝမှုကို ပေးနိုင်မှာဖြစ်တယ်။

**တွေ့ဆုံမေးမြန်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌအဖြစ် ဖိုးချစ်ကို ဆက်လက်ရွေးကောက်တင်မြှောက်

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) ၏ ပထမအကြိမ် သဘင်ညီလာခံနှင့် ဗဟိုသဘင် ရွေးကောက်ပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံ၌ မတ် ၁၆ ရက်မှ ၁၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပခဲ့ပြီး ယနေ့ညနေပိုင်းက ဗဟိုသဘင် ရွေးကောက်ပွဲကိုပြုလုပ်ရာ ဥက္ကဋ္ဌနေရာကို အများ၏ဆန္ဒအရ ဖိုးချစ်ကို ဆက်လက် ရွေးကောက်တင်မြှောက်ခဲ့သည်။

ညီလာခံပထမနေ့တွင် ဗဟိုသဘင်၏ ဆောင်ရွက်ခဲ့သော လုပ်ငန်းများအား ရှင်းလင်းပြောကြားခြင်း၊ မြန်မာ့သဘင်လောက၏ အခက်အခဲများအပေါ် တင်ပြဆွေးနွေးခြင်း၊ သဘင်နှင့် ပတ်သက်သည့် ပညာရပ်ပိုင်းဆိုင်ရာများကို သက်ဆိုင်ရာကော်မတီများအလိုက် စာတမ်းများ ဖတ်ကြားခြင်းတို့ကို ပြုလုပ်ကြပြီး ဒုတိယနေ့(ယနေ့)တွင် ဥပဒေမူကြမ်းများကို တင်သွင်းဆွေးနွေးခြင်း၊ သဘင်ဖွဲ့စည်းပုံစည်းမျဉ်းစည်းကမ်းများ ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့ ညနေပိုင်းတွင် ဗဟိုသဘင် ရွေးကောက်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို) ၏ အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၇ ဦးကို



ရွေးချယ်တင်မြှောက်ခဲ့သည်။

ထိုသို့ ရွေးချယ်တင်မြှောက်ရာတွင် ဥက္ကဋ္ဌအဖြစ် ဖိုးချစ်၊ ဒုတိယဥက္ကဋ္ဌ (၁) အဖြစ် ဦးမိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ (၂)အဖြစ် ဦးစိန်မြအောင်၊ အတွင်းရေးမှူးအဖြစ် ဦးနေဝင်း၊ တွဲဖက်အတွင်းရေးမှူး (၁) အဖြစ် ဦးဝင်းနောင်၊ တွဲဖက်အတွင်းရေးမှူး (၂)အဖြစ် မြန်မာပြည် ဦးကျော်စိမ်းတို့ကို မဲပေးပိုင်ခွင့်ရှိသူ ကိုယ်စားလှယ် ၃၅၀ ခန့်၏ တစ်ပြိုင်နက် အဆိုပြုတင်သွင်းမှုများအရ ရွေးကောက်တင်မြှောက်ခဲ့သည်။

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဖိုးချစ်က "အားလုံးရဲ့ဆန္ဒအရ အဆိုပြုတင်သွင်းတဲ့အပေါ်မှာ ဆက်လက်ပြီး တာဝန်ထမ်းဆောင်ရတာပါ၊ ကျွန်တော့်အပေါ်မှာ ယုံကြည်စိတ်နဲ့ ထပ်မံတောင်းဆိုကြတာကြောင့် ဒီထက်ပိုပြီးကြိုးစားရမယ်၊ တာဝန်ပိုကြီးပြီး ပိုအလုပ်လုပ်ရပါမယ်"ဟု ပြောသည်။

ထို့ပြင် ညီလာခံမှ ဆွေးနွေးမှုများအရ ထွက်ပေါ်လာသည့် ရလဒ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် သဘင်ဥပဒေပေါ်ထွက်လာစေရန် သဘင်လောကသားများ ဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)၏ ပထမအကြိမ် သဘင်ညီလာခံနှင့် ဗဟိုသဘင် ရွေးကောက်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကော်မတီဝင်များ၊ မြို့နယ်များမှ ကိုယ်စားလှယ်များ၊ ပြင်ပသဘင်ပညာရှင်ကြီးများနှင့် ဖိတ်ကြားထားသူ ၆၀၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

# စွန့်ပစ်မြေစာပုံပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူ လေးဦးပျောက်ဆုံး



**ဖားကန့် မတ် ၁၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ကန်ခါကျေးရွာအနီး ကျောက်စိမ်းတောင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီတွင် မတ် ၁၆ ရက် ည ၁၀ နာရီ ၄၅ မိနစ်က စွန့်ပစ်မြေစာပုံ ပြိုကျမှုကြောင့် မြေစာပုံပိ၍ ရေမဆေးကျောက်ရှာဖွေသူ လေးဦးပျောက်ဆုံးလျက်ရှိပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖားကန့်မြို့နယ် လုံးခင်းကျေးရွာ၏ အနောက်ဘက် ၁၅ မိုင်ခန့်အကွာ ကန်ခါကျေးရွာအနီး ကျောက်စိမ်းတောင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ၏ စွန့်ပစ်မြေစာပုံပြိုကျခဲ့မှုကြောင့် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ရှမ်းစုရပ်ကွက်နေ လှရင်ပု(၂၁နှစ်)နှင့် မင်းဇော်တူး(၂၁နှစ်)၊ ကန်ခါကျေးရွာနေ မျိုးဦး(၂၅နှစ်)၊ ကရင်ချောင်ကျေးရွာနေ ဇင်မင်းဦး(ခ)ဖိုးစီ(၂၅နှစ်)တို့ လေးဦးမှာ ပျောက်ဆုံးနေပြီး ကုမ္ပဏီပိုင် မြေသယ်ယာဉ်နှစ်စီး စွန့်ပစ်မြေစာများ ဖုံးလွှမ်းသွားခဲ့သည်။

အဆိုပါ မြေစာပုံပြိုကျရာနေရာသို့ နယ်မြေလုံခြုံရေးရဲတပ်ဖွဲ့မှ ဒုတိယ ရဲမှူးကြီးသိန်းနွယ်လှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သိရသည်။ **(ယာပုံ)**

"ပုံမှန်ကတော့ ည ၁၁ နာရီဆိုရင် မြေစာစွန့်ပစ်တာ၊ ရေမဆေးကျောက်ရှာဖွေတာ နားပါတယ်၊ အခုက ၁၀ နာရီ ၄၅ မိနစ်မှာ မြေစာပုံပြိုကျခဲ့တာဖြစ်လို့ လူဦးရေနည်းသွားတာ ကံကောင်းတယ်ပဲ ပြောရမလား၊ မြေစာပုံထဲ ပါသွားတဲ့ လေးဦးကတော့ ကံဆိုးသွားတာပါ၊ ထိခိုက်ဒဏ်ရာ ရရှိသွားတဲ့သူတစ်ယောက်ကိုတော့ ဖားကန့်ဆေးရုံကို ဆေးကုသဖို့ တင်ပို့ထားပေးပါတယ်၊ ကျွန်တော်တို့လည်း မြေစာပုံပိသွားတဲ့သူတွေကို တတ်နိုင်သလောက် ကြိုးစားပြီး ရှာဖွေနေပါတယ်" ဟု ဆိပ်မူကျေးရွာ သင်္ဂြိုဟ်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးခင်မောင်က ပြောသည်။

**ဝင်းနိုင်(ကချင်မြေ)**



ဆီဘောက်ဆာယာဉ်တိမ်းမှောက်၍ မီးလောင်မှုအား မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ကြစဉ်။

# လယ်ဝေးမြို့နယ် သာဝတ္ထိမြို့၌ ဆီဘောက်ဆာယာဉ်တိမ်းမှောက်၍ မီးလောင်

**နေပြည်တော် မတ် ၁၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် သာဝတ္ထိမြို့တွင် ယနေ့ ညနေ ၄ နာရီက ဆီဘောက်ဆာယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်မှုဖြစ်ပွားရာ နေအိမ်ကိုးလုံးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့ မီးလောင်ဆုံးရှုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ ညနေ ၃ နာရီ ၄၅ မိနစ်ခန့်က သာဝတ္ထိမြို့ ရန်ကုန် - မန္တလေးကားလမ်းနှင့် သာဝတ္ထိဈေးလမ်းဆုံ မိုင်တိုင်အမှတ် ၂၂၀/၃ တွင် မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း (စုံစမ်းဆဲ) မောင်းနှင်လာသော YGN 6I / ------ ၂၂ ဘီး ဆီဘောက်ဆာယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ တိမ်းမှောက်၍ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုကြောင့် ယာဉ်နောက်လိုက် ဇော်မျိုးဦး(၂၁နှစ်)မှာ မီးလောင်ဒဏ်ရာများ ပြင်းထန်စွာ ရရှိသဖြင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ တင်ပို့ထားကြောင်းနှင့် ယာဉ်မောင်းမှာ ယာဉ်ပေါ်တွင် မီးလောင်၍ သေဆုံးသွားကြောင်း သိရသည်။

ထို့ပြင် ယင်းဖြစ်စဉ်အနီးရှိ နေအိမ်ကိုးလုံးနှင့် သာဝတ္ထိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့ မီးလောင်ဆုံးရှုံးသွားခဲ့သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် နေပြည်တော်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိ၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သာဝတ္ထိနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးနေကြောင်း သိရသည်။

**သတင်း-မင်းမင်းလတ်(မန်းတက္ကသိုလ်)**
**ဓာတ်ပုံ - ကျော်လှိုင်သင်း(နေပြည်တော်)**

# ကလောမြို့ ပူးပေါင်းစစ်ဆေးရေးစခန်း၌ စိတ်ကြွရူးသွပ်ဆေးပြားလေးသိန်း သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၇**

ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မတ် ၁၆ ရက် ည ၁၀ နာရီက ခရီးသည်တင်မှန်လုံယာဉ်တစ်စီးကို ရှာဖွေရာ ခရီးသည် ခွန်ချစ်စိန် နှင့် ကျော်စော(ခ)မောင်တုံးတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ **(ယာပုံ)**

ရွှေပြည်သာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၆ ရက် နံနက် ၃ နာရီက ရွှေပြည်သာမြို့နယ် အမှတ် ၅/၈ ရပ်ကွက်နေ အောင်ခိုင်၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀၊ ငွေကျပ် ၁၀၆၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၁ နာရီက မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလော-သာစည် သွားကားလမ်းတွင် မိုးမြင့်နိုင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၄ ဒသမ ၅ ကီလိုကိုလည်းကောင်း။

မူးယစ်တပ်ဖွဲ့စု ၂၉ မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ နံနက် ၁၁ နာရီခန့်က မိုင်းဆတ်မြို့နယ် မိုင်းဆတ်-မိုင်းတုံသွားကားလမ်းတွင် ကျခါးသော် မောင်းနှင်ပြီး ယာကို(ခ)ကျရှဲ(ခ)ကျဘိုဆေး လိုက်ပါလာသည့် ဆိုင်ကယ်မှာ စစ်ဆေးသည့်နေရာမရောက်မီ လှဲချကာ လျှိုအတွင်းသို့ ခုန်ချထွက်ပြေးသွား၍ လိုက်လံဖမ်းဆီးရာ ယာကို(ခ)ကျရှဲ(ခ)ကျဘိုဆေးအား ဖမ်းဆီးရမိခဲ့ပြီး ဘိန်းဖြူ ၁၁၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း၊ အလားတူ မူးယစ်တပ်ဖွဲ့စု ၂၆ ပင်လောင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ညပိုင်းက ပင်လောင်းမြို့နယ် မိုင်တိုင်အမှတ် ၄၄/၁ အနီးတွင် မောင်တီး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



# မော်တော်ယာဉ်ခိုးယူသူများအား ဖမ်းဆီးရမိ

**မြစ်ငယ် မတ် ၁၇**

အမရပူရမြို့နယ် မြစ်ငယ်မြို့ စက်ကွေ့ရပ်နေ ဦးချစ်ဌေးသည် မတ် ၁၃ ရက်ညဦးပိုင်းတွင် ၎င်းပိုင်ဆိုင်သော 6k/---- Toyota AXIO ယာဉ်အား နေအိမ်ရှေ့ ရန်မန်းကားလမ်းဘေးတွင် မှန်တံခါးပိတ် လော့ခ်ချကာ မိုးကာဖြင့် အုပ်ပြီးရပ်တန့်ထားစဉ် မတ် ၁၄ ရက် နံနက် ၃ နာရီက မော်တော်ယာဉ်မှာ ပျောက်ဆုံးနေသည်ကို သိရှိရသဖြင့် ခိုးယူသွားသူအား စုံစမ်းဖော်ထုတ် အရေးယူပေးရန် လာရောက်တိုင်တန်း၍ မြစ်ငယ်နယ်မြေရဲစခန်းက အမှုဖွင့်လုစ်ခဲ့သည်။

ယင်းနောက် စခန်းမှူး ရဲအုပ်ကြည်ဦးနှင့်အဖွဲ့၊ မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်အောင်ကိုဝင်းနှင့်အဖွဲ့တို့သည် ပျောက်ဆုံးမော်တော်ယာဉ်နှင့် ခိုးယူသွားသူအား အမြန်ဆုံးဖမ်းဆီးရမိရေး လိုက်လံစုံစမ်းနေစဉ် မတ် ၁၆ ရက် နံနက် ၇ နာရီခန့်က မြစ်ငယ်-စစ်ကိုင်းလမ်းဘေးရှိ ကားဝပ်ရှော့တစ်ခုတွင် အမှုမှ ပျောက်ဆုံးမော်တော်ယာဉ်နှင့် ပုံသဏ္ဌာန်တူသည့် မော်တော်ယာဉ်တစ်စီးအား တွေ့ရှိသဖြင့် စစ်ဆေးရာ အဆိုပါမော်တော်ယာဉ်မှာ ပျောက်ဆုံးသွားသော 6k/---- Toyota AXIO ယာဉ်ဖြစ်ကြောင်း စစ်ဆေး တွေ့ရှိရ၍ မော်တော်ယာဉ်နှင့် ခိုးယူသူ ကျော်ဇေယျ (၃၂နှစ်) ရန်ကင်းရပ်ကွက် မြစ်ငယ်မြို့ နေသူနှင့်အတူ ခိုးယူသူ ကတုံး(ခ)ကောင်းမြတ်ကျော် (၂၈နှစ်) မြောက်ဥယျာဉ်ရပ် တံခွန်တိုင်ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်နေသူတို့အား ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# တရားဝင် စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်နှစ်စီးဖမ်းမိ

**နေပြည်တော် မတ် ၁၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ် ၁၆ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စု လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၄၈ စီး၊ သွင်းကုန် ၈၆၄ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၁ စီး၊ သွင်းကုန် ၁၈၄ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၁၆ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၁၁၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၇၄ သန်းခန့် စုစုပေါင်းတားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၈၅၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၆ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော ရွှေဖြူရော်ဘာခြံလမ်းနှင့် သစ်ဆိပ်ပင်ရှောင်ကွင်းလမ်းတို့၌ စစ်ဆေးမှုများဆောင်ရွက်စဉ် DAIHA TSU HUET PICK UP ယာဉ်တစ်စီးနှင့် NISSAN ELEGRAND STATION WAGON ယာဉ်တစ်စီးတို့ ဖြတ်သန်းမောင်းနှင်သည်ကို တွေ့ရှိ၍ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသဖြင့် အဆိုပါယာဉ်နှစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၅ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လွယ်ဂျယ်၌ ငါးမန်းဂိမ်းလောင်းကစားသူနှင့် လောင်းကစားကိရိယာများ ဖမ်းဆီးရမိ

**မိုးမောက် မတ် ၁၇**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့၌ ငါးမန်းဂိမ်းလောင်းကစားသူများနှင့် လောင်းကစားကိရိယာများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် ဒုစရိုက်နှိမ်နင်းရေးမှ ရဲအုပ်ကျော်မျိုးနိုင်နှင့် လွယ်ဂျယ်နယ်မြေရဲစခန်းမှ နယ်ထိန်း ဇောထွန်းလွင်တို့သည် မတ် ၁၆ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်က လွယ်ဂျယ်မြို့ အောင်သီရိရပ်ကွက် မအေးပွဲ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ငါးမန်းလောင်းကစား ပြုလုပ်နေသော ဂိမ်းဆိုင်အလုပ်သမား အောင်ခန့်နှင့်အတူ ငွေကျပ် ၆၀၀၀၀၊ တရုတ် ယွမ်ငွေ ၃၅၀ နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မအေးပွဲ (၃၉ နှစ်)၊ အောင်ခန့် (၃၅ နှစ်) အောင်သီရိရပ်ကွက်နေသူတို့ကို လွယ်ဂျယ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆီမီးခုံ(နန်းရီ)**

## MFF Futsal Open Cup ပြိုင်ပွဲ အုပ်စုပွဲများကျင်းပ

**ရန်ကုန် မတ် ၁၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပလျက်ရှိသည့် MFF Futsal Open Cup ပြိုင်ပွဲ အုပ်စုပွဲများကို ယနေ့နံနက်ပိုင်းမှစ၍ ရန်ကုန်မြို့ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁ သုဝဏ္ဏ၌ ဆက်လက်ကျင်းပရာ မျိုးချစ်လူငယ်၊ မြို့မ၊ ရွှေခရမ်း၊ SAKA ၊ VUC နှင့် ၁၄/၁၅ အသင်းတို့ နိုင်ပွဲများရခဲ့သည်။

ယနေ့ကျင်းပသည့်ပွဲများတွင် မျိုးချစ်လူငယ်အသင်းက ဂန္ဓမာအသင်းကို ကိုးဂိုး-ဂိုးမရှိ၊ မြို့မအသင်းက Montaung အသင်းကို ၂၀ ဂိုး-သုံးဂိုး၊ ရွှေခရမ်းအသင်းက Sport Idiot အသင်းကို ၁၆ ဂိုး-တစ်ဂိုး၊ SAKA အသင်းက KWC အသင်းကို ငါးဂိုး-လေးဂိုး၊ ၁၄/၁၅ အသင်းက ရွှေသီဟအသင်းကို ကိုးဂိုး-ရှစ်ဂိုး၊ VUC အသင်းက Brotherhood အသင်းကို ၁၈ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပွဲစဉ်အလိုက်အကောင်းဆုံးဆုများကို မျိုးချစ်လူငယ်အသင်းမှ ဟိန်းမင်းသွေး၊ မြို့မအသင်းမှ ဇေယျာထွန်း၊ ရွှေခရမ်းအသင်းမှ မင်းချစ်သူ၊ SAKA အသင်းမှ ပြည့်ဖြိုးအောင်၊ ၁၄/၁၅ အသင်းမှ ရဲကိုကို၊ VUC အသင်းမှ ငြိမ်းမင်းစိုးတို့က ရရှိသည်။ **ရဲရင့်ရှိုင်း**

## မြန်မာ့ရုပ်မြင်သံကြား

**၁၈ -၃-၂၀၁၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက်ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၃၈)
၉း၁၀ - "(၁၇)ကြိမ်မြောက် အရှေ့တောင် အာရှနိုင်ငံများ၏ စာကြည့်တိုက်မှူးများ ညီလာခံတွေ့ဆုံဆွေးနွေးခန်း အစီအစဉ်"
၁၀း၀၀ - Sunday Talk
၁၁း၃၀ - ပြည်မကြီးမှစားဖွယ်ရာများ (အပိုင်း-၁၂)
၁၂း၃၀ - This Week's Special Interest
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "ချစ်မီးလျှံထဲကမေချို" ကျော်သူ၊ ထွန်းထွန်းနိုင်၊ ခိုင်ခင်ဦး (ဒါရိုက်တာ-ရွှေထီး)

**ညပိုင်း**

၁၆း၃၅ - "မတ် ၂၀၁၈ ၊လပတ်မိုးလေဝသအစီအစဉ်"
၁၇း၀၅ - သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ရွှေကြာ"
၁၈း၃၅ - SEAPJ (အရှေ့တောင်အာရှနိုင်ငံကလေးသူငယ်များဆိုင်ရာ ရုပ်ရှင်ပွဲတော်) " The Future Star's Weekend "
၁၉း၃၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "မြေပျိုမယ်ရဲ့မာယာလှည့်ကွက်" (အပိုင်း-၇၅)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - " In & Out " လေးဖြူ (မြတ်မြို့ခရီးစဉ်)(အပိုင်း-၅)
- မြန်မာ့ရုပ်မြင်သံကြားဇာတ်လမ်း "ငအ" မင်းမော်ကွန်း၊ ဇင်ဝိုင်း၊ မြတ်သူအောင်၊ အိချောပို (ဒါရိုက်တာ-ညိုမင်းလွင်)

## နိုင်ငံပေါင်း ၁၇ နိုင်ငံမှ တာဝေးအပြေးသမား ၃၂ ဦး ပါဝင်သော တောင်တက်လမ်းမာရသွန်ပြိုင်ပွဲကျင်းပ

**သံတောင်ကြီး မတ် ၁၇**

ကရင်ပြည်နယ် သံတောင်ကြီးဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အလုပ်အမှုဆောင်အဖွဲ့နှင့် Myanmar Responsible Tourism Institute တို့ပူးပေါင်း၍ သံတောင်ကြီးဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အထူးအစီအစဉ်တစ်ရပ်ဖြစ်သော နိုင်ငံပေါင်း ၁၇ နိုင်ငံမှ တာဝေးအပြေးသမား ၃၂ ဦးနှင့် မြန်မာနိုင်ငံသား ၁၀ ဦးတို့သည် မတ် ၁၇ ရက် နံနက် ၇ နာရီက သံတောင်မြို့ ၁၃ မိုင်မှစတင်ပြေးခဲ့ကြပြီး တောင်ပေါ်တက်လမ်းအတိုင်း သံတောင်ကြီးမြို့သို့ အကွာအဝေး ၁၇ မိုင်ခန့်ခရီးကို ပြေးခဲ့ကြသည်။



အဆိုပါ တာဝေးအပြေးပြိုင်ပွဲတွင် Mr-Nigel klein(Australia)မှ စံချိန် ၂နာရီ ၁၉ မိနစ် ပထမပန်းတိုင် ဝင်ရောက်ခဲ့ပြီး ဒုတိယအဖြစ် Mr-Yoshinobu Matsui(Japan)မှ ၂ နာရီ ၂၃ မိနစ်တွင်လည်းကောင်း၊ တတိယအဖြစ် Mr-Frederic Inza (French) မှ စံချိန် ၂ နာရီခွဲတွင်လည်းကောင်း ပန်းတိုင်ဝင်ရောက်ခဲ့ကြသည်။ အမျိုးသမီး Ms-Sabine kania (Switzerland) က စံချိန် ၂ နာရီ ၄၇ မိနစ်တွင် ပန်းတိုင်ဝင်ရောက်ခဲ့ကြောင်း သိရသည်။ ပန်းတိုင်ဝင်ရောက်သူများကို သံတောင်ကြီးဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအလုပ်အမှုဆောင်အဖွဲ့မှ ပန်းခြောက်များ ပေးကမ်းခြင်းနှင့် လက်ဆောင်များ ချီးမြှင့်ပေးခဲ့ကြသည်။ ဆုရရှိသူများကို ညနေ ၆ နာရီခွဲတွင် တည်းခိုခန်း၌ ဆုများ ပြန်လည်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

✻ *ကျောဖုံးမှ*

သိမ်ဖြူလူငယ်အသင်းက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းကို သုံးဂိုး-နှစ်ဂိုး၊ All Star အသင်းက တပ်မတော် (လေ) အသင်းကို သုံးဂိုး-တစ်ဂိုး၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ All Star အသင်းက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အသင်းကို ငါးဂိုး-ဂိုးမရှိ၊ သိမ်ဖြူလူငယ်အသင်းက တပ်မတော် (ရေ) အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲကို မတ် ၁၈ ရက်(ယနေ့) ရပ်နားမည်ဖြစ်ပြီး မတ် ၁၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကာ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော်(လေ)အသင်း၊ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် တပ်မတော် (ရေ) အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပြိုင်ပွဲကို ခုနစ်သင်း ဝင်ရောက်ယှဉ်ပြိုင်နေပြီး အမှတ်အများဆုံးနှစ်သင်း ဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။ ပြိုင်ပွဲကို မတ် ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။



All Star အသင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အသင်း ယှဉ်ပြိုင်နေစဉ်။

**သတင်း-ရဲရင့်ရှိုင်း**
**ဓာတ်ပုံ-စိုးညွန့်**

### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### တင်ဒါအမှတ်စဉ်(၁/၂၀၁၈)

၁။ လမ်းဦးစီးဌာန၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၀)၊ ရေကြည်မြို့၏ ၂၀၁၈ ဘဏ္ဍာရေးနှစ် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်ပစ္စည်းများကို ပထမအကြိမ်လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်ပစ္စည်းများ၏ဝယ်ယူလိုသည့် အမျိုးအစား၊ အရေအတွက်၊ အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းချက်များကို လမ်းအထူးအဖွဲ့(၂၀) ရေကြည်မြို့၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂-၄-၂၀၁၈ရက်မှ စတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၁၀-၄-၂၀၁၈ရက် နံနက် ၉နာရီ
(ခ) **တင်ဒါလျှောက်လွှာဖွင့်မည့်ရက်/အချိန်** - ၁၀-၄-၂၀၁၈ရက် နံနက် ၁၀နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံးလမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၂၀)၊ ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။

တင်ဒါလျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို လမ်းအထူးအဖွဲ့(၂၀)၊ ရေကြည်မြို့တွင် ၂-၄-၂၀၁၈ရက်မှစတင်၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**
**ဖုန်း-၀၄၆-၅၂၀၁၀၊ ၀၄၆-၅၂၀၁၁**

### ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့၊ ပြည်သာယာရပ်ကွက်၊ အကွက်အမှတ် ၁၄၊ အောင်ဆန်း ၃၊ ဦးပိုင်အမှတ် ၂(က)+၂(ခ)၊ မြေဧရိယာ ၀ဒသမ၀၅၅+၀ဒသမ၀၅၅ဧက၊ စုစုပေါင်းမြေချိန်ဧရိယာ ၀ဒသမ၁၁၀ဧကရှိမြေအား ဒေါ်လတ်နွဲ့နွဲ့အောင် ၉/မကန(နိုင်)၀၇၅၁၅၈ အမည်သို့ မြေငှားဂရန် အမည်ပြောင်းလျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုပါက မြေပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း။ **ဒေါ်လတ်နွဲ့နွဲ့အောင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မော်ဘီမြို့နယ်၊ အလက(ခွဲ)လေထီးကျောင်း အဌမတန်းမှ မောင်မြတ်ဟိန်းကျော်၏ ဖခင်အမည် ဦးခင်ဇော်(ခ)ဦးခင်မောင်ဇော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**သွေးသည် အသက်**

### တစ်ဦးတည်းဖြစ်ပါကြောင်း

မောင်ရှိန်းထက်အောင်နှင့် မနှင်းလဲ့ဝေတို့၏ ဖခင် မှတ်ပုံတင်အမှတ် ၈/မကန(နိုင်)၁၂၀၂၁၉ ကိုင်ဆောင်သော ဦးသိန်းကျော်ဇော်မိုး(ခ)ဦးသိန်းဇော်မိုး(ခ)ဦးဇော်မိုးမှာ တစ်ဦးတည်းဖြစ်ကြောင်းနှင့် မိခင်ဒေါ်သဲသဲ(ခ)ဒေါ်စန္ဒာငွေးမှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။




**သကြိန်နှိုးလာပြီ**

သကြိန်တွင်း ဗိတ်ရက်ရှည် ဗိတ်မှာဆိုတော့ လိုတဲ့အိမ်စား ဆန်အတွက်ကြိုတင်မှာထားပါ ။

09-73077711 ☎ 013-682844
09-73077722 ☎ 013-682944

စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(လုံးချင်း)၊ မြေကွက်အမှတ်(၈၂) မြေကွက်တည်နေရာအမှတ်(၂)၊ ပျဉ်းမလမ်း၊ ကြီးပွားရေးရပ်ကွက်၊ ပြည်ထောင်စုရိပ်မွန်အိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးလှမြင့်(AD-၀၁၀၂၁၂)၊ ဒေါ်ခင်သိန်းသိန်း(CJ-၀၂၅၄၀၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်နှစ်ဦးဖြစ်သူ (ဖခင်)ဦးလှမြင့်သည် (၁၁-၁-၁၉၉၈) ရက်တွင်လည်းကောင်း၊ (မိခင်)ဒေါ်ခင်သိန်းသိန်းသည် (၃-၁၁-၂၀၁၂)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သည့် ဦးအောင်သန်းမြင့် ၉/မနတ(နိုင်)၀၃၀၈၃၈၊ ဒေါ်ဥမ္မာမြင့် ၉/မနတ(နိုင်)၀၃၀၈၃၉တို့မှ သေစာရင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၏ ကျမ်းကျိန်လွှာ (၁-၁၉၄၄/၂၂-၁-၂၀၁၈)နှင့် ဂရန်မူရင်းတို့တင်ပြပြီး ၎င်းတို့၏ ကိုယ်စားလှယ်လွှဲစာရသူ(G.P) ဦးဖြိုးနိုင် ၁၂/သဃက(နိုင်)၀၁၅၀၁၆ မှ ပါဝါပေးသူများ သက်ရှိထင်ရှားရှိကြောင်း၊ ယနေ့ထက်တိုင် ပါဝါရုပ်သိမ်းခြင်း မရှိသေးကြောင်း မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၏ ကျမ်းကျိန်လွှာ ၁-၁၉၄၇/၂၄-၁-၂၀၁၈ တင်ပြ၍ ပိုင်ဆိုင်+အရောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် ကွင်းဆင်းစစ်ဆေးရာ လျှောက်ထားမြေရှိနှစ်ထပ်တိုက်တွင် (G.P) ဦးဖြိုးနိုင်မိသားစုနေထိုင်ကြောင်း တွေ့ရှိရသဖြင့် အဆိုပါလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပြည်မြို့၊ နဝင်းနယ်မြေ၊ ဖိုးခေါင်ကွက်သစ်၊ အပိုင်း(၃)နေ ဦးဖုန်းမြင့်ဝေ-ဒေါ်တင်ငွေးတို့၏ သား မောင်ဖိုးဖြူ(ခ)မောင်သန့်ဇင်ဦး ၇/ပမန(နိုင်)၁၆၅၂၁၃ သည် မိဘညီအစ်ကို မောင်နှမများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ ၎င်း၏ သဘောဆန္ဒအလျောက် မိခင်၊ ဖခင်တို့၏ နေအိမ်မှ ၈-၂-၂၀၀၆ ရက်က ထွက်သွားခဲ့ပြီး တစ်စုံတစ်ရာ ဆက်သွယ်၍ မရခဲ့ပါ။ ထို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**

**ဦးဖုန်းမြင့်ဝေ ၇/ပမန(နိုင်)၀၇၄၀၇၆**
**ဒေါ်တင်ငွေး ၇/ပမန(နိုင်)၀၇၄၀၇၇**

### သားအဖြစ်မှရာသက်ပန်အမွေပြတ်စွန့်လွှတ်ခြင်း

တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ နယ်မြေ(၅)နေ ဦးတင်ဦးကြိုင် ၉/တကန(နိုင်)၀၀၃၆၈၆ ၏သား မောင်ရဲမင်းနိုင် ၉/တကန(နိုင်)၁၃၃၇၈၁ သည် မိဘနှင့် မောင်နှမများကို အသိပေးခြင်းမရှိဘဲ မိဘမောင်နှမနှင့် ဆွေမျိုးများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအရှက်ရစေသည့်ကိစ္စရပ်များအား ၎င်း၏ သဘောဆန္ဒရှိသည့်အတိုင်း ပြုမူလုပ်ဆောင်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်သည်။

နောက်နောင်၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်း သည်းခံပါ။**

**ဦးတင်ဦးကြိုင် မိသားစု**
**၉/တကန(နိုင်)၀၀၃၆၈၆**

### ၁၆-၃-၂၀၁၇ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၃)ရှိ ဦးစိုးတင့်ဆွေ ၅/ပလန(နိုင်)၀၅၃၁၂၉(ဘ)ဦးချစ်ပေါနှင့် အများသိစေရန် ကြေညာချက်အပေါ် ဦးစိုးတင့်ဆွေဘက်မှ ဒေါ်မိမိစံ(ခ)မဖျင်ဝှမ်နှင့်အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာချက်

အမှတ်(7/E)၊ ဆရာစံကွန်ဒို၊ တင့်ဆန်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ကျွန်ုပ်၏အမှုသည် ဦးစိုးတင့်ဆွေ ၅/ပလန(နိုင်) ၀၅၃၁၂၉ ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်မိမိစံ(ခ)မဖျင်ဝှမ် ၁/မကတ(နိုင်)၀၇၉၇၃၁ကိုင်ဆောင်သူနှင့် အများသိစေရန် ပြန်လည် ရှင်းလင်းကြေညာအပ်သည်မှာ ဦးစိုးတင့်ဆွေနှင့်မမိမိစံတို့သည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးနှင့် Ko Shan Myanmar Co.,Ltd. Groupတို့ချုပ်ဆိုသော ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ် ခရီးသည်ပို့ဆောင်ရေးဌာနခွဲ အမှတ်-(၈)၊ မြေ ၂ဒသမ၇၅၆ဧကငှားရမ်းသည့် သဘောတူစာချုပ်အရ ဒေါ်မိမိစံမှ တစ်နှစ်စာငှားရမ်းခငွေ ကျပ်သိန်း(၁၈၀၀)ကို စိုက်ထုတ်ကူညီဆောင်ရွက်ပေးခဲ့သော်လည်း အဆိုပါ လုပ်ငန်းကိစ္စအဆင်မပြေခဲ့သဖြင့် ဒေါ်မိမိစံနှင့် (၁)ဗိုလ်မှူးမျိုးအောင်၊ (၂) ဦးစိုးတင့်ဆွေတို့အပေါ် အဆိုပါငွေကြေးကိစ္စအတွက် ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ် ချုပ်ဆိုခဲ့ကြပြီး ထိုငွေအတွက် ဦးစိုးတင့်ဆွေမှ ဒေါ်မိမိစံယုံကြည်မှုရှိစေရန်အတွက် ဦးစိုးတင့်ဆွေနှင့် ဦးဝင်းတင်တို့ချုပ်ဆိုထားသည့် လှည်းကူးမြို့နယ်၊ သာယာကုန်းကျေးရွာအုပ်စု၊ ပဒဲကောမြောက်ကွင်း၊ ကွင်းအမှတ်(၉၈၄) ဦးပိုင်အမှတ်(၁၆/ဃ)+ (၁၇/တ)+(၃၄/က)+(၃၄/ခ)၊ မြေမျိုး(လယ်)၊ လယ်ယာမြေဧရိယာစုစုပေါင်း ၂၁ဒသမ၈၆ဧကရှိ လယ်ယာမြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား ၂၅-၂-၂၀၁၇ရက်စွဲပါ နှစ်ဦးသဘောတူလယ်ယာမြေအရောင်းအဝယ်ကတိစာချုပ် မူရင်းတစ်စောင်၊ အဆိုပါ လယ်ယာမြေအတွက် ဦးဝင်းတင်အမည်ပေါက် ပုံစံ(၇)၊ စာရွက်နှစ်ရွက်တို့အား ယုံကြည်စွာပေးအပ် အပ်နှံခဲ့သည့်အပြင် ဦးစိုးတင့်ဆွေနှင့် ဒေါ်မိမိစံတို့သည် ၁-၇-၂၀၁၇ရက်စွဲပါ လယ်ယာမြေအရောင်းအဝယ် စရန်ပေးကတိစာချုပ်နှင့် ငွေချေးငှားခြင်းကတိစာချုပ်တို့အား ယုံကြည်မှုရှိစေရန် ထပ်မံချုပ်ဆိုပေး ခဲ့ခြင်းသာဖြစ်ပါသည်။ အဆိုပါလယ်ယာမြေကွက်နှင့် ပတ်သက်၍ ဦးစိုးတင့်ဆွေအနေဖြင့် ဟန်ဆောင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးခဲ့ခြင်းသာဖြစ်ပြီး အမှန်တကယ်အရောင်းအဝယ်ပြုလုပ်ပေးခဲ့ခြင်းမရှိသလို ငွေအပေးအယူလည်းမရှိသဖြင့် ဒေါ်မိမိစံအနေဖြင့်၊ အဆိုပါ လယ်ယာမြေကွက်ပေါ်ပိုင်ရေးပိုင်ခွင့်လည်းမရှိ၊ အမည်ပြောင်းလဲဆောင်ရွက်ခွင့်မရှိသဖြင့် ဒေါ်မိမိစံအား အသိပေးလိုသည်မှာ ဦးစိုးတင့်ဆွေနှင့်ပေးရန်ရှင်းရန် ကိစ္စများကို ညှိနှိုင်းရှင်းလင်းဆောင်ရွက်ပြီး ဦးစိုးတင့်ဆွေမှ ဟန်ဆောင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ ယုံကြည်စွာပေးအပ်ထားသည့် အဆိုပါ ဦးဝင်းတင် အမည်ပေါက် လယ်ယာမြေစာရွက်စာတမ်းမူရင်းများအား ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း ဦးစိုးတင့်ဆွေထံသို့ ဆက်သွယ်ရှင်းလင်းပြီး ပြန်လည်ပေးအပ်ရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးတင့်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအေးမောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၀၃)**

**ဒေါ်ကြူကြူမာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၇၃)**

**ဒေါ်ခင်သီတာအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၃၈၅)**

**ရုံးခန်းအမှတ်-တိုက်-၁၆၊ ပထမထပ်(B)၊ ၁၆၄ လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၃၁၉၆၀၅၆၊ ၀၉-၂၅၈၁၃၇၇၅၃**

# သမ္မတရှီကျင့်ဖျင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခံရ



**ပေကျင်း မတ် ၁၇**

(၁၃) ကြိမ်မြောက် အမျိုးသားပြည်သူ့ကွန်ဂရက် ပထမအကြိမ်အစည်းအဝေး၌ လက်ရှိတာဝန်ထမ်းဆောင်နေသော တရုတ်သမ္မတရှီကျင့်ဖျင်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် မတ် ၁၇ ရက်က ဖော်ပြခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကိုထိန်းသိမ်းသွားရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပေါ် သစ္စာစောင့်သိပါမည်၊ ထို့အပြင် တရားဥပဒေနှင့်ဆိုင်သော လုပ်ငန်းတာဝန်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသည့် တရုတ်သမ္မတရှီကျင့်ဖျင်က မတ် ၁၇ ရက်က ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၆၄ နှစ်ရှိပြီဖြစ်သည့် ရှီကျင့်ဖျင်ကို တရုတ်နိုင်ငံ၏ သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်ကလည်း သဝဏ်လွှာပေးပို့ခဲ့သည်။

တရုတ်နိုင်ငံ၏ အမျိုးသားပြည်သူ့ကွန်ဂရက်တွင် ယခုကဲ့သို့ သမ္မတအဖြစ် ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံခဲ့ရသည့်အတွက် အဆွေတော်၏ မြင့်မြတ်သောဂုဏ်သိက္ခာနှင့်ဂုဏ်ပုဒ်ကို နောက်ထပ်တစ်ဖန် သက်သေထူလိုက်ခြင်းပင်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ၏ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာသည့် လူမှုစီးပွားရေးကဏ္ဍနှင့် နိုင်ငံတကာဇာတ်ခုံပေါ်တွင် မိမိနိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည့် စွမ်းဆောင်မှုတို့ကို အသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်ကြောင်း သဝဏ်လွှာတွင် ဖော်ပြထားသည်။

ထို့အပြင် ရုရှား-တရုတ်နှစ်နိုင်ငံဆက်ဆံရေးမှာ ယခုနှစ်ပိုင်းတွင် အသစ်တစ်ဖန်ထပ်မံတိုးမြှင့်လာသည်ဖြစ်ရာ နိုင်ငံကြီးများအကြား ဖွံ့ဖြိုးမှုတအောင်၊ အပြန်အလှန်အကျိုးအမြတ်ဖြစ်ထွန်းအောင် ပူးပေါင်းဆောင်ရွက်မည့် စံနမူနာကောင်းဖြစ်လာကြောင်း၊ အဆွေတော်နှင့် ထပ်မံတွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရမည့်အတွက် အလွန်ကိုပင် နှစ်သက်ရွှင်လန်းဝမ်းမြောက်ရပါကြောင်း နှင့် နှစ်နိုင်ငံဆက်ဆံရေးပိုမိုခိုင်မြဲအောင် ထပ်မံတိုးမြှင့်လုပ်ဆောင်နိုင်မည်ဟု ယုံကြည်ပါကြောင်းစသည်ဖြင့် ဖော်ပြထားသည်။

ရုရှားနှင့်တရုတ်နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းအောင် ပူးပေါင်းဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံပြည်သူများအတွက် အကျိုးစီးပွားကို ဖော်ဆောင်နိုင်မှာဖြစ်သလို အာရှ-ဥရောပတွင်သာမက တစ်ကမ္ဘာလုံးတွင်လည်း တည်ငြိမ်အေးချမ်းရန် အထောက်အပံ့ကောင်းဖြစ်လာမည်ဖြစ်ကြောင်းနှင့် အဆွေတော် ကာယသုခ ဉာဏသုခနှစ်ဖြာသောသုခအပေါင်းနှင့်ပြည့်စုံကာ နိုင်ငံတော် သမ္မတတာဝန်များကိုထမ်းဆောင်ပြီး အောင်မြင်မှုများရရှိပါစေကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ၎င်း၏ သဝဏ်လွှာထဲတွင် ရေးသားဖော်ပြထားသည်။

**ဆင်ဟွာ**



# ကဘူးမြို့၌ အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် သုံးဦးသေဆုံး

**ကဘူးလ် မတ် ၁၇**

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးရှိ ဒက်စ်ပီချာရီဒေသတွင် မတ် ၁၇ ရက်က အသေခံဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူသုံးဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဝါဟစ်မာဂျော့ဟ်က အတည်ပြုပြောကြားခဲ့သည်။

၎င်း၏ ပြောကြားချက်အရ သေဆုံးသူသုံးဦး၏ ရုပ်အလောင်းများနှင့် ဒဏ်ရာရရှိသူ လေးဦးတို့ကို ကဘူးမြို့ရှိ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

ကနဦးအစပိုင်းက ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ နာဂျစ်ဒါနက်က ကဘူးမြို့တွင် ဖြစ်ပွားသောတိုက်ခိုက်မှုသည် အသေခံဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့သော်လည်း မည်သည့်အသေးစိတ်အချက်မျှ ဆက်လက် ပြောဆိုခြင်းမရှိခဲ့ပေ။

အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာအာဏာပိုင်များက စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေကြောင်း ပြောခဲ့သည်။ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် နေရာကို ရဲတပ်ဖွဲ့က တာဝန်ရှိသူမှအပ မဝင်ရဆိုသည့် ကြိုးများဖြင့် ကာရံထားပြီး သတင်းထောက်များကို အခင်းဖြစ်ပွားရာနေရာသို့ ဝင်ရောက်၍ သတင်းများရယူခြင်းမှ တားမြစ်ထားကြောင်း သိရသည်။ အဆိုပါတိုက်ခိုက်မှုကို တာလီဘန်တို့ပြုလုပ်ခဲ့သည်ဟု ပြောဆိုခဲ့ကြသည်။ အဆိုပါလက်နက်ကိုင်သောင်းကျန်းသူများသည် နိုင်ငံခြားတပ်ဖွဲ့များလိုက်ပါစီးနင်းလေ့ရှိသည့် ယာဉ်တန်းများကို အဓိကထားတိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည့်အတွက် သေဆုံး ဒဏ်ရာရမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# ရွေးကောက်ပွဲ ဆောလျင်စွာကျင်းပရေး ဆလိုဗက်ပြည်သူများ ဆန္ဒပြ

**ဘရာတစ်ဆလားဗား မတ် ၁၇**

ဆလိုဗက်ပြည်သူထောင်ပေါင်းများစွာ ယမန်နေ့က ဆလိုဗက်နိုင်ငံရှိ မြို့အတော်များများတွင် ရွေးကောက်ပွဲဆောလျင်စွာကျင်းပရေး ဆန္ဒပြခဲ့ကြကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဆန္ဒပြပွဲပူးတွဲစီစဉ်သူတစ်ဦးက လတ်တလောအစိုးရအပြောင်းအလဲများသည် အဓိကပြန်လည်တည်ဆောက်မှုများမဟုတ်ကြောင်း၊ ယခင်ကတည်းက ဆွေးနွေးထားသည့် အကြောင်းတရားများဖြစ်ကြောင်း၊ တကယ့်အရေးကြီးကိစ္စမှာ ကြားဖြတ်ရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သတင်းလောက၊ ဆရာ ဆရာမများနှင့် ကျောင်းသားကိုယ်စားလှယ်များကလည်း အစိုးရနှင့် ကျင့်သုံးနေသည့်စနစ်အပေါ် အယုံအကြည်မရှိကြောင်း ပြောဆိုခဲ့ကြပြီး ပြောင်းလဲမှုများ လုပ်ဆောင်ရန်လိုအပ်ကြောင်းနှင့် ရွေးကောက်ပွဲဆောလျင်စွာကျင်းပနိုင်ရေးစသည်တို့ကိုလည်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့အတူ ကိုယ်စားလှယ်များက ရဲတပ်ဖွဲ့အကြီးအကဲ တီဘောဂက်စ်ပါနှင့် အထူးအစိုးရရှေ့နေ ဒူဆန်ကိုဗာဆစ်ခ်ကိုလည်း ရာထူးမှနုတ်ထွက်ပေးရန်တောင်းဆိုခဲ့ကြသည်။ ဆလိုဗက်နိုင်ငံတစ်ဝန်းအဓိကပြောင်းလဲမှုများမပြုလုပ်မချင်း ဆက်လက်ဆန္ဒပြမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ဆန္ဒပြပွဲဖြစ်မြောက်ရေး ဦးဆောင်လှုပ်ရှားသူများက ပြောခဲ့သည်။

**ဆင်ဟွာ**




# ဖိလစ်ပိုင်မြောက်ပိုင်းတွင် လေယာဉ်ပျက်ကျမှုဖြစ်ပွားရာ ၁၀ ဦးသေဆုံး

**မနီလာ မတ် ၁၇**

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းတွင် မတ် ၁၇ ရက်က လူခြောက်ဦးလိုက်ပါစီးနင်းနိုင်သော အပေါ့စားလေယာဉ်တစ်စင်းပျက်ကျခဲ့ပြီးနောက် လူ ၁၀ ဦးသေဆုံးခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များကပြောခဲ့သည်။ အင်ဂျင်နှစ်လုံးတပ် ပိုက်ပါ ပီအေ-၂၃ အပေါ့စားလေယာဉ်ပေါ်တွင် လိုက်ပါလာသော လူငါးဦးလုံးသေဆုံးခဲ့ပြီး အခြားငါးဦးမှာ လေယာဉ်ပျက်ကျမှုဖြစ်ပွားစဉ် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်အထိ လူ ၁၀ ဦးသေဆုံးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။ အိမ်တစ်လုံးပေါ်သို့ ပျက်မကျခင်လေယာဉ်မှာ ပေ ၄၀ ရှည်သော ဓာတ်အားလိုင်းဖြန့်ဖြူးသည့်တိုင်ကို ဝင်တိုက်ခဲ့ကြောင်း၊ ထို့နောက် ပေါက်ကွဲကာ အိမ်ပေါ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### တူရကီတောင်ပိုင်း၌ တိုက်ခိုက်မှုလုပ်ဆောင်ရန် ကြံစည်သည်ဟုသံသယရှိသူ ၄၇ ဦးကို ဖမ်းဆီးထိန်းသိမ်း

**အန်ကာရာ မတ် ၁၇**

တူရကီတောင်ပိုင်း အဒါနာပြည်နယ်၌ အကြမ်းဖက်တိုက်ခိုက်ရန်ကြံစည်မှုဖြင့် လူ၄၇ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း နိုင်ငံပိုင် အနာဒိုလူသတင်းအေဂျင်စီက သောကြာနေ့တွင် ဖော်ပြခဲ့သည်။

အကြမ်းဖက်ဆန့်ကျင်တိုက်ဖျက်ရေး ရဲတပ်ဖွဲ့သည် အဒါနာပြည်နယ်တစ်လွှားရှိ တည်နေရာပေါင်း ၇၃ ခုတို့တွင် စစ်ဆင်ရေးဆောင်ရွက်ခဲ့ကြောင်း လုံခြုံရေးဆိုင်ရာသတင်းရင်းမြစ်တစ်ခု၏ ပြောဆိုချက်ကို ကိုးကားလျက်အနာဒိုလူသတင်းကဖော်ပြခဲ့သည်။

ကာ့ဒ်အလုပ်သမားပါတီ ပီကေကေ၏ တိုက်တွန်းမှုဖြင့် သံသယရှိသူများသည် လက်နက်များနှင့် အရေးပေါ်ပေါက်ကွဲပစ္စည်းများဖြင့် အကြမ်းဖက်တိုက်ခိုက်မှုလုပ်ဆောင်ရန် ပြင်ဆင်ခဲ့ကြကြောင်း သိရသည်။ ထိန်းသိမ်းဖမ်းဆီးထားသူများတွင် အမျိုးသား ငါးဦးနှင့် အမျိုးသမီး ၁၀ ဦးပါဝင်ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။ ပီကေကေအဖွဲ့ကို တူရကီက အကြမ်းဖက်အုပ်စုစာရင်းတွင်ထည့်သွင်းထားသည်။

ဆင်ဟွာ

### ဆီးရီးယားရှိ အာဖရင်ကိစ္စတွင် ဥရောပပါလီမန်၏ ဆောင်ရွက်မှုကို တူရကီသမ္မတ ကန့်ကွက်

**အန်ကာရာ မတ် ၁၇**

ဆီးရီးယားမြောက်ပိုင်းရှိ ကာ့ဒ်မျိုးနွယ်စုများ နေထိုင်ရာဖြစ်သည့် အာဖရင်၌ တူရကီတပ်မတော်၏ ထိုးစစ်ဆင် တိုက်ခိုက်မှုများကို ရပ်တန့်စေရန် ဥရောပပါလီမန်က တူရကီအားတိုက်တွန်းသည့် ဆောင်ရွက်မှုကို တူရကီသမ္မတ ရီဆက်တေရစ်အာဒိုဂန်က ကြာသပတေးနေ့က ငြင်းဆန်ခဲ့ကြောင်း သိရသည်။

အန်ကာရာရှိ ဆုပေးပွဲအခမ်းအနားတစ်ခု၌ စကားပြောဆိုခဲ့စဉ် အာဒိုဂန်က ဥရောပပါလီမန်သည် ဆီးရီးယားရှိ အာဖရင်ဒေသမှ ဆုတ်ခွာသွားရန် တူရကီကို တောင်းဆိုနေကြောင်း၊ သို့သော် ယခုကဲ့သို့ ကြိုးပမ်းမှုမျိုးသည် အချည်းအနှီး ကြိုးပမ်းမှုသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုသို့ဖြစ်ရန်မမျှော်လင့်နှင့်။ ကျွန်ုပ်တို့လုပ်ဆောင်ရမည့် တာဝန်များမပြီးမချင်းအာဖရင်မှ ထွက်ခွာသွားလိမ့်မည် မဟုတ်ဟု သမ္မတအာဒိုဂန်က ပြောကြားခဲ့ကြောင်း သိရသည်။

ဥရောပပါလီမန်သည် မတ် ၁၅ ရက်တွင် အာဖရင်အရေးနှင့် ပတ်သက်သည့် ဆောင်ရွက်မှုကို အတည်ပြုခဲ့သည်။

ပါလီမန်သည် အာဖရင်ဒေသတွင် ဖြစ်ပွားနေသည့်တင်းမာမှုများနှင့် ပတ်သက်၍ စိုးရိမ်နေကြောင်း သိရသည်။

ဆင်ဟွာ

# ထောက်ခံသူတွေနဲ့ ကန့်ကွက်သူတွေအလယ်က ထရန့်ရဲ့ တံတိုင်းတည်ဆောက်ရေး မူဝါဒ

ကလျာမိုးမြင့်




အမေရိကန်သမ္မတဒေါ်နယ်ထရန့်ဟာ မက္ကဆီကို နယ်စပ်တစ်လျှောက်မှာ တံတိုင်းကာရံမယ့် ၎င်းရဲ့အစီအစဉ်ကို ဆက်တိုက်ဆိုသလို အကောင်အထည်ဖော်ဖို့ ကြိုးစားနေပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အငြင်းပွားမှုတွေ၊ ဝေဖန်မှုတွေ ဘယ်လိုပင် ပေါ်ထွက်နေပေမယ့် လက်လျှော့မယ့်အနေအထားမျိုးမရှိသလောက်ပါပဲ။ အမေရိကန်နဲ့မက္ကဆီကို ကန့်သတ်ပိုင်းခြားလိုက်ဖို့ ထရန့်အမြဲ ဆန္ဒရှိနေခဲ့တဲ့ ကြီးမားလှတဲ့ နယ်စပ်တံတိုင်းကြီး တည်ဆောက်ဖို့အတွက် ထရန့်ဟာ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား ပြည်နယ်မှာရှိတဲ့ ဆန်ဒီဂိုနယ်စပ်မြို့မှာ ရှေးဦးမူလပုံစံရှစ်မျိုးကို ပြီးခဲ့တဲ့ အင်္ဂါနေ့မှာ သွားရောက်လေ့လာခဲ့ပါတယ်။

ဒီလှုပ်ရှား ဆောင်ရွက်မှုတွေက တံတိုင်းကြီးကာရံဖို့ ထရန့်ဘယ်လောက်တောင် စိတ်အားထက်သန်နေတယ်ဆိုတာကို ဖော်ပြနေပြီး လေ့လာစောင့်ကြည့်သူတွေနဲ့ ကျွမ်းကျင်သူအချို့တွေထဲမှာ သံသယဖြစ်စရာတွေကို ပေါ်ပေါက်လာစေခဲ့ပါတယ်။ ဒီလူတွေထဲမှာ အများစုက တံတိုင်းတည်ဆောက်မယ့် အစီအစဉ်ဟာ လူမျိုးရေးဆန်တယ်။ ရိုးရှင်းပြီး အချည်းနှီးသာဖြစ်တဲ့ ရွေးကောက်ပွဲကာလအတွင်း ကတိတစ်ခုသာဖြစ်တယ်လို့ ယုံကြည်နေကြပါတယ်။ မက္ကဆီကိုနယ်စပ်မှာ တံတိုင်းတည်ဆောက်မယ့်ကိစ္စဟာရွေးကောက်ပွဲ အတွင်းမှာ အနိုင်ရရှိဖို့မဲဆွယ်စည်းရုံးခဲ့စဉ်က အဓိကကျတဲ့ ကတိတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ခဲ့ပါတယ်။

ဒါကြောင့်လည်း ထရန့်ဟာ သူလုပ်မယ်လို့ ပြောခဲ့တဲ့အရာကို ဖြစ်အောင်လုပ်နေတယ်ဆိုတာကို ပြဖို့ အချိန်ပေးပြီးတော့ ဒါကို အစပြုဖို့ ကြိုးပမ်းနေပါတယ်။ တည်ဆောက်ရေးလုပ်ငန်းကို ရှေးဦးမူလပုံစံရှစ်မျိုး အပေါ်မှာ အခြေခံပြီးတော့ ပြီးခဲ့တဲ့ စက်တင်ဘာလက စတင်ခဲ့ပါတယ်။

တံတိုင်းတစ်ခုချင်းစီဟာ ၁၈ ပေကနေ ပေ ၃၀ အထိမြင့်ပြီး ကုန်ကျစရိတ်အားဖြင့် အမေရိကန်ဒေါ်လာနှစ်သန်းနဲ့ လေးသန်းကြားမှာ ရှိပါတယ်။ ၂၀၁၇ ဇန်နဝါရီလမှ ထရန့်ဟာ နယ်စပ်တံတိုင်းကို ချက်ချင်းတည်ဆောက်ဖို့အမိန့်ထုတ်ပြန်ချက်တစ်ရပ်ကို လက်မှတ်ထိုးလိုက်တယ်။ အမေရိကန်နဲ့ မက္ကဆီကို နယ်စပ်ဟာ အကြမ်းဖျင်းအားဖြင့် မိုင်ပေါင်း ၂၀၀၀ လောက် ရှည်လျားပြီး လူတွေနဲ့ မော်တော်ယာဉ်တွေ ဝင်ရောက်မှုကို ကာကွယ်ဖို့နယ်စပ်ရဲ့သုံးပုံတစ်ပုံလောက်ကိုသာ စည်းရိုးကာရံထားခြင်း ရှိပါတယ်။

အမေရိကန်ပြည်ထောင်စုဟာ သန်းနဲ့ချီတဲ့ တရားမဝင်ရွှေ့ပြောင်းသွားလာသူတွေစုဝေးရာ နေရာတစ်ခုဖြစ်လာတဲ့ အချိန်ကစပြီး တံတားကြီးကို တည်ဆောက်ဖို့ ဖြစ်လာခဲ့တာပါ။ ရွှေ့ပြောင်းသွားလာသူအများစုဟာ လက်တင်အမေရိကန်ကမှဖြစ်ပြီး မက္ကဆီကိုကနေတစ်ဆင့်အမေရိကန်ကို ဝင်ရောက်လာခြင်း ဖြစ်ပါတယ်။ တံတိုင်းကြီးတည်ဆောက်တဲ့ ကုန်ကျစရိတ်ကို မက္ကဆီကိုက ပေးဖို့ ထရန့်က အကြိမ်ကြိမ်ပြောခဲ့ပြီး အမေရိကန်ရဲ့ အကြီးဆုံးကုန်သွယ်ရေး မိတ်ဖက်နိုင်ငံ ဖြစ်တဲ့ မက္ကဆီကိုကတော့ အကုန်အကျခံဖို့ ပြောလေလေ ဒေါသထွက်လေလေဖြစ်ပြီး ခါးခါးသီးသီး ငြင်းဆန်နေခဲ့ပါတယ်။

ဒါပေမယ့် အိမ်ဖြူတော်နဲ့ ထရန့်ကို ထောက်ခံသူတွေက အခုဆောင်ရွက်နေတဲ့ ခြေလှမ်းအဆင့်ဟာ ရိုးရှင်းပြီး လက်တွေ့ကျတယ်။ ပြီးတော့ အချုပ်အခြာအာဏာပိုင်ဆိုင်တဲ့ ဘယ်နိုင်ငံမဆို ၎င်းရဲ့နယ်စပ်ကို ကာကွယ်ပိုင်ခွင့်အတွက် လုပ်သင့်တာကို ဆက်လုပ်မှာပဲလို့ စွဲမြဲပြောဆိုနေကြပါတယ်။ ထရန့်က ဒီတံတိုင်းဟာ မဖြစ်မနေတည်ဆောက်ရမယ့် တံတိုင်းပဲ၊ မက္ကဆီကိုမှာ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသူတွေ ခြေချင်းလိမ်နေတဲ့ ခုလိုအချိန်မျိုးမှာ မူးယစ်ကုန်သည်တွေ အမေရိကန်ကို ဝင်ရောက်မလာအောင် တားဆီးဖို့လိုကို လိုအပ်ပါတယ်လို့လည်း ပြောခဲ့ပါတယ်။

**"ဒီတံတိုင်းဟာ မဖြစ်မနေတည်ဆောက်ရမယ့် တံတိုင်းပဲ၊ မက္ကဆီကိုမှာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူတွေ ခြေချင်းလိမ်နေတဲ့ ခုလိုအချိန်မျိုးမှာ မူးယစ်ကုန်သည်တွေ အမေရိကန်ကို ဝင်ရောက်မလာအောင် တားဆီးဖို့လိုကို လိုအပ်"**

နယ်စပ်တံတိုင်းကြီး အကောင်အထည်ဖော်ဖို့ အရေးဟာ ကိုယ်စိတ်နှလုံး သုံးပါးလုံးနဲ့ လှိုက်လှိုက်လှဲလှဲ ထောက်ခံရမယ့် ၎င်းရဲ့ မူဝါဒအတွက် အသက်သွေးကြောတမျှ အရေးကြီးနေတယ်လို့ ထရန့်က နားလည်သဘောပေါက်ထားတဲ့ ပုံစံပါပဲ။ ထရန့်ကို ထောက်ခံနေကြတဲ့ လူအများစုဟာဆိုရင် ပိုမိုတင်းကျပ်ခိုင်မာတဲ့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ မူဝါဒကို အလိုရှိနေကြတဲ့ သူတွေပဲဖြစ်ပြီး တံတိုင်းကြီးကို ပိုင်ဆိုင်မှုဟာ အဲဒီလိုလားချက်နဲ့ ကိုက်ညီတယ်လို့ ထင်မှတ်နေသူတွေ ဖြစ်ပါတယ်။

အဆီးအတားဖြစ်စေမယ့်အရာဆိုလို့ တစ်ခုပဲရှိပါတယ်။ အဲဒါကတော့ တံတိုင်းတည်ဆောက်ရမယ့် ကုန်ကျစရိတ်ဟာ သိပ်ကိုကြီးမြင့်လွန်းနေတာပါပဲ။ ပြီးတော့ ဒီတံတိုင်းဟာ တရားမဝင်ရွှေ့ပြောင်းသွားလာသူတွေ အလုံးအရင်းနဲ့ဝင်ရောက်လာမှုကို ရပ်တန့်အောင်လုပ်နိုင်လိမ့်မယ်လို့ ယုံကြည်နေတဲ့လူအနည်းစုလောက်ပဲ ရှိနေပါတယ်။


တံတိုင်းကြီးတည်ဆောက်မှု ကုန်ကျစရိတ်အပြင် တောင်ပိုင်းနယ်စပ်မှာ တံတိုင်းဖွဲ့စည်းတည်ဆောက်မှုနဲ့ ပတ်သက်ပြီး ထောက်ပံ့ပို့ဆောင်မှုနဲ့ ပထဝီသွင်ပြင်အနေအထားဆိုင်ရာ စိန်ခေါ်မှုတွေကလည်း နောက်ထပ် အဆီးအတားတွေ ဖြစ်လာနိုင်တယ်လို့ နိုင်ငံရေးကျွမ်းကျင်သူတွေက မှတ်ချက်ချပါတယ်။ နယ်စပ်မှာ အစောင့်အကြပ်တွေကို ပိုမိုတိုးချဲ့ပြီး ချထားတာ၊ အီလက်ထရွန်နစ်ကင်မရာတွေနဲ့ အာရုံခံကိရိယာတွေကို တပ်ဆင် စောင့်ကြည့်တာတွေလိုမျိုး အကြံဉာဏ်တွေဟာ ပိုပြီးထိရောက်လိမ့်မယ်လို့ လူအများက ထင်မြင်နေကြတယ်။ တကယ်တော့ ရီပတ်ဘလစ်ကန် ဥပဒေပြုအမတ်တွေတောင်မှ နယ်စပ်တံတိုင်းဟာ နယ်စပ်လုံခြုံရေးအတွက် မရှိမဖြစ် အရေးကြီးတယ်လို့ လုံးဝစွဲမြဲယုံကြည်ကြတာ မဟုတ်ပါဘူး။


တချို့ကတော့ တံတိုင်းကြီးရှိနေဖို့ကို ထောက်ခံကြပါတယ်။ အခုအချိန်ဟာ အမေရိကန်က ၎င်းရဲ့နယ်စပ်ကို ကာကွယ်ဖို့ အရေးကြီးဆုံးအချိန်ပဲလို့ ထောက်ခံသူတွေက ပြောဆိုနေကြပါတယ်။ အမေရိကန် နယ်စပ်လုံခြုံရေး အခြေခံအဆောက်အအုံကို ခေတ်မီဆန်းသစ်ပြောင်းလဲတာဟာ သတ်မှတ်ထားတဲ့ အချိန်ထက်တောင် တော်တော်လေး နောက်ကျနေပါသေးတယ်။ ထရန့်က ဒါကိုပြောင်းလဲမယ်လို့ ကတိပေးထားခဲ့ပြီးပြီလို့ Heritage ဖောင်ဒေးရှင်းရဲ့ လက်တင်အမေရိက မူဝါဒဆိုင်ရာ ကျွမ်းကျင်သူ အန်နာကွင်တာနာက ပြောကြားခဲ့ပါတယ်။ နိုင်ငံဖြတ်ကျော်တဲ့ ရာဇဝတ်မှုဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ဖြူးသူတွေရဲ့ ရန်ကနေ အမေရိကန်ပြည်တွင်းက ရင်ဆိုင်နေရတဲ့ ခြိမ်းခြောက်မှုတွေကို တိုက်ရိုက်ဆောင်ရွက်နေတဲ့ တိုက်ရိုက်အဖွဲ့အစည်းတစ်ခုရှိ တယ်။ သမ္မတထရန့်ဟာ ဒီခြိမ်းခြောက်မှုတွေကို တုံ့ပြန်ဆောင်ရွက်ခြင်းအားဖြင့် ၎င်းရဲ့ ရည်မှန်းချက်တွေကို ရိုးရိုးရှင်းရှင်း ဖြည့်ဆည်းဆောင်ရွက်သွားလိမ့်မယ်လို့ ၎င်းက ပြောပါတယ်။


မက္ကဆီကိုဟာလည်းပဲ ၎င်းရဲ့အိမ်နီးချင်း ဂွါတီမာလာနဲ့ ထိစပ်နေတဲ့ တောင်ပိုင်းနယ်စပ်ကို ကာကွယ်နေပါတယ်။ ဒါတွေဟာ လူဝင်မှုကြီးကြပ်ရေး ပုံစံအားလုံးနဲ့ ပတ်သက်ပြီး ခက်ခဲတဲ့မူဝါဒတစ်ခုလို ထင်ဟပ်နေကာ တရားမဝင်ရွှေ့ပြောင်းသွားလာမှုအပေါ်မှာ အထူးအာရုံစိုက်မှုဟာ ထရန့်ရဲ့ နိုင်ငံရေးဆိုင်ရာအခြေချမှုနဲ့ပတ်သက်တဲ့ အဓိကစိုးရိမ်စရာတစ်ခုဖြစ်နေပါတယ်။


အိမ်ဖြူတော်အတွက်ကတော့ လူဝင်မှုကြီးကြပ်ရေး ကိစ္စရပ်အပေါ်မှာ သမ္မတရဲ့ မူဝါဒတွေကို အားဖြည့်ပေးတာဟာ ပိုအရေးကြီးနေပြီး မက္ကဆီကိုနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေးတစ်ရပ်ကို ဆက်လက် ထိန်းထားနိုင်လိမ့်မယ်လို့ ကျွမ်းကျင်သူတွေက မှတ်ချက်ချလိုက်ပါတယ်။ ။

ကိုးကား-ဆင်ဟွာ














မြန် မာ့ ရိုး ရာ အား က စား

# စိုးလင်းဦးနဲ့ ဝီဂျစ်(ထိုင်း) တို့ရဲ့ မကျေပွဲ ပြန်နွှဲကြမယ့် မြန်မာ- ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ

သတင်းဆောင်းပါး မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

**အားကစားလောကသမိုင်းတစ်လျှောက်မှာ ရှေးနှစ်များစွာကတည်းက ပြိုင်ဆိုင်မှုပြင်းထန်ခဲ့တဲ့ အရှေ့တောင်အာရှ အိမ်နီးချင်းနှစ်နိုင်ငံဖြစ်သော မြန်မာနဲ့ ထိုင်းတို့ရဲ့အားစမ်းပွဲက ယနေ့တိုင် အပြန်အလှန် စိန်ခေါ်နေကြဆဲ။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများ၌ ထည့်သွင်းကျင်းပနေသော ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အလေးမ၊ ပြေးခုန်ပစ် အစရှိသော အားကစားပြိုင်ပွဲများမှအစ ယနေ့ရိုးရာလက်ဝှေ့ အားကစားပြိုင်ပွဲသို့ပင် ပြိုင်ဆိုင်မှုက ကူးစက်လာပြီဖြစ်ပါတယ်။ ယနေ့ရိုးရာလက်ဝှေ့လောကမှာ ပြိုင်ဆိုင်မှုပြင်းထန်ပြီး ပရိသတ်စိတ်ဝင်စားမှု တဖြည်းဖြည်း ရေချိန်မြင့်တက်နေသည်က မြန်မာနှင့် ထိုင်း ရိုးရာလက်ဝှေ့ပွဲများပင်။**

**ဝိတ်တန်းအလိုက် နှစ်စဉ်ယှဉ်ပြိုင် ထိုးသတ်နေမှုအများဆုံးမှာလည်း အိမ်နီးချင်း ထိုင်းနှင့် မြန်မာလက်ဝှေ့ပြိုင်ပွဲများက တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားနေပါတယ်။ ယခုနောက်ပိုင်း ထိုင်းနိုင်ငံ၌ ကျင်းပသော မက်မွေထိုင်း၊ ထိုင်းဖိုက် အစရှိသော ပြိုင်ပွဲများသို့ပင် မြန်မာ့ရိုးရာလက်ဝှေ့သမားများ ဖိတ်ခေါ် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မှု ပိုမိုများပြားလာသကဲ့သို့ မြန်မာ့မြေပေါ်သို့ ရိုးရာလက်ဝှေ့နှင့်ပတ်သက်၍ မွေထိုင်းလက်ဝှေ့သမားများ ခြေချလာမှုကလည်း ယခင်နဲ့မတူ တိုးတက်ပြောင်းလဲလာသည်က သာဓကများပင်။ မြန်မာနိုင်ငံတစ်ဝန်း ကျင်းပခဲ့သော ပြည်ပလက်ဝှေ့ပြိုင်ပွဲများ၌ မွေထိုင်းလက်ဝှေ့သမားများ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မှုက ရာနှုန်းပြည့်နီးပါး မြင်တွေ့ရမှာဖြစ်ပါတယ်။**


စိုးလင်းဦး


ဝီဂျစ်(ပါရော့စမွေ)

ယခုလာမယ့် သင်္ကြန်မတိုင်မီ ဧပြီ ၈ ရက်မှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့ အဖွဲ့ချုပ်က ကြီးမှူးပြီး MMTS နှင့် H & S Group တို့ပူးပေါင်းစီစဉ်ကျင်းပတဲ့ မြန်မာ- ထိုင်းနှစ်နိုင်ငံမှ ပထမတန်းနဲ့ ဒုတိယတန်းတို့မှ လက်ဝှေ့ကျော်များ ပါဝင်ယှဉ်ပြိုင်ထိုးသတ်မယ့် လက်ဝှေ့ပြိုင်ပွဲကို ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ အားကစားရုံမှာ ကျင်းပတော့မှာဖြစ်ပါတယ်။ ယင်းနေ့ မွန်းလွဲ ၂ နာရီမှာ ကျင်းပမှာဖြစ်ပြီး မြန်မာ- ထိုင်း အထူးပွဲစဉ်များ အနေနဲ့ မာဂုဏ်မြင့် သံမဏိလူသားဟု တင်စား ခေါ်ဝေါ်နေကြတဲ့ ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးနဲ့ ထိုင်းနိုင်ငံမွေထိုင်း လက်ဝှေ့ကျော် ဝီဂျစ်(ပါရော့စမွေ) တို့ မကျေပွဲ ပြန်လည် ယှဉ်ပြိုင်ထိုးသတ်ကြမှာဖြစ်သလို ရဲသွေးနီ(မြန်မာ)နဲ့ ဝမ်ဖစ် (ထိုင်း)၊ ကရင်လေး(ခ) ဖဒါဝယ်(မြန်မာ)နဲ့ ဘန်ဒါဆတ် (ထိုင်း)တို့က အဓိကတွဲဆိုင်းများအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြမှာပါ။

အဓိက(Main) ပွဲစဉ်အဖြစ် ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် မွေထိုင်း လက်ဝှေ့ကျော် ဝီဂျစ်(ပါရော့စမွေ) ဟာ မြန်မာ့ရိုးရာလက်ဝှေ့နဲ့မစိမ်းတဲ့ မွေထိုင်းလက်ဝှေ့ကျော်တစ်ဦးပါ။ ၂၀၁၅ ခုနှစ် ရေးမြို့ ရွှေဆံတော်ဘုရားပွဲမှာ စိုးလင်းဦးနဲ့ ပထမဆုံးယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးပါတယ်။ အဲဒီပွဲမှာ စိုးလင်းဦးဟာ ပထမအချီမှာပဲ ဝီဂျစ်ရဲ့ အမြင့်ခြေကန်ချက်နဲ့ အနားတောင်းခဲ့ရပါတယ်။ ဒါပေမယ့် ငါးချီပြည့်တဲ့အထိ အရှုံး/ အနိုင်မပေါ်ဘဲ သရေနဲ့ပြီးဆုံးခဲ့သလို ယခုနှစ် ဇန်နဝါရီ ၁၂ ရက်မှာလည်း မြန်မာနိုင်ငံမှာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ မွန်ပြည်နယ် မုဒုံမြို့နယ် ဝင်းစိန်တောရပွဲမှာ ဒုတိယအကြိမ် ပြန်လည်ယှဉ်ပြိုင်ထိုးသတ်ခဲ့ပါတယ်။ ဒုတိယအကြိမ် တွေ့ဆုံမှုမှာလည်း တိုက်တိုက်ဆိုင်ဆိုင်ပဲ ဝီဂျစ်တံတောင်ရိုက်ချက်ကြောင့် ပထမအချီမှာပဲ စိုးလင်းဦး အနားတောင်းခဲ့ရ ပြန်ပါတယ်။ အဲဒီ ဒုတိယအကြိမ်တွေ့ဆုံမှုမှာ အသည်းမာဇွဲပါလှတဲ့ စိုးလင်းဦး ပွဲအစပိုင်း အချီတို့မှာ အနိမ့်ဘက် ကျခဲ့ပေမယ့် လေးချီ/ ငါးချီမြောက်မှာတော့ ထုံးစံအတိုင်း ပြန်လည်အသာစီးရခဲ့ပြန်ပါတယ်။ ယခုတစ်ကြိမ်တွေ့ဆုံမှုဟာ စိုးလင်းဦးနဲ့ ဝီဂျစ်တို့ရဲ့ တတိယအကြိမ်မြောက် တွေ့ဆုံမှုဖြစ်သလို သူတို့ နှစ်ဦးရဲ့အဆုံးအဖြတ်ပေးမယ့် မှတ်တမ်းပွဲကောင်းတစ်ပွဲလည်း ဖြစ်မယ်ဆိုတာ ယုံမှားစရာမရှိပါဘူး။ ဝီဂျစ်ဟာ စောင်္ဂေါမူဒို (မြန်မာ)နဲ့လည်း ၂၀၁၇ ခုနှစ် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့အားကစားရုံမှာ ကျင်းပတဲ့ Nation Fight မှာယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးပါတယ်။ စောင်္ဂေါမူဒိုနဲ့ ပွဲမှာ အနိမ့်သရေကျခဲ့ပေမယ့်လည်း စိုးလင်းဦးနဲ့ ထိုးရသလောက် ရင်မခုန်ခဲ့ဘူးလို့ ပွဲအပြီးမှာ ဝီဂျစ်က ရင်ဖွင့်ခဲ့ပါတယ်။ ဝီဂျစ်ဟာ အမြင့်ခြေကန်ချက်များ ကောင်းမွန်သလို တံတောင်ရိုက်ချက်မှာလည်း သူမတူ လက်ဝှေ့ကျော်တစ်ဦးအဖြစ် မွေထိုင်းလက်ဝှေ့လောကမှာ နာမည်ကြီးနေသူပါ။ ဝီဂျစ်(ပါရော့စမွေ) ဟာ လက်ရှိယှဉ်ပြိုင်ထိုးသတ်ထားတဲ့


ကရင်လေး(ခ) ဖဒါဝယ်(မြန်မာ)


ဘန်ဒါဆတ် (ထိုင်း)

လက်ဝှေ့ပွဲပေါင်း ၈၅ ပွဲမှာ နိုင်ပွဲ ၆၅ ပွဲ၊ သရေ သုံးပွဲနဲ့ ရှုံးပွဲ ၁၇ ပွဲရလဒ်ပိုင်ဆိုင်ထားပြီး ထိုင်းဖိုက်ချန်ပီယံ ရွှေခါးပတ်ပိုင်ရှင် တစ်ဦးလည်း ဖြစ်ပါတယ်။ အရပ် ၅ ပေ ၈ လက်မ၊ ဝိတ်တန်း ကီလို ၇၀ ရှိပြီး အသက်အားဖြင့် ၂၅ နှစ်သာရှိသေးတဲ့ အရွယ်ကောင်း လက်ဝှေ့ကျော်တစ်ဦးဖြစ်ပါတယ်။ ဝီဂျစ်ဟာ မြန်မာ့ရိုးရာလက်ဝှေ့ကို ယခုပွဲအပါအဝင် လေးကြိမ်မြောက် ယှဉ်ပြိုင် ထိုးသတ်မှာဖြစ်ပြီး သူအလိုချင်ဆုံးဂုဏ်ပုဒ်က မြန်မာနိုင်ငံမှ မာဂုဏ်မြင့်စိုးလင်းဦးကို အလဲထိုးအနိုင်ယူလိုခြင်းပင်ဖြစ်ကြောင်း မီဒီယာများကို ရင်ဖွင့်ထားပါတယ်။

ဝီဂျစ် စိန်ခေါ်ယှဉ်ပြိုင်ထိုးသတ်မယ့် မြန်မာ့ရိုးရာလက်ဝှေ့ ပထမတန်းလက်ဝှေ့ကျော် စိုးလင်းဦးကတော့ မာဂုဏ်မြင့် ကစားသမားတစ်ဦးဖြစ်ပြီး လက်သီးပါဝါကို အဓိကအားထား အသုံးပြုသော ဖိုက်တာလက်ဝှေ့ကျော် တစ်ဦးဆိုတာ ရိုးရာလက်ဝှေ့လောကသား အားလုံးအသိပဲဖြစ်ပါတယ်။ ကောင်တာထက် ဖိုက်တာအသွင် ကစားမှုကို စိတ်အားထက်သန်တဲ့ လက်ဝှေ့သမားတစ်ဦးပါ။ ရိုးရာလက်ဝှေ့သမားဘဝတစ်လျှောက် ကြည့်ရင် အရှုံးနည်းပြီး သရေနဲ့ နိုင်ပွဲဆက်များသော လက်ဝှေ့ကျော်တစ်ဦးဖြစ်ပါတယ်။ စိုးလင်းဦးဟာ အသက် ၂၇ နှစ် အရပ် ၅ ပေ ၈ လက်မရှိပြီး လတ်တလော ယှဉ်ပြိုင်ထိုးသတ်ခဲ့


ရဲသွေးနီ(မြန်မာ)


ဝမ်ဖစ် (ထိုင်း)

သော ပွဲပေါင်း ၈၅ ပွဲမှာ နိုင်ပွဲ ၅၁ ပွဲ၊ သရေ ၃၂ ပွဲနှင့်ရှုံးပွဲနှစ်ပွဲ ရလဒ်ပိုင်ဆိုင်ထားသော မြန်မာနိုင်ငံ ပထမတန်းလက်ဝှေ့ကျော်တစ်ဦးဖြစ်ပါတယ်။ မြန်မာ့ရိုးရာ လက်ဝှေ့လောကမှာ ၂၀၁၀၊ ၂၀၁၁ ခုနှစ်တို့မှာ ဒင်္ဂုံရွှေအောင်လံကို နှစ်နှစ်ဆက် ပိုင်ဆိုင်ခဲ့ပြီး ယခုတတိယအကြိမ် ပြန်လည်စိန်ခေါ်တဲ့ ဝီဂျစ် (ပါရော့စမွေ)နဲ့ မကျေပွဲမှာတော့ ပွဲကောင်းတစ်ပွဲဖြစ်ဖို့နဲ့ အရှုံး/ အနိုင်ပေါ်ဖို့ကို အဖြေထုတ်ဖို့ ကြိုးစားလေ့ကျင့်နေတယ်လို့ သိရပါတယ်။

ရိုးရာလက်ဝှေ့ချစ်ပြည်သူများ ဒုတိယစိတ်ဝင်စားမှုမြင့်မားစေမယ့် ပွဲကောင်းတစ်ပွဲကတော့ ရဲသွေးနီ (မြန်မာ)နဲ့ ဝမ်ဖစ် (ထိုင်း)တို့ ပွဲဖြစ်ပါတယ်။ ရဲသွေးနီဟာ ရိုးရာလက်ဝှေ့ချစ်ပြည်သူများ သိထားတဲ့အတိုင်း မာဂုဏ်မြင့် ဝိတ်တန်းတူ ပြိုင်ဘက်ကင်း ဒုတိယတန်းလက်ဝှေ့ကျော်တစ်ဦးဖြစ်ပါတယ်။ အသက်အားဖြင့် ၂၀ ငယ်ဂုဏ်ရှိသလို အရပ် ၅ ပေ ၅ လက်မရှိကာ ဝိတ်တန်း ၅၇ ကီလိုတန်းရှိသော်လည်း လတ်တလော ယှဉ်ပြိုင် ထိုးသတ်ထားသော ပွဲပေါင်း ၇၁ ပွဲမှာ နိုင်ပွဲ ၄၁ ပွဲ သရေ ၂၉ ပွဲနဲ့ ရှုံးပွဲတစ်ပွဲ ပိုင်ဆိုင်ထားတဲ့ ဖိုက်တာလက်ဝှေ့ကျော် မျိုးဆက်သစ်လူငယ်တစ်ဦးဖြစ်ပါတယ်။ လက်ရှိ တောင်ကလေးကလပ်မှာ လေ့ကျင့်နေပြီး ၂၀၁၅ ခုနှစ် ရွှေခါးပတ်ချန်ပီယံ၊ ၂၀၁၆ ခုနှစ် ရွှေခါးပတ်ချန်ပီယံတို့ကို နှစ်နှစ်ဆက် ပိုင်ဆိုင်ထားသော လက်ဝှေ့မောင် တစ်ဦးပါ။

ရဲသွေးနီနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် ဝမ်ဖစ်(ထိုင်း) ကတော့ အသက် ၂၉ နှစ်၊ ဝိတ် ၅၇ ကီလို၊ အရပ် ၅ ပေ ၆ လက်မရှိကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော လက်ဝှေ့ပွဲပေါင်း ၂၁၀ မှာ နိုင်ပွဲ ၁၉၀ နဲ့ ရှုံးပွဲ ၂၀ ရလဒ်ပိုင်ဆိုင်ထားတဲ့ မွေထိုင်းလက်ဝှေ့ သမ္ဘာရင့် တစ်ဦးဖြစ်ပါတယ်။ လက်ရှိ လုစွမ်းမွေထိုင်းကလပ်မှာ လေ့ကျင့်နေပြီး မွေဆာရမ် ၁၁၅ ပေါင် ရွှေခါးပတ်၊ လုမ္ပနီ ၁၁၈ ပေါင် ရွှေခါးပတ်နဲ့ ပွေလော့မိတ်ကျိ ဆုတံဆိပ်တို့ကို လက်ဝယ်ပိုင်ဆိုင်ထားသော မွေထိုင်းလက်ဝှေ့ကျော်တစ်ဦးပါ။

စိတ်ဝင်စားမှုမြင့်မားစေမယ့် နောက်ထပ်ပွဲကောင်းတစ်ပွဲကတော့ ကရင်လေး(ခ) ဖဒါဝယ်(မြန်မာ)နဲ့ ဘန်ဒါဆတ် (ထိုင်း) တို့ပွဲဖြစ်ပါတယ်။ ကရင်လေးနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် ဘန်ဒါဆတ် (ထိုင်း) ဟာ အသက် ၂၅ နှစ် ဝိတ် ၅၇ ကီလို အရပ် ၅ ပေ ၅ လက်မရှိကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ မွေထိုင်း လက်ဝှေ့ပွဲပေါင်း ၁၆၀ မှာ နိုင်ပွဲ ၁၁၀ နဲ့ ရှုံးပွဲ ၅၀ ရလဒ်ပိုင်ဆိုင်ထားတဲ့ လက်ဝှေ့ကျော်တစ်ဦးဖြစ်ပါတယ်။ ၂၀၁၆ ခုနှစ်ရဲ့မက်မွေထိုင်း ချန်ပီယံတစ်ဦးဖြစ်သလို တိုက်ခိုက်မှုပိုင်းဆိုင်ရာမှာလည်း သမ္ဘာရင့်လက်ဝှေ့သမားပီပီ ပါးနပ်လှသော မွေထိုင်း လက်ဝှေ့ကျော်တစ်ဦးဖြစ်ပါတယ်။ သူနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် ကရင်လေး(ခ) ဖဒါဝယ်ကတော့ အသက် ၂၃ နှစ် ဝိတ် ၅၃ ကီလို အရပ် ၅ ပေ ၅ လက်မရှိကာ ယှဉ်ပြိုင်ထိုးသတ်ခဲ့သော လက်ဝှေ့ပွဲပေါင်း ၃၀ မှာ နိုင်ပွဲ ၂၀၊ သရေတစ်ပွဲနဲ့ ရှုံးပွဲကိုးပွဲ ရလဒ်ပိုင်းဆိုင်ထားတဲ့ လက်ဝှေ့ကျော်တစ်ဦးပါ။ လက်ရှိ လူ့စွန်မွေထိုင်းဂျင်မှာ လေ့ကျင့်ကစားနေပြီး ၂၀၁၇ ခုနှစ်ရဲ့ မက်မွေထိုင်းချန်ပီယံတစ်ဦးလည်းဖြစ်ပါတယ်။ ယခုပွဲဟာ ၂၀၁၆ မက်မွေထိုင်းချန်ပီယံနဲ့ ၂၀၁၇ ခုနှစ်ရဲ့မက်မွေထိုင်း ချန်ပီယံတို့ ထိပ်တိုက်တွေ့ဆုံမယ့် ပွဲကောင်းတစ်ပွဲလည်း ဖြစ်နေပါတယ်။

ယခုကျင်းပမယ့် မြန်မာ- ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲမှာ ရုံဝင်ကြေးအနေနဲ့ အနိမ့်ဆုံးတန်း ငွေကျပ် ၅၀၀၀၊ ငွေကျပ် ၁၅၀၀၀နဲ့ ငွေကျပ် ၂၀၀၀၀ တန်းတို့ကို သတ်မှတ်ရောင်းချသွားမှာဖြစ်ပြီး ပြိုင်ပွဲကြိုတင်လက်မှတ်များကိုတော့ ဖုန်း- ၀၉- ၂၅၄၂၁၄၁၆၀ နဲ့ ရန်ကုန်မြို့ ၃၆ လမ်း(အထက်) ဇော်ပစ်တိုင်းထောင်မှာ ကြိုတင်ဖုန်းဆက် မှာယူနိုင်ပါတယ်။ ယင်းမြန်မာ- ထိုင်း ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲမှာ ပြည်တွင်းတခြားပွဲစဉ်များအနေနဲ့ သိန်းစိုး (အဖြူရောင်သွေးသစ်)နဲ့ အောင်နေထူး(ဒို့ရိုးရာ)၊ ဒေါင်းဖြူလေး(Adventure)နဲ့ ကျော်နိုင် (တိုက်ဂါး)၊ သွေးသစ်မောင်(အဖြူရောင်သွေးသစ်)နဲ့ ကျော်ဇင်လတ်(ရွှေသထုံ)၊ ကျော်လင်းထူး(ရွှေသထုံ)နဲ့ ထွန်းတောက်ကြယ် (မုဒုံစတား)တို့လည်း ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်လို့ ရိုးရာလက်ဝှေ့ချစ်ပြည်သူများအနေနဲ့ သင်္ကြန်ကြို ရိုးရာလက်ဝှေ့ပြည်တွင်း၊ ပြည်ပပွဲကောင်းများကို ရှုမြင်ရတော့မှာဖြစ်ပါတယ်။

ခရီး သွား ဆောင်း ပါး

# တိုက်ကြီး-ဥက္ကံမှသည် ချောင်းစောက်ရွာဆီသို့

မောင်မောင်မြင့်ဆွေ

နေ့နံနက်ခင်းဖြစ်၍လားမသိ၊ စောစောစီးစီးအိုက်စပ်စပ်ဖြစ်နေသည်။ ကားအတွင်း အဲယားကွန်းဖွင့်လိုက်မှ အပူဒဏ်သက်သာသွားသည်။ ကားမှန်ပြတင်းမှ အပြင်ဘက် ပတ်ဝန်းကျင်သို့ ကြည့်လိုက်ရာ ရိတ်သိမ်းပြီး လယ်ကွင်းများ၊ အဝါရောင်ဝေါင်စင်းစင်းနှင့် ရိုးပြတ်များ၊ ကားလမ်းဘေးဝဲယာအချို့နေရာများတွင် စိမ်းစိုနေသည့် နွေစပါးခင်းများ၊ ခပ်လှမ်းလှမ်းတွင် ကျေးရွာငယ်များက အုပ်အုပ်ဆိုင်းဆိုင်းနှင့်။ ရန်ကုန်မှ နံနက်စောစောထွက်လာသော ကျွန်တော်တို့ကားက တိုက်ကြီးမြို့တွင်း ရောက်ရှိလာသည်။

"လက်ဖက်ရည်ဆိုင်မှာ ခဏ နားရအောင်" ဟု ဆိုသဖြင့် တိုက်ကြီးမြို့ကားလမ်းဘေး လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင်ကာ စားသောက်ကြသည်။ စားသောက်ရင်း ဆိုင်ရှေ့တူရူရှိ ရန်ကုန်-ပြည်ကားလမ်းမပေါ်တွင် ဖြတ်သန်းသွားလာနေသော ယာဉ်မျိုးစုံကို ကြည့်နေမိသည်။ တိုက်ကြီးမြို့က တိုက်ကြီးမြို့နယ်ရုံး စိုက်ရာမြို့ဖြစ်ရာ စည်ကားလေသည်။ တိုက်ကာ အိမ်ခြေကောင်းများဖြင့် မြို့ကြီးပြကြီးအလား မြင်တွေ့ရသည်။

### မြောက်ပိုင်းခရိုင်၏ မြောက်ဘက်ဆုံး

တိုက်ကြီးမြို့နယ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ပါဝင်ကာ ရန်ကုန်မြောက်ပိုင်းခရိုင်တွင် မြောက်ဘက်အကျဆုံးမြို့နယ်တစ်ခုလည်းဖြစ်သည်။ ရန်ကုန်မှ တိုက်ကြီးသို့ ၄၂ မိုင်ဝေးသည်ဖြစ်ရာ ဝိုင်ဘီအက်စ်ခရီးသည်တင်မော်တော်ယာဉ်များမှ လိုင်းတစ်လိုင်းပြေးဆွဲပေးလျက်ရှိသည်။ တိုက်ကြီးမြို့မှ ရန်ကုန်မြို့သို့ ဘတ်စ်ကားဖြင့် နေ့စဉ်သွားလာ၍ရလေသည်။ တိုက်ကြီးမြို့တွင် လက်ဖက်ရည်ဆိုင် ထိုင်နေရင်း တိုက်ကြီးမြို့အကြောင်း အတွေးရောက်သွားမိသည်။

တိုက်ကြီးမြို့က အကျယ်အဝန်း ၁၇၆၁ စတုရန်း ကီလိုမီတာရှိပြီး လူဦးရေ ၂၇၇၂၆၀ ကျော်နေထိုင်သော မြို့နယ်လည်းဖြစ်ရာ စည်ကားသည်။ ၁၈၇၇ ခုနှစ်က ရန်ကုန်-ပြည်ရထားလမ်း စတင်ဖောက်လုပ်ခဲ့ပြီးနောက် တိုက်ကြီးဘူတာရွာဟု နာမည်တွင်လာခဲ့ကာ တဖြည်းဖြည်းဖွံ့ဖြိုးလာခဲ့ရာမှ ၁၉၀၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် တိုက်ကြီးမြို့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ တိုက်ကြီးမြို့သည် ကားလမ်းနှင့် ရထားလမ်းတို့ဖြင့် သွားလာ၍ ရသည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး စိုက်ပျိုးရေးလည်း ဖြစ်ထွန်းသည်။

**"ယခင်က အုတ်ရေကန်တည်ရှိသဖြင့် အုတ်ရေကန်ရွာဟု ခေါ်ခဲ့သော်လည်း ၁၉၀၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဥက္ကံမြို့အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။ ဥက္ကံမြို့ နှစ် ၁၀၀ ပြည့်ပွဲကို ၂၀၀၈ ခုနှစ် အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်"**

တိုက်ကြီးမြို့နယ် အဝင်ကားလမ်းဘေးဝဲယာဆိုင်ငယ်များတွင် သံပရာ၊ နာနတ်၊ ပိန္နဲ၊ သရက် စသည့် ဉယျာဉ်ခြံထွက်များ ရောင်းချနေသည်ကိုလည်း တွေ့ရသဖြင့် ဉယျာဉ်ခြံများစိုက်ပျိုးဖြစ်ထွန်းအောင်မြင်ကြောင်း ဖော်ပြနေသကဲ့သို့ပင်။ ရန်ကုန်မြို့သို့ သောက်သုံးရေဖြန့်ဝေပေးနေသည့် ဂျိုးဖြူကန်သည်လည်း တိုက်ကြီးမြို့အနီးတွင် တည်ရှိနေပြီး ကားလမ်းဖြင့် ဆက်သွယ်ထားသည်။ ဂျိုးဖြူကန်ကို ၁၉၃၈-၁၉၃၉ ခုနှစ်တွင် စတင်တူးဖော်ခဲ့ပြီး ၁၉၄၀ ပြည့်နှစ်၌ ပြီးစီးခဲ့ရာ ထိုစဉ်ကတည်းက အင်္ဂတေ ပိုက်လုံးကြီးများဖြင့် ရန်ကုန်မြို့သို့ သောက်သုံးရေများ ဖြန့်ဝေပေးနေခဲ့ခြင်းဖြစ်ကြောင်း တွေးနေမိသည်။

### သွားရေးလာရေး အဆင်ပြေ

"ကဲ.. သွားရအောင်" ဟု ဆိုသဖြင့် လက်ဖက်ရည်ဆိုင်မှ ထွက်ကာ ခရီးဆက်ခဲ့ကြသည်။ တိုက်ကြီးမြို့ ကားလမ်းဘေးဝဲယာတွင် ပုဂ္ဂလိက ဘဏ်များ၊ ရုံးအဆောက်အအုံများ၊ လူနေတိုက်တာများ၊ ဈေးဆိုင်များဖြင့် တိုးတက်ဖွံ့ဖြိုးနေသည်ကို တွေ့ရသည်။ တိုက်ကြီးဈေးအနီး ကားလမ်းဘေးတွင် တိုက်ကြီး-ရန်ကုန်- YBS ယာဉ် တစ်စီးရပ်ထားသည့်ပေါ်သို့ ခရီးသည်များတက်ရောက်နေသည်ကို တွေ့ရသဖြင့် တိုက်ကြီး-ရန်ကုန်က လိုင်းကားခရီးစဉ်ဖြင့် နေ့စဉ်ဥဒဟိုသွားလာနိုင်ကြပြီးဖြစ်ရာ ဒေသခံများအတွက် သွားလာရေး အဆင်ပြေနေပြီဖြစ်သည်။

တိုက်ကြီးမြို့ကို ကျွန်တော်တို့ကားဖြင့် ဖြတ်သန်းနေချိန်အတွင်း တိုက်ကြီးမြို့ ဇာတိထင်ရှားသူများဖြစ်သော သတင်းစာဆရာ အထောက်တော်လှအောင်၊ ကျွန်တော်ငယ်စဉ်က နှစ်သက်စွာ ဖတ်ရှုလေ့လာခဲ့ရသည့် စာများရေးသားဖန်တီးခဲ့သူ စာရေးဆရာ ဂယက်နီ၊ ဇာတ်မင်းသား အောင်လံတော်ခင်စိန်တို့ကို အမှတ်ရနေမိသည်။ ကိုယ်တတ်ကျွမ်းဝါသနာပါရာ စာပေ၊ အနုပညာတို့ဖြင့် နိုင်ငံအကျိုးသယ်ပိုးခဲ့သူများပင်ဖြစ်ရာ လေးစားစိတ်ဖြစ်ရသည်။

ကျွန်တော်တို့ မော်တော်ယာဉ်က တိုက်ကြီးမြို့ကို ဖြတ်ကျော်လာခဲ့ပြီး ဥက္ကံမြို့ဆီသို့ ဦးတည်မောင်းနှင်လာသည်။ ဥက္ကံမြို့က တိုက်ကြီးမြို့နယ်အတွင်း တည်ရှိသော မြို့တစ်မြို့ဖြစ်ပြီး တိုက်ကြီး-ဥက္ကံကို လူအများကတွဲပြီး သိရှိခေါ်ဝေါ်လေ့ရှိသည်ကို သတိပြုမိသည်။ ထို့အတူ သုံးဆယ်-သာယာဝတီ၊ စစ်တွေ-သံတွဲ၊ ပြည်-သာရဝေါ စသည့်မြို့များကိုလည်း တွဲပြီး သိရှိခေါ်ဝေါ်လေ့ရှိကြပြန်သည်။

ဥက္ကံမြို့မှ ကြိုဆိုပါ၏ဆိုသော မြို့အဝင်ကြိုဆိုရေး ဆိုင်းဘုတ်ကို ကျော်ဖြတ်လာသည်နှင့် ကားလမ်းပေါ်တွင် ယာဉ်၊ ဆိုင်ကယ်၊ စက်ဘီးများ အသွားအလာ ပိုမိုများပြားလာသည်ကို သတိပြုမိသည်။ ကားလမ်းဘေးတစ်ဖက်တစ်ချက်တွင် ဆန်စက်များကို တွေ့မြင်ရပြီး စပါးအိတ်များ စုပုံထပ်ထားသည်ကိုလည်း မြင်ရသည်။ ဥက္ကံမြို့နေပြည်သူများက ဆန်စပါးနှင့် ဉယျာဉ်ခြံစိုက်ပျိုးမှုများအပြင် အရောင်းအဝယ်လုပ်ငန်းများလည်း လုပ်ကိုင်ကြသည်။



ဓာတ်ပုံ-ခင်ဇွန်ဇာလင်း

ဥက္ကံမြို့တွင်း ဖြတ်သန်းသွားသော ရန်ကုန်-ပြည်ရထားလမ်းကို ကျော်ဖြတ်လိုက်သည်နှင့် ဥက္ကံမြို့ ဈေးဘက်သို့ ရောက်သွားသည်။ ရထားလမ်းကို ကျော်ဖြတ်ချိန်၌ "ဥက္ကံ နွားပွဲဈေးက ဟိုဘက်မှာ"...ဟု စကားသံကြောင့် ညာဘက်သို့ လှမ်းကြည့်လိုက်သော်လည်း မတွေ့ရ၊ သစ်ပင်၊ အဆောက်အအုံများနှင့် ကွယ်နေ၍ ဖြစ်သည်။ ကျွန်တော်လွန်ခဲ့သည့် လေးနှစ်ခန့်က ဥက္ကံနွားပွဲဈေးရောက်ခဲ့ဖူးသည်။ ဤနယ်တစ်ဝိုက်တွင် ဥက္ကံနွားပွဲဈေးက အကြီးဆုံးဖြစ်သည်။ အရောင်းအဝယ်ဖြစ်ကြသည်။ နေရာစုံမှ ကျွဲ၊ နွားများလာရောက် ရောင်းကြဝယ်ကြသည်။

### နှစ် ၁၀၀ ကျော်ဥက္ကံ

ဥက္ကံမြို့ဈေးဘက်ရောက်ချိန်မှာ ဈေးကွဲစပြုနေပြီဖြစ်သည်။ သို့သော် ရောင်းသူ၊ ဝယ်သူများကို တွေ့နေရဆဲ၊ အနီးဝန်းကျင် ကျေးရွာများမှာ ဒေသထွက်ကုန် ဟင်းသီးဟင်းရွက်များ၊ သစ်သီးဝလံ ပန်းမန်များကိုလည်း လာရောက်ရောင်းချသဖြင့် ဈေးပေါပြီး လတ်ဆတ်ကြောင်း သိရသည်။ ဥက္ကံမြို့မှာ မြန်မာမင်းများလက်ထက်က ကျေးရွာတစ်ရွာသာဖြစ်ခဲ့သော်လည်း ၁၈၇၇ ခုနှစ်၌ ရန်ကုန်-ပြည်ရထားလမ်းဖောက်လုပ်ပြီး ဥက္ကံဘူတာတည်ရှိလာကာ နောက်ပိုင်း လမ်းပန်းဆက်သွယ်ရေးကောင်းသဖြင့် စည်ကားလာခဲ့သည်။ ယခင်က အုတ်ရေကန်တည်ရှိသဖြင့် အုတ်ရေကန်ရွာဟု ခေါ်ခဲ့သော်လည်း ၁၉၀၈ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ဥက္ကံမြို့အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။ ဥက္ကံမြို့နှစ် ၁၀၀ ပြည့်ပွဲကို ၂၀၀၈ ခုနှစ် အောက်တိုဘာ ၉ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဥက္ကံမြို့တွင်း ကားကို ဖြတ်သန်းမောင်းနှင်စဉ် ဥက္ကံဇာတိဖြစ်သော သတင်းစာဆရာ ချစ်ကြည်ရေး ကြည်ညွန့်အား သတိတရဖြစ်မိသည်။ မြန်မာ့အလင်းသတင်းစာ အယ်ဒီတာချုပ် တာဝန်ထမ်းဆောင်ခဲ့ပြီး သတင်းဆောင်းပါးများစွာ ရေးသားခဲ့သူ စာရေးဆရာ တစ်ဦးလည်း ဖြစ်သည်။ ကျွန်တော့်ကို စာပေလုပ်သားအဖွဲ့ဝင်အဖြစ် ထောက်ခံပေးခဲ့သူလည်း ဖြစ်ရာ ကျေးဇူးရှိလေသည်။ ယခုတော့ ကွယ်လွန်ခဲ့ပြီးဖြစ်သည်။ ဥက္ကံမြို့(ရှမ်းစုရွာ) ဇာတိဖြစ်သော အမျိုးသား စာပေဆုရ စာရေးဆရာ ညိုဝင်းကိုလည်း သတိရမိပြန်သည်။ စာအရေးသား၊ ရေးဖွဲ့ပုံကောင်းမွန်သော စာရေးဆရာတစ်ဦးဖြစ်ရာ ကျွန်တော်တို့ စွဲမက်စွာ ဖတ်ရှုခဲ့ရသော ဆရာ့စာအုပ်များကို မမေ့။

ဥက္ကံမြို့ စွန်အရောက် ဥက္ကံမြို့မှ နှုတ်ခွန်းဆက်ပါသည်ဟူသော ဆိုင်းဘုတ်လွန်သည်နှင့် ဥက္ကံသကြားစက်သို့ ဆိုင်းဘုတ်နှင့် တဘူးလှုဆည်သို့ ဟူသော ဆိုင်းဘုတ်များရှိရာ ကားလမ်းအတိုင်း ကျွန်တော်တို့ကားကို မောင်းဝင်လာခဲ့ကြသည်။ ကားလမ်းက ချိုင့်ခွက်များဖြစ်နေရာ အနည်းငယ်ကြမ်းတမ်းနေသဖြင့် ဖြည်းဖြည်းချင်း မောင်းလာရသည်။ ကားလမ်းအတိုင်း မောင်းလာခဲ့ရာ လမ်းဘေးဝဲယာတွင် ကပ်လျက် ရွာငယ်များကို တွေ့မြင်ရသည်။ ရေသွင်းစိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို တွေ့မြင်ရသည်မှာ စိမ်းလန်းစိုပြည်လျက်ရှိသလို ရေမြောင်းများတွင်လည်း ရေများပြည့်နေသဖြင့် နွေစပါးနှင့် နွေသီးနှံများအတွက် အဆင်ပြေကြောင်း တွေ့ရသည်။ ဥက္ကံသကြားစက်အနီးတွင် စိုက်ခင်းတစ်ခုကို တွေ့သဖြင့် မေးမြန်းရာ ကြံစိုက်ခင်းဟု သိရသော်လည်း ကြံပင်များ ခုတ်ယူပြီး အသစ်ပြန်လည်စိုက်ပျိုးထားသည့် အနေအထားဖြစ်နေသည်။

### လမ်းအဆင့်မြှင့်မည်လား

ဥက္ကံသကြားစက် လွန်သည်နှင့်ကားလမ်းက မြေကြီးလမ်းဖြစ်သွားရာကားကို ဖြည်းဖြည်းမောင်းရသည်။ ဥက္ကံသကြားစက်မှ တဘူးလှုဆည်အထိ မြေကြီးလမ်းဖြစ်ရာ လမ်းမကောင်းတော့၊ ယခု ကျွန်တော်တို့ သွားသည့်အချိန်တွင် မြေကြီးလမ်းကို ယန္တရားဖြင့် ပြန်ဆယ်တင်ထားသည်ကို တွေ့ရသည်။ အောက်လမ်းက ယာဉ်များသွားလာမှုများပြားသဖြင့် ဖုန်ကျင်းများဖြစ်နေ၍ အပေါ်လမ်းပေါ်တက်ကာ ကားကို မောင်းနှင်ရသည်မှာ မလွယ်။ မိုးရာသီဆိုလျှင် သွား၍မရလောက်အောင် ဆိုးရွားသွားနိုင်သည်ဖြစ်ရာ မော်တော်ယာဉ်ကြီးများကြောင့် လမ်းမြေသားများ ပျက်စီးသွားနိုင်သည်။ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်မှုရမည်ဖြစ်သည်။ ဤမြေကြီးလမ်းကို နောင်နှစ်တွင် ကတ္တရာသို့မဟုတ် ကွန်ကရစ်လမ်း အဆင့်ခင်းမည်ဟု သိရသဖြင့် ဒေသခံတို့ ဝမ်းသာစိတ်ဖြင့် စောင့်မျှော်နေကြပြီဖြစ်သည်။ ဥက္ကံသကြားစက်မှ တဘူးလှုဆည်အထိ လမ်းဘေးဝဲယာတွင် ကျေးရွာပေါင်း ၂၀ ကျော်ရှိသည်ဖြစ်ရာ လမ်းအဆင့်မြှင့်တင်ပါက ကျေးရွာများ၏ လူနေမှုဘဝများ မြင့်တက်လာမည်ဖြစ်သည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ တိုးတက်ဖွံ့ဖြိုးလာမည်မှာ သေချာမည်။

ကျွန်တော်တို့ မော်တော်ယာဉ်ကို ဖြည်းဖြည်းချင်း မောင်းလာရာ ချောင်းစောက်ရွာအနီး ရောက်လာသည်။ ကားလမ်းဘေးကပ်လျက် တည်ရှိသော ရွာများဖြစ်ရာ လမ်းအဆင့်မြှင့်တင်မှုနှင့်အတူ လျှပ်စစ်မီးတိုင်များ သွယ်တန်းနိုင်ပါက ကျေးလက်များ မီးလင်းကာ ကျေးလက်နေပြည်သူများဘဝ သိသာစွာ တိုးတက်မြင့်မားလာမည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသော ဤကျေးလက်များသည် ကျေးရွာချင်းဆက်သွားလာနိုင်သော ဥက္ကံ-တဘူးလှု လမ်းနှင့်အတူ လျှပ်စစ်သွယ်တန်းမှု ပြုလုပ်သင့်သည်မှာ အမှန်ပင်ဖြစ်သည်။

ကျွန်တော်တို့ ချောင်းစောက်ရွာသို့ ရောက်ရှိခဲ့ကြပြီး ကျေးရွာသောက်သုံးရေကန်ပြန်လည်တူးဖော်နိုင်ရေးအတွက် ချောင်းစောက်အောက်ရွာ ဆရာတော်ထံ အလှူငွေများ ပေးအပ်ခဲ့ကြသည်။ သောက်သုံးရေ အခက်အခဲရှိသော ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာနေပြည်သူများအတွက် ကူညီလှူဒါန်းခဲ့ရမှုအတွက် ကျေနပ်ပီတိဖြစ်ရသည်က ဖော်မပြနိုင်အောင်ပင်။ ဆက်လက်ပြီး ကျွန်တော်တို့ ချောင်းစောက်အပေါ်ရွာသို့ လယ်ကွင်းများကို ဖြတ်ကျော်ကာ သွားရောက်ခဲ့ကြသည်။ အပေါ်ချောင်းစောက်ရွာတွင် တောဆင်ရိုင်းများ ဝင်ရောက်မှုကြောင့် ရွာစည်းရိုးပတ်လည်၌ လျှပ်စစ်စည်းရိုး ကာရံထားသည်ကို တွေ့ရသည်။ လွန်ခဲ့သည့် နှစ်နှစ်ခန့်က ဤရွာအတွင်းသို့ ဆင်ဝင်ရောက်ကာ ကျေးရွာသားတစ်ဦး ဆင်နင်းခံရမှုကြောင့် သေဆုံးခဲ့ရသည့် နေရာကို တွေ့မြင်ခဲ့ရရာ ဆင်လမ်းကြောင်း ဖြစ်ကြောင်း တွေ့ခဲ့ရသည်။ ရွာအတွင်း အိမ်အချို့အနီးသစ်ပင်များပေါ်တွင် လင့်စင်များ ထိုးထားသည်ကို တွေ့မြင်ရသဖြင့် မေးကြည့်ရာ ဆင်ဝင်လာပါက တက်ရောက် ပုန်းရှောင်ရန်နှင့် သတိပေးနိုင်ရန်ဖြစ်ကြောင်း ပြောပြကြသည်။ ယခုတော့ ဆင်များ မဝင်ရောက်သည်မှာ နှစ်နှစ်ကျော်ပြီဖြစ်သည်။

ကျေးရွာအတွင်း လိုက်လံ လေ့လာကြည့်ရာ စိုက်ပျိုးရေး အဓိကထားသည့် ရွာဖြစ်ပြီး ယခုအချိန်တွင် တောတက်၊ သက်ငယ်ပြစ်၊ စိုက်ပျိုးရေးလုပ်ကိုင်ကြသည်ကို တွေ့ရသည်။ ရွာမှ အရှေ့ဘက်ရှိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ခဲ့ရာ တောင်ကုန်းပေါ်တွင် ကျောင်းဆောက်ပြီး တစ်ပါးတည်း သီတင်းသုံးနေသော ဆရာတော်အား ဖူးမြော်ပြီး အလှူငွေ ပေးအပ်ခဲ့သည်။ ဆရာတော် သီတင်းသုံးရာ ကျောင်းတော်ကုန်းပေါ်မှ ပတ်ဝန်းကျင်သို့ ကြည့်လိုက်ရာ လှပသော ရှုခင်း၊ လယ်ကွင်းများ၊ တောတန်းနှင့် သစ်ပင်များက သဘာဝပန်းချီကားတစ်ချပ် ခင်းကျင်းထားသည့် သဖွယ်။

### ခရီးစဉ်သစ်တစ်ခု ဖြစ်လာနိုင်

ကျေးရွာအခြေပြု ခရီးသွားလုပ်ငန်း အကောင်အထည်ဖော်နိုင်လျက် ခရီးသွားများ လာရောက်လည်ပတ်နိုင်မည့် ခရီးစဉ်သစ်တစ်ခုအဖြစ် ရောက်ရှိလာမည်ဟု တွေးမိသည်။ ဤနေရာဝန်းကျင်တွင် တဘူးလှုဆည်၊ ပဲခူးရိုးမတောင်ခြေ၊ သဘာဝဆင်များ အလေ့အထ၊ လင့်စင်များ၊ ကျေးရွာဝန်းကျင်လှပမှုများက ပြည်ပ ခရီးသွားဧည့်သည်များ အကြိုက်တွေ့စေမည့် သဘာဝခရီးစဉ်တစ်ခု ဖြစ်လာနိုင်သည်ဟု အတွေးများဝေနေမိသည်။

ဆရာတော်ကျောင်းမှ ပြန်ဆင်းလာခဲ့ပြီးနောက် ကျွန်တော်တို့ ပြန်လာခဲ့ကြသည်။ အပြန်လမ်းတွင် ဖြည်းဖြည်းမောင်းလာသော ကားပေါ်လိုက်ပါရင်း ကားလမ်းလည်း မြန်မြန်ကောင်းပါမှ၊ လျှပ်စစ်မီးတိုင်များလည်း မြန်မြန်သွယ်တန်းနိုင်ပါမှ ဥက္ကံနှင့် တဘူးလှုဆည်လမ်းအကြား ကျေးလက်နေပြည်သူများဘဝ တိုးတက်မြင့်မားလာမည်ဟု မျှော်မှန်းရင်း....။ ။

အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# မြန်မာ့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်

ခင်ရတနာ



စွမ်းအင်သည် ပြည်တွင်းအသုံးပြုမှုနှင့် ပြည်ပပို့ကုန်အတွက် အားထားရသည့် လုပ်ငန်းကဏ္ဍတစ်ခုဖြစ်ပါသည်။ စွမ်းအင်ပြည့်ဝစွာရရှိခြင်းဖြင့် ပြည်တွင်းလူနေမှု အဆင့်အတန်းမြင့်မားခြင်း၊ စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေနိုင်ခြင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေခြင်း၊ နိုင်ငံတော်၏ ဝင်ငွေကို မြင့်မားစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်။ မြန်မာနိုင်ငံတွင် စွမ်းအင်ဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့တို့ကို ထုတ်ယူရောင်းချခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရာခိုင်နှုန်းများစွာ အထောက်အကူ ပြုနေသည်ကို မြင်တွေ့ရသည်။

**ရတနာစီမံကိန်း**

ရတနာစီမံကိန်း၏ Plateau Period သည် ၂၀၂၁ခုနှစ်တွင် ပြီးဆုံးပြီး သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု အင်အားလျော့နည်းလာတော့မည်ဖြစ်သည်။ ယင်းအခြေအနေကို ထိန်းသိမ်းရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် ချုပ်ဆိုဆောင်ရွက်လျက်ရှိသော ကမ်းလွန်လုပ်ကွက် A-6 မှ သဘာဝဓာတ်ငွေ့များကို ငါးနှစ်အတွင်း အမြန်ဆုံးထုတ်ယူနိုင်ရေးနှင့် ကမ်းလွန်လုပ်ကွက် AD-7မှလည်း သဘာဝဓာတ်ငွေ့ထုတ်ယူနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

ကမ်းလွန်လုပ်ကွက် A-6 ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေး လုပ်ငန်းအတွက် Production Sharing Contract ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် MPRL ကုမ္ပဏီတို့မှ ၂၀၀၇ ခုနှစ်တွင် စတင်စာချုပ် ချုပ်ဆိုထားပြီး ရှာဖွေရေးတွင်းများအဖြစ် ၂၀၁၂ ခုနှစ်တွင် ပြည်သာ-၁ကိုလည်းကောင်း၊ ၂၀၀၆ခုနှစ်တွင် ရွှေရည် ထွန်း-၁ကိုလည်းကောင်း၊ ၂၀၁၇ခုနှစ်တွင် ပြည်သစ်-၁နှင့် ပြည်သာယာ-၁ တို့ကိုလည်းကောင်း တူးဖော်ခဲ့ရာ လုပ်ကွက် A-6 မှ သဘာဝ ဓာတ်ငွေ့များကို ၂၀၂၃ ခုနှစ်တွင် စတင်ထုတ်လုပ်နိုင်တော့မည်ဖြစ်ကြောင်း ခန့်မှန်းရသည်။ ထုတ်လုပ်နိုင်မည့် ပမာဏမှာ 550 MMDCFD ဟု ဝန်ကြီးဌာနမှ ခန့်မှန်းထားပြီး ပြည်တွင်းသုံးအဖြစ် 110 MMDCFD နှင့် ပြည်ပတင်ပို့မှုအဖြစ် 440 MMDCFD ဖြစ်မည်ဟု ခန့်မှန်းထားကြောင်းသိရသည်။

ကမ်းလွန်လုပ်ကွက် AD-7 ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးလုပ်ငန်းများအတွက် Posco Daewoo လုပ်ငန်းစုနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတို့ သဘောတူစာချုပ်ကို ၂၀၀၇ ခုနှစ်တွင် စတင်ချုပ်ဆိုထားပြီး ၂၀၁၆ ခုနှစ်တွင် သလင်း-၁(က)ကိုလည်းကောင်း၊ ၂၀၁၇ခုနှစ်တွင် သလင်း-၁(ခ)ကိုလည်းကောင်း၊ ခရမ်းစွဲတွင်းကိုလည်းကောင်း တူးဖော်ခဲ့သည်။ ရှာဖွေစမ်းသပ်မှုများအရ သဘာဝဓာတ်ငွေ့ရိုအောင်းတည်ရှိနေသည် ကိုမြင်တွေ့ရပြီး စီးပွားဖြစ်တူးဖော်နိုင်ရန် တွေ့ရှိပါက ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရသည်။

**ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ ၁၂ ခု**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ တွေ့ရှိထုတ်လုပ်လျက်ရှိသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့မြေ ၁၂ ခုရှိပြီး Central Myanmar Basin တွင် ကျောက်ခွက်-လက်ပံတို- အရာတော်၊ သာကြီးတောင်-စပယ်၊ ချောက်၊ ရေနံချောင်း၊ မန်း၊ ထောက်ရှာပင်-ကမ်းနီ-ပက်ပယ်နှင့် ထန်းကိုင်း-ဒဟာတ်ပင်- ရေနံမ ခုနစ်ခု၊ Pyay Embayment တွင် ပြည်၊ မြန်အောင်နှင့် ရွှေပြည်သာ သုံးခုနှင့် Ayeyarwaddy Delta Basin တွင် ညောင်တုန်း-မအူပင်နှင့် အဖျောက် နှစ်ခု စုစုပေါင်း ၁၂ ခုရှိကြောင်း သိရှိရသည်။

အဆိုပါ ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများမှ ယခုအခါ တစ်နေ့လျှင် ပျမ်းမျှ ရေနံ ၆၄၀၀ စည်နှင့် သဘာဝဓာတ်ငွေ့ ၅၀ ကုဗပေသန်းခန့် ထုတ်လုပ်လျက်ရှိသည်။ ရှာဖွေရေးတွင်းများတွင် တူးဖော်နိုင်ရန် ဆိုက်စမစ် တိုင်းတာခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံ အထက်ပိုင်း မြိုင်ဒေသတွင် ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံအောက်ပိုင်း မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည့် လပွတ္တာ၊ ဘိုကလေးတို့တွင် ဆောင်ရွက်နေပြီဖြစ်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သိရှိရသည်။

လာမည့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွင်း မြိုင်ဒေသတွင် ရှာဖွေရေးတွင်းသစ် တစ်တွင်းတူးဖော်ရန် လျာထားပြီး အဓိကအားဖြင့် ပုံတောင်နှင့် တဗျင်း ကျောက်စဉ်စု သဲကြောများမှ သဘာဝဓာတ်ငွေ့များ ထုတ်ယူနိုင်ရန် ရည်ရွယ်ထားကြောင်း၊ သဘာဝဓာတ်ငွေ့ ကုဗပေသန်းပေါင်း သုံးသန်းမှ ငါးသန်းအထိ ထွက်ရှိနိုင်မည်ဟု ခန့်မှန်းရကြောင်း ပညာရှင်များက တွက်ချက်ထားကြသည်။

ဆိုက်စမစ်တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်နေသည့် မြစ်ဝကျွန်းပေါ်ဒေသများတွင်မူ လိုင်းကီလိုမီတာ ၂၀၀ ခန့် တိုင်းတာသွားရန်လျာထားပြီး တိုင်းတာပြီးစီးသည့် ဆိုက်စမစ်လိုင်းများအား ဆက်လက်လေ့လာခြင်းမှသည် စီးပွားဖြစ်တူးဖော်နိုင်ရန်လည်း လျာထားကြောင်း သိရှိရသည်။

**ဖွံ့ဖြိုးရေးတွင်းများ တူးဖော်မည်**

လာမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများတွင် ဖွံ့ဖြိုးရေးတွင်း ၁၇ တွင်းကို တူးဖော်သွားမည်ဖြစ်ပြီး ပုထိုးလုံဒေသတွင် နှစ်တွင်း၊ ကျောက်ခွက်ရေနံမြေတွင် သုံးတွင်း၊ လက်ပံတိုရေနံမြေတွင် လေးတွင်း၊ ထောက်ရှာပင်ရေနံမြေတွင် ငါးတွင်း၊ မြန်အောင်ရေနံမြေတွင် တစ်တွင်းနှင့် မအူပင် သဘာဝဓာတ်ငွေ့မြေတွင် နှစ်တွင်း တူးဖော်သွားမည်ဖြစ်သည်။ ဖွံ့ဖြိုးရေးတွင်းသစ်များမှ တစ်နေ့လျှင် ရေနံ ၁၈၀ စည်မှ ၅၇၀ စည်အထိ နှင့် သဘာဝဓာတ်ငွေ့ ၁၅ သန်းမှ ၂၂ သန်းအထိ တိုးတက်ထုတ်လုပ်နိုင်ရန် လျာထားကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**ရေသွင်းရေလွှမ်းစီမံကိန်းများစတင်ပြုလုပ်**

ချောက်ရေနံမြေတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း Gold Petrol နှင့် အကျိုးတူပူးပေါင်း၍ တွင်းသစ် ရှစ်တွင်း၊ ရေနံချောင်းရေနံမြေတွင် တွင်းသစ် ခုနစ်တွင်း စုစုပေါင်း တူးဖော်သွားရန်ရှိပြီး တစ်တွင်းလျှင် ကနဦး အထွက်နှုန်းမှာ ရေနံစည် ၃၀ မှ ၅၀ ခန့် ရရှိမည်ဟု ခန့်မှန်းထားကြောင်းသိရသည်။ ထို့ပြင် ရေနံ အထွက်နှုန်း ကျဆင်းမှုကို ထိန်းသိမ်းရန်အတွက် ယင်းကုမ္ပဏီမှ ချောက်ရေနံမြေ Northern Block ရှိ နံပါတ် ၄ နှင့် ၅ သဲကြောများကို ရေသွင်းပြီး ရေနံပိုမို ထုတ်လုပ်နိုင်ရန် ရေသွင်းစီမံကိန်းကို ၂၀၁၈ ခုနှစ် မတ်လမှ စတင်၍ ၂၀၂၈ ခုနှစ်အထိ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သိရှိရသည်။ ထိုကဲ့သို့ ရေသွင်းရေလွှမ်းစီမံကိန်းများ ပြုလုပ်ခြင်းဖြင့် သာမန် ထုတ်လုပ်ခြင်းထက် Additional Oil ရေနံစည် ရှစ်သိန်းခန့် တိုးတက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မန်းရေနံမြေတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း MPRL နှင့် ပူးပေါင်း၍ ရေနံတွင်းသစ် တစ်တွင်းကို တူးဖော်ရန် Greenzyme Treatment ငါးတွင်းပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ တွင်းသစ်တူးဖော်ခြင်း မှ ကနဦးအထွက်နှုန်း တစ်နေ့လျှင် ရေနံ ၃၀ စည်နှင့် ငါးတွင်းမှ ကနဦးအထွက်နှုန်း တစ်တွင်းလျှင် တစ်နေ့ ရေနံ သုံးစည်ဖြင့် ငါးတွင်းအတွက် ၁၅ စည်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

ရွှေပြည်သာရေနံမြေတွင်လည်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်သစ်အတွင်း PCML နှင့် အကျိုးတူပူးပေါင်း၍ ရေနံတွင်းသစ် နှစ်တွင်း တူးဖော်မည်ဖြစ်ပြီး ကနဦးအထွက်နှုန်းမှာ တစ်တွင်းလျှင် ရေနံ ၁၅၀ စည်မှ ၃၀၀ စည်အကြား ထွက်ရှိနိုင်မည်ဖြစ်သည်။

**သဘာဝဓာတ်ငွေ့ဖြည့်ဆည်းနိုင်ရန်ရည်ရွယ်**

မြန်မာနိုင်ငံအောက်ပိုင်း Ayeyarwaddy Delta Basin ရှိ PSV-O နှင့် PSC-P၊ Q နှင့် MOGE -5 Blocks များတွင် သဘာဝဓာတ်ငွေ့မြေများ ထွက်ပေါ်လာစေရန်အတွက်နှင့် အနာဂတ်နိုင်ငံ၏ သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်ရည်ရွယ်၍ PTTEP နှင့် Joint Study ပြုလုပ်ရန် ဆွေးနွေးညှိနှိုင်းနေပြီဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ ယင်းလုပ်ငန်းစုသည် ကမ်းလွန်လုပ်ကွက် M-3 ၏ ကာဗွန်နိတ် Play မှ သဘာဝဓာတ်ငွေ့များ တွေ့ရှိထားပြီဖြစ်ကြောင်းသိရပြီး Joint Study ပြုလုပ်ခြင်းဖြင့် ကုန်းတွင်းပိုင်းကိုပါ တစ်ဆက်တည်း စူးစမ်းလေ့လာနိုင်ရန် ရည်ရွယ်ထားကြောင်းသိရသည်။

ထုတ်လုပ်ဆဲသဘာဝဓာတ်ငွေ့မြေများသည် ရတနာစီမံကိန်းနှင့် ရဲတံခွန်စီမံကိန်းများဖြစ်ကြသည်။ ယင်းတို့အနက် ရတနာစီမံကိန်းတွင် ရတနာ၊ စိန်နှင့်ပတ္တမြား Reservoir သုံးခုရှိပြီး ရတနာ Reservoir မှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ၁၉၉၅ ခုနှစ်တွင် စတင်ခဲ့သည်။ ရတနာ၏ ဓာတ်ငွေ့ရိုအောင်းမှုပမာဏမှာ ၆၇၅၀ BSCF ရှိပြီး အများဆုံးထုတ်လုပ်နိုင်မှုမှာ 5794 BSCF ရှိပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာအထိ စုစုပေါင်းထုတ်လုပ်မှုမှာ 4220 BSCF ရှိနေပြီဖြစ်သည်။ ၂၀၁၇ ခုနှစ်အတွင်း တစ်ရက်ပျမ်းမျှ ထုတ်လုပ်မှုမှာ 676 MMSCFD ရှိကြောင်း သိရသည်။

**စိန် Reservoir**

စိန် Reservoir မှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ၂၀၀၆ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့ပြီး သဘာဝဓာတ်ငွေ့ရိုအောင်းမှု ပမာဏမှာ 328 BSCF ရှိပြီး အများဆုံးထုတ်လုပ်နိုင်မှုမှာ 272 BSCF ရှိကြောင်း၊ ၂၀၁၇ ခုနှစ် စက်တင်ဘာအထိ Cumulative Production မှာ 146 BCF ရှိပြီး ၂၀၁၇ ခုနှစ်အတွင်း တစ်ရက်ပျမ်းမျှ ထုတ်လုပ်မှုမှာ 36 MMSCFD ရှိကြောင်းသိရသည်။ ပတ္တမြား၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို ၂၀၁၇ ခုနှစ် ဧပြီတွင် စတင်နိုင်ခဲ့ပြီး ဓာတ်ငွေ့ရိုအောင်းမှုပမာဏမှာ 436 BSCF ရှိပြီး အများဆုံးထုတ်လုပ်နိုင်မှုမှာ 303 BSCF ရှိကြောင်း ပတ္တမြား၏ ပုံမှန်ထုတ်လုပ်မည့် Plateau Production မှာ 120 MMSCFD ရှိကြောင်းသိရသည်။

**ရဲတံခွန်စီမံကိန်း**

ရဲတံခွန်စီမံကိန်းမှ သဘာဝဓာတ်ငွေ့တင်ပို့မှုကို ၂၀၀၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး ရဲတံခွန်ရေနံနှင့် သဘာဝဓာတ် ငွေ့မြေတွင် ရဲတံခွန်နှင့် ရဲတံခွန်မြောက် Reservoir နှစ်ခုရှိကြောင်းသိရသည်။ ၂၀၁၇ ခုနှစ် ဇွန်လအထိ ထုတ်လုပ်ခဲ့သော သဘာဝဓာတ်ငွေ့ပမာဏမှာ ရဲတံခွန်Reservoir မှ 1967 BSCF နှင့် ရဲတံခွန်မြောက် Reservoir မှ 43 BSCF ထုတ်လုပ်ခဲ့ကြောင်းသိရသည်။ ရဲတံခွန်၏ လက်ရှိ Daily Contractual Quantity မှာ 170 MMSCFD ဖြစ်ပြီး ပျမ်းမျှ ထုတ်လုပ်မှုမှာ 180 MMSCFD ရှိကြောင်းသိရသည်။

**တွင်းပြုပြင်ခြင်းများကို ၂၀၁၈ အကုန်တွင် ဆောင်ရွက်မည်**

ရဲတံခွန်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် ရဲတံခွန်နှင့် ရဲတံခွန်မြောက်တို့မှ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကို DCQ အတိုင်းထုတ်လုပ်နိုင်ရန် တွင်းပြုပြင်ခြင်း၊ သဲကြောသေနတ်ဖောက်ခြင်းစသည့် Well Intervention Campaign လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရဲတံခွန် ပလက်ဖောင်းတွင် Infill Well နှစ်တွင်းနှင့် ရဲတံခွန် Basement ၏ သဘာဝဓာတ်ငွေ့ တွေ့ရှိနိုင်မှု အခြေအနေအား သိရှိရန်အတွက် တွင်းတစ်တွင်းတူးဖော်ခြင်းကိုလည်း ၂၀၁၈ခုနှစ် နှစ်ကုန်ပိုင်းအတွင်း ဆောင်ရွက်သွားရန်ရှိကြောင်း သိရှိရသည်။ ။

“စွမ်းအင်ပြည့်ဝစွာရရှိခြင်းဖြင့် ပြည်တွင်းလူနေမှု အဆင့်အတန်းမြင့်မားခြင်း၊ စက်မှုလုပ်ငန်းများ ပိုမိုတိုးတက်လာစေနိုင်ခြင်းနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေခြင်း၊ နိုင်ငံတော်၏ ဝင်ငွေကို မြင့်မားစေခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်ပါသည်၊ မြန်မာနိုင်ငံတွင် စွမ်းအင်ဖြစ်သည့် ရေနံ၊ သဘာဝဓာတ်ငွေ့တို့ကို ထုတ်ယူရောင်းချခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ရာခိုင်နှုန်းများစွာ အထောက်အကူပြုနေသည်ကို မြင်တွေ့ရသည်”

# စာလုံးပေါင်းနည်း၊ အသံထွက်နည်း (၃)



**မောင်ခင်မင်(ဓနုဖြူ)**

“တစ်ခုလောက်မေးပါရစေ ဘဘ”

“မေးလေ၊ ဘာပါလိမ့်”

“သင်ပုန်းကြီးမှာသင်ရတဲ့သရ ၁၂ လုံးကိုဘဘရှင်းပြလို့ သမီးတို့သိရပါပြီ၊ အဲဒီအတွဲတွေထဲမှာ ဝစ္စနှစ်လုံးပေါက်ပါတယ်၊ အောက်ကမြစ်တော့ မပါဘူးနော်ဘဘ၊ အဲဒါဘာကြောင့်လဲလို့ သိချင်လို့ပါ”

“သမီးကမူလတန်း ကျောင်းအုပ်ဆရာမကြီးဆိုတော့ တော်တော်စေ့စေ့စပ်စပ်ရှိတယ်နော်၊ သမီးမေးတာ ဟုတ်ပါတယ်၊ ခုပြောတဲ့ ၁၂ လုံးတွဲမှာ အောက်ကမြစ်မပါဘူးဆိုတာ မှန်တယ်၊ မွန်သရ ၁၂ လုံးမှာလည်း ဝစ္စပေါက်တော့ပါတယ်၊ အောက်ကမြစ်က နဂိုကတည်းက မပါဘူးကွဲ့”

“ဩော်”

“ဒါပေမယ့် မြန်မာစကားကအသံအတက်၊ အကျရှိတဲ့ ဘာသာစကားမို့ သံလတ်လို့နောက်ပိုင်းမှာခေါ်ကြတဲ့ အသံကိုပြဖို့ ဗျည်းအောက်က အ အက္ခရာထည့်ကြတယ်၊ နောက်တော့အဲဒီ‘အ’က အစက်ကလေးဖြစ်လာတယ်၊ အသံအရှည်အောက်က တားမြစ်တဲ့သင်္ကေတမို့ အောက်ကမြစ်လို့ ခေါ်တာပေါ့ကွယ်”

“ဘယ်လိုတားမြစ်တာလဲဘဘ”

“ဆိုပါတော့ကွယ်၊ ‘လာ’ဆိုတဲ့အသံက အသံရှည်ပဲ၊ ဆက်ဆွဲဆိုလို့ ရတဲ့အသံလေ၊ အဲဒီ ‘လာ’အောက်က အစက်ကလေး ထည့်လိုက်ရင် ဘယ်လိုအသံထွက်မလဲ”

“လာ့လို့အသံထွက်ပါတယ်”

“လာဆိုတဲ့အသံရှည်ကို တိုသွားအောင်တားမြစ်လိုက်တာမို့ အောက်ကမြစ်လို့ခေါ်တာပေါ့”

“အခုမှ အောက်ကမြစ်ရဲ့အဓိပ္ပာယ်ကို သမီးနားလည်တော့တယ်၊ တချို့က ‘အောက်ကမြင်’လို့ အသံထွက်နေကြတာကြားရတယ်ဘဘ”

“မြစ်တယ်ဆိုတာ တားတဲ့အဓိပ္ပာယ်ပေါ့ကွယ်၊ ဒီတော့ ဒီသရ ၁၂ လုံးမှာ အောက်ကမြစ်အသံတွေမပါဘူး မဟုတ်လား၊ ပြီးတော့ ဝစ္စပေါက်ကလည်းနောက်ဆုံးက ‘ကား’မှာပဲပါတယ်၊ တခြားစာလုံးတွေမှာ မပါဘူးလေ၊ သမီးတွေ့တယ်မဟုတ်လား”

“ဟုတ်တယ် ဘဘ၊ ‘ကီး၊ ကူး၊ ကေး’ဆိုတဲ့ စာလုံးတွေ မပါပါဘူး”

“ဘဘတို့ငယ်ငယ်က သင်ပုန်းကြီးစာအုပ်တွေမှာကျတော့ အဲဒီသရ ၁၂လုံးမှာ အောက်ကမြစ်နဲ့ဝစ္စပေါက်တွေကို ပြည့်ပြည့် စုံစုံထည့်ပြီး ပုံနှိပ်ထားတယ်ဆိုရင်လည်း အဲဒီအသံတွေပါ ထည့်ဆိုရတယ်၊ အရင်ကသင်ရတဲ့ သင်ပုန်းကြီးကို ဘယ်လိုပုံနှိပ်ထားတယ်ဆိုတာ အခုဘဘနမူနာရေးပြမယ်၊ ‘ပစောက်’ကိုနမူနာပြမယ်၊ ဟောဒီလိုကွဲ့” (ကျွန်တော်စာရွက်တစ်ရွက်တွင် ရေးပြလိုက်ပါသည်။)”

ပ ပါ ပိ ပီး ပု ပူး ပေး ပဲ့ ပေါ့ ပေါ် ပံ့ ပါး

““‘က’ကနေ ‘အ’အထိအဲဒီအစီအစဉ်အတိုင်းပုံနှိပ်ထားတဲ့ သရ ၁၂ လုံးကို အရင်ဆုံးစသင်ရတယ်၊ ဘဘ နမူနာဆိုပြမယ်”

“ဟုတ်ကဲ့ပါ”

“ပစောက်ရေးပ၊ ပစောက်ရေးချပါ၊ ပစောက်ရေးလုံးကြီးတင်ပိ၊ ပစောက်ရေးလုံးကြီးတင်ဆန်ခက်ပီ၊ ဝစ္စနှစ်လုံးပေါက်ပီး၊ အဲဒီပုံစံအတိုင်းဆက်ဆိုကြည့်ပေါ့ သမီးရယ်”

“ဟုတ်ကဲ့ပါ”

“အဆုံးကျတော့ ပစောက်ရေးသေးသေးတင်ပံ၊ အောက်ကမြစ်ပံ့၊ ပစောက်ရေးချဝစ္စနှစ်လုံးပေါက် ပါးဆိုပြီး အဆုံးသတ်ရတာပေါ့”

“ဩော်...”

“ဒါ ဘဘတို့ငယ်ငယ်ကဆိုရတဲ့ သရ ၁၂လုံးအစဉ်ပဲ၊ ‘က’ က‘အ’အထိ တစ်လုံးချင်းနဲ့တွဲပြီးတော့ ‘ကျ၊ ချ၊ ဂျ’စတဲ့ ယပင့်ဗျည်းတွေ၊ ‘ကြ၊ ခြ၊ ဂြ’ စတဲ့ရရစ်ဗျည်းတွေ၊ ငှ၊ ညှ၊ ဏှ၊ နှ၊ မှ၊ ယှ၊ ရှ၊ လှ၊ ဝှ ဆိုတဲ့ ဟထိုးဗျည်းတွေ၊ ပြီးတော့ မျှ၊ လျှ ဆိုတဲ့ ယပင့်ဟထိုးဗျည်းတွေ၊ ပြီးတော့ ငြှ၊ မြှဆိုတဲ့ ရရစ်ဟထိုး ဗျည်းတွေ အစဉ်အတိုင်းသရ ၁၂လုံးနဲ့တွဲရတယ်”

“တော်တော်ခက်တယ်နော် ဘဘ”

“တွဲလို့ရသမျှ ဗျည်းအားလုံးကို မချန်ဘဲ ပြည့်စုံအောင်တွဲပြီး ဆိုရတာလေ၊ ပြီးတော့ ကွ၊ ခွ၊ ဂွ၊ ဃွ စတဲ့ဝဆွဲဗျည်းတွေ၊ ကျွ၊ ချွ၊ ဂျွ စတဲ့ ယပင့်ဝဆွဲဗျည်းတွေ၊ ကြွ၊ ခြွ၊ ဂြွ စတဲ့ရရစ်ဝဆွဲဗျည်းတွေ၊ ငွှ၊ ညွှ၊ ဏွှ၊ နွှ စတဲ့ဟထိုးဝဆွဲဗျည်းတွေနဲ့ တွဲပြီး ‘အ၊ အာ၊ အိ၊ အီ’ စတဲ့ သရ၁၂လုံးအစဉ်အတိုင်း အကုန်ဆိုရတယ်ကွဲ့”

“ဟုတ်ကဲ့ပါ”

“အခုပြောခဲ့တာတွေက အသတ်မပါတဲ့ သရရိုးရိုးနဲ့တွဲတဲ့ အတွဲတွေပေါ့၊ ရှေ့ဆက်ခင် သမီးတို့နားလည်ထားရမယ့် အခြေခံအချက်တစ်ခုကို ပြောရဦးမယ်၊ ကဲ...ကျောင်းအုပ်ဆရာမကြီးက ဖြေစမ်းပါဦး၊ အခုပြောခဲ့တဲ့ရေးချတို့၊ လုံးကြီးတင်တို့၊ တစ်ချောင်းငင်တို့ ဆိုတာတွေကို ရှေ့ကဗျည်းနဲ့ ဘာဖြစ်လို့တွဲရတာလဲ”

“သမီးဖြေကြည့်ပါ့မယ်၊ ဗျည်းတစ်ခုတည်းရေးရင် က၊ ခ စတဲ့ အသံပဲထွက်ပါတယ်၊ ရေးချတို့၊ လုံးကြီးတင်တို့နဲ့တွဲမှ ‘ကာ၊ ကီ၊ ကူ၊ ခါ၊ ခီ၊ ခူ’စတဲ့အသံတွေ အမျိုးမျိုးထွက်ပါတယ်၊ ဒါကြောင့် အဲဒီလိုတွဲရတာပါ ဘဘ”

“အဲ... ဟုတ်ပြီ၊ ဒီနေရာမှာ အခြေခံကျတဲ့ အချက်ကိုပြောဖို့လိုတယ်၊ အသံတစ်သံဖြစ်လာအောင် ဘာနဲ့ဘာနဲ့တွဲရတယ်လို့ သမီးတို့ ကြားဖူးသလဲ”

“ဗျည်းနဲ့ သရနဲ့ တွဲရတယ်၊ ဒါမှ လိုတဲ့အသံထွက်တယ်လို့ ကြားဖူးပါတယ်ဘဘ”

“ဟုတ်ပြီ ဒါဆိုရင်‘ကာ’ဆိုတဲ့ အသံထွက်ဖို့ ဘယ်ဗျည်းနဲ့ ဘယ်သရနဲ့ တွဲမလဲ”

“ကဗျည်းနဲ့ အာသရနဲ့ တွဲပါ့မယ် ဘဘ”

“နေဆိုတဲ့ အသံထွက်ဖို့ဆိုရင်ကော နဗျည်းနဲ့ သဝေထိုး အေသရနဲ့ တွဲပါ့မယ် ဘဘ”

“အဲဒီလိုပဲ ပူးဆိုရင် ပဗျည်းနဲ့ အူးသရတွဲရပါမယ်၊ တောဆိုရင် တဗျည်းနဲ့ အောသရတွဲရမယ်ပေါ့၊ ဟုတ်တယ်နော်”

“ဟုတ်ပါတယ် ဘဘ”

“အခုပဲ သမီးကပြောတယ်၊ ကာဆိုတဲ့ အသံထွက်ဖို့‘က’ဗျည်းနဲ့ ‘အာ’သရတွဲရတယ်တဲ့၊ ဟုတ်တယ်နော်”

“ဟုတ်ပါတယ် ဘဘ”

“သမီးအခု စာရေးတော့ကာဆိုတဲ့ အသံရအောင်က နောက်က ဘာစာလုံးတွဲထားသလဲ၊ ရေးချတွဲထားပါတယ် ဘဘ”

“ဟုတ်တယ်၊ ရေးချဆိုတဲ့ အကောက်ကလေးတွဲရတယ် မဟုတ်လား၊ ဒီတော့ ‘က’နဲ့ ‘အာ’တွဲရင် ကာဖြစ်တယ်ဆိုတဲ့ စကားနဲ့ ‘က’နဲ့ ‘ရေးချ’ တွဲရင် ‘ကာ’ ဖြစ်တယ်ဆိုတဲ့ စကားနဲ့ အဓိပ္ပာယ်အတူတူပဲ မဟုတ်လား”

“ဟုတ်ပါတယ် ဘဘ”

“ဒီလိုဆိုရင် ‘အာ’ သရနဲ့ ရေးချနဲ့ အဓိပ္ပာယ် မတူဘူးလား၊ တူပါတယ် ဘဘ”

“ဒီတော့ ကကြီးရေးချကာ ဆိုတာ ကကြီးနဲ့ အာသရတွဲလိုက်တာပဲ ပေါ့၊ ဒါကြောင့်ရေးချဆိုတဲ့ ကွေးကွေးကလေးဟာ ‘အာ’သရကို ပုံစံပြောင်းပြီး ရေးတဲ့သင်္ကေတတစ်ခုပဲလို့ နားလည်နိုင်ပါတယ်၊ ဘဘပြောတာ နားလည်ရဲ့လား”

“ နားလည်ပါတယ် ဘဘ၊ ဒီလိုဆိုရင် လုံးကြီးတင်ဟာ အိသရကို ပုံစံပြောင်းရေးတာ၊ တစ်ချောင်းငင်ဟာ အုသရကို ပုံစံပြောင်း ရေးတာပေါ့နော် ဘဘ”

“ ဟုတ်ပ၊ သမီးက ကျောင်းအုပ်ဆရာမကြီး ပီသပါပေတယ်၊ ဆက်စပ်ပြီးစဉ်းစားတတ်တယ်လေ၊ ဒီတော့ အ၊ အာ၊ အိ၊ အီ၊ အု၊ အူ၊ အေ၊ အဲ၊ အော၊ အော်၊ အံ၊ အား ဆိုတဲ့သရတွေကို ဗျည်းနဲ့ တွဲရေးတဲ့အခါ ပုံစံပြောင်းပြီးတော့ ဟောဒီလို ရေးတယ်ဆိုတာ မှတ်ထားပေါ့ကွယ်”( ကျွန်တော်က စာရွက်ပေါ်တွင် ရေးပြလိုက်ပါသည်။)

“-၊ -ာ၊ -ိ၊ -ီ၊ -ု၊ -ူ၊ ေ-၊ -ဲ၊ ေ-ာ၊ ေ-ာ်၊ -ံ၊ -ား၊ ဗျည်းတို့ကလေး တွေနေရာမှာ ဗျည်းတစ်ခုခုထည့်ပြီးရေးရတဲ့ အဓိပ္ပာယ်ပေါ့ကွယ်”

“နားလည်ပါပြီ ဘဘ၊ ဟင်... ဒီလိုဆိုရင်...”

“ဘာပြောချင်လို့လဲ သမီးရဲ့”

“တခြားသရတွေလို ပုံစံပြောင်းရေးရတဲ့ သင်္ကေတတွေ အကုန်ရှိပြီး အသရအတွက် ပုံစံပြောင်းရေးတဲ့ သရတော့ မပါသလိုပဲနော်”

“ သမီးကတော်တယ်ဟေ့၊ တော်တော်မျက်စိရှင်တယ်၊ အ သရအတွက်ပုံစံပြောင်းရေးတဲ့ သင်္ကေတမပါသလိုပဲ မဟုတ်ဘူး၊ ပါကိုမပါတာ၊ သမီးပြောတာမှန်တယ်၊ ဒီ့ပြင်သရတွေအတွက် ပုံစံပြောင်းသင်္ကေတတွေ သီးခြားရှိနေပေမယ့် အသရအတွက် မရှိဘူး၊ ‘လူ’ဆိုရင် လဗျည်းနဲ့ ု ဆိုတဲ့ ပုံစံပြောင်းသရရှိတယ်၊ ‘လ’ ကျတော့လဗျည်းပဲ ရှိတယ်၊ လဗျည်းနဲ့တွဲတဲ့အတွက် အ သရကို မမြင်ရဘူးမဟုတ်လား”

“ဟုတ်ကဲ့ပါ”

“အသရဟာ လဗျည်းထဲမှာ ငုပ်နေတယ်လို့ ပညာရှင်တွေက ဆိုကြတယ်၊ အဲ... တခြားဗျည်းတွေမှာလည်း အ သရဟာ ငုပ်နေတာပါပဲ၊ လဗျည်းက နမူနာပြတာပါ၊ ဒါကြောင့် အကို အတွင်းငုပ်သရ (inherent vowel) လို့ ခေါ်ကြတယ်၊ မမြင်ရဘဲ ကိုယ်ပျောက်နေလို့ ကိုယ်ပျောက်သရလို့လည်း ခေါ်ကြတယ်”

“ဩော်... ဟုတ်ကဲ့ပါ၊ နောက်တစ်ခုသိချင်တာက ...”

“ကဲ... ဆိုပါဦး”

“ဘဘက သရတွေအကြောင်းစပြောတုန်းက ‘အ၊ အာ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ အဲ၊ ဩ၊ ဪ၊ အံ၊ အား’လို့ သရ ၁၂ လုံးကို ရေးတာမှတ်ထားပါတယ်”

နောက်တစ်ခါကျတော့ ‘ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ၊ ဪ’ နေရာမှာ အိ၊ အီ၊ အု၊ အူ၊ အေ၊ အော၊ အော်၊ လို့ ရေးတာတွေ့ပါတယ်၊ အဲဒီနှစ်မျိုးက အတူတူပါပဲ လားဆရာ”

“ဟုတ်ပြီ၊ သမီးကစေ့စပ်ပါတယ်၊ ဟုတ်တယ်၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ၊ ဪဆိုတဲ့ စာလုံးတွေကအရင်းခံကျတဲ့သရ အက္ခရာစာလုံးတွေပဲ၊ အိ၊ အီ၊ အု၊ အူ၊ အေ၊ အောဆိုတာက အ ကိုမူတည်ပြီး ရေးချတို့၊ လုံးကြီးတင်တို့နဲ့ တွဲပြီးစာလုံးတွေပေါင်းရေးထားတဲ့ စာလုံးတွေပဲ၊ အသံကတော့ အတူတူပဲ၊ သမီးခုမေးတာတော်တော် အရေးကြီးတယ်၊ ဖတ်တဲ့အခါ ပထမစာလုံးတွေကိုတော့ စာလုံးပေါင်းပြီးရေးထားတာမဟုတ်တဲ့အတွက် စာလုံးပေါင်းပြီးမဖတ်ရဘူး၊ အက္ခရာ ဣ၊ အက္ခရာဤ၊ အက္ခရာ ဥ၊ အက္ခရာ ဧ၊ အက္ခရာဩတို့ ဖတ်ရတယ်မဟုတ်လား၊ ဒါတွေက အက္ခရာတစ်ခုစီပါလို့ ဆိုလိုတာပါ၊ အာ ကျမှ အ ရေးချအာဆိုပြီး စာလုံးကို ပေါင်းဖတ်ရတာလေ၊ မှတ်ထားနော်”

“ဟုတ်ကဲ့ပါ ဘဘ”

Fortis

အိန္ဒိယနိုင်ငံရှိ အကြီးဆုံးဆေးရုံအုပ်စုကြီးဖြစ်သော Fortis ဆေးရုံကြီး၏ ဂါရင့်နှလုံးခွဲစိတ် အထူးကုဆရာဝန်ကြီး Dr.K M Mandana မှ အာရှတော်ဝင် အထူးကုဆေးရုံကြီး၌ နှလုံးရောဂါဝေဒနာရှင်များကို ကြည့်ရှုကုသ ပေးသွားမည်ဖြစ်ပါသည်။

အချိန် - ၂၃.၃.၂၀၁၈၊ နံနက် ၉း၀၀ မှ ညနေ ၄း၀၀

၂၄.၃.၂၀၁၈၊ နေ့လည် ၁း၀၀ မှ ညနေ ၄း၀၀

လူဦးရေကန့်သတ်ထားပါသဖြင့် ယခုပင် အမြန်ဆုံးစာရင်းပေးသွင်းရန်။

အမှတ် (၈၁၀)၊ စိမ်းဂေဟာ (၃)၊ ပိုလ်ချုပ်အောင်ဆန်းလမ်း (မြဝတီဘဏ်ဘေး)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉၄၅၀၀၁၈၁၀၉၊ ၀၉၄၅၃၉၅၅၅၀၁၊ ၀၉၄၅၃၉၅၅၅၀၂

မာံ SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?

အိမ်အရောက်ငွေပေးချေသည်၊ “ပွဲခ လုံး၀ မယူပါ”

09-33 333 511

09-33 333 514

09-33 333 644

မူးလျှင်ရှူ-မောလျှင်သောက်

ရွှေနဂါး အမှတ်တံဆိပ် ပန်းပေါင်းစုံ သွေးဆေး

TMR000849(0519)

ကြော်ငြာခွင့်ပြုချက်အမှတ်-တဆဝက(စာနယ်ဇင်း)၁၄၅/၁၁၁၇

ရွှေမန်းတောင် အကြောပြေ မျက်စိကြည်ဆေး

TMR007525(0620)

ကြော်ငြာခွင့်ပြုအမှတ်-တဆဝက(စာနယ်ဇင်း)၀၁/၀၂၁၃

ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့။ဖုန်း - ၀၁-၃၇၆၈၀၈၊၅၄၉၀၄၂၊၅၉၀၀၃၄၊၀၉-၈၅၉၈၄၅၃

Victoria Hospital ဗိတိုရိယဆေးရုံ

HVC နှလုံးနှင့်သွေးကြောဌာန

ဗိတိုရိယဆေးရုံ နှလုံးနှင့် သွေးကြောဌာနတွင်

Bulgaria နိုင်ငံမှ နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးသည် (အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ အတွင်း) ပြင်ပလူနာများကို ကြည့်ရှုပေးမည့်အပြင်

24/7

နှလုံးသွေးကြော ဓါတ်မှန်ရိုက်ခြင်း (Angiogram)

နှလုံးသွေးကြောချဲ့ ကုသခြင်း(Angioplasty)

နှလုံးထောက်တိုင် (Stent) ထည့်သွင်းကုသခြင်း

နှလုံးနှိုးဆွစက် (Pacemaker) တပ်ဆင်ခြင်း

အစရှိသည့် နှလုံးနှင့် ပတ်သက်သောကုသနည်း အမျိုးမျိုးကို ကုသပေးနေသည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လူနာစာရင်းပေးသွင်းလိုပါက

Hunt Line - +95 1 9666141

Hot Lines - +95 9 783666 141~4 Ext - 7080 (or) 2

**ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း**

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၃/၄၅-နန္ဒဝန်)၊ ဦးပိုင်အမှတ် (စန္ဒကူးလမ်း-၂၈)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကအား ဒေါ်ခင်မာဌေးအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအားအထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းအချက်များနှင့်အညီ မြေငှားဂရန်အသစ် ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## သီလပရိဓောတာပညာ၊ ပညာပရိဓောတံသီလံ
## မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်
## ဒီပလိုမာသင်တန်း(၂၀၁၈-၁၉ပညာသင်နှစ်) လျှောက်လွှာခေါ်ယူခြင်း

မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်သည် နေနည်းရှေးကျ၊သင်နည်းခေတ်မီဟူသော ရှေးမထေရ်မြတ်ကြီးတို့၏ ဩဝါဒတော်ကို ဦးထိပ်ပန်ဆင်လျက် သီလ၊ သုတစွယ်စုံရသောပညာရှင်ရဟန်းတော်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ၂၀၁၆ခုနှစ် ဇွန် ၁၂ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၈-၁၉ ပညာသင်နှစ် သင်တန်းများကို ၂၀၁၈ ခုနှစ် ဇွန် ၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲကို ၂၀၁၈ခုနှစ် မေ ၂-၃-၄ရက် (၁၃၈၀ခုနှစ် ကဆုန်လပြည့်ကျော် ၃-၄-၅ ရက်များတွင် ကျင်းပမည်ဖြစ်ပါသည်။

**ဒီပလိုမာသင်တန်း(၂၀၁၈-၁၉-ပညာသင်နှစ်) သင်တန်းသားအရည်အချင်း**

* အသက်(၃၀)၊ သိက္ခာ(၁၀)ဝါအတွင်းဖြစ်ရမည်။ (သဒ္ဓါတရား လွန်စွာထက်သန်သူများအတွက် အသက်ကိုခြွင်းချက်ထားသည်။)
* ဝိနည်းတော်ကိုအသက်သဖွယ်မြတ်နိုးလျက် သာသနာချစ်စိတ်ပြင်းထန်သူဖြစ်ရမည်။
* ကိုယ်လက်အင်္ဂါချို့ယွင်းသူ=ပရိသဒူသကပုဂ္ဂိုလ်မျိုးမဖြစ်စေရ။
* အဆောင်နေစာသင်သားရဟန်းသာမဏေများကိုသာလက်ခံမည်။

(က) ဓမ္မာစရိယဘွဲ့တစ်ခုခုရရှိထားသူ(အစိုးရ/အသင်း)၊ သာမဏေကျော်(သာသနာလင်္ကာရ)ဘွဲ့တစ်ခုခုရရှိထားပြီး ဓမ္မာစရိယစာဝါများကို ကျေညက်စွာဆည်းပူးထားသူ၊ မဟာဝိဒူဘွဲ့တစ်ခုခုရရှိထားသူ၊ ကျောင်းတိုက်တစ်ခုခုမှ တိုက်တွင်းဓမ္မာစရိယစာမေးပွဲအောင်မြင်ထားသူ၊ (ခြွင်းချက်အနေဖြင့် ပထမကြီးတန်းအောင်မြင်ထားပြီး ဓမ္မာစရိယနည်းနာများကို ကျေညက်စွာဆည်းပူးထားပြီးသူများလည်း ဝင်ရောက်ဖြေဆိုနိုင်ပါသည်။)

| ဖြေဆိုရမည့်ရက် | ဖြေဆိုရမည့်အချိန် | ဖြေဆိုရမည့်ဘာသာ | ဖြေဆိုရမည့်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၂-၅-၂၀၁၈ | နံနက် ၈နာရီမှ ၁၁နာရီထိ | ဓမ္မာစရိယဆိုင်ရာမေးခွန်း (ပထမနေ့) (ရေးဖြေ) | မဟာဝိဟာရဓမ္မဝိနယ တက္ကသိုလ် | ညနေ(၄-၅)နာရီ လူတွေ့စစ်ရန်၊ |
| ၃-၅-၂၀၁၈ | နံနက် ၈နာရီမှ ၁၁နာရီထိ | ဓမ္မာစရိယဆိုင်ရာမေးခွန်း (ဒုတိယနေ့) (ရေးဖြေ) | မဟာဝိဟာရဓမ္မဝိနယ တက္ကသိုလ် | ညနေ(၄-၅)နာရီ လူတွေ့စစ်ရန်၊ |

(ခ) ဆယ်တန်းအောင်၊ ဘွဲ့ကြို၊ ဘွဲ့ရ ရဟန်းသာမဏေများလည်း ဝင်ခွင့်စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ပါသည်။ ဝိနည်းဆိုင်ရာမေးခွန်းများကိုဖြေဆိုကြရမည်။ ပထမနေ့၌ ဝိနည်းဘိက္ခုပါတိမောက်အာဂုံမေးခွန်းများနှင့် ဒွေမာတိကာပါတိမောက်(၂)စောင်အနက်ပေးမေးခွန်း၊ ဒုတိယနေ့၌ ဝိနည်းအဓိပ္ပာယ်မေးခွန်းများကိုဖြေဆိုရမည်။

| ဖြေဆိုရမည့်ရက် | ဖြေဆိုရမည့်အချိန် | ဖြေဆိုရမည့်ဘာသာ | ဖြေဆိုရမည့်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၂-၅-၂၀၁၈ | နံနက် ၈နာရီမှ ၁၁နာရီထိ | ဗုဒ္ဓဝိနယဆိုင်ရာမေးခွန်း (ပထမနေ့) (ရေးဖြေ) | မဟာဝိဟာရဓမ္မဝိနယ တက္ကသိုလ် | ညနေ(၄-၅)နာရီ လူတွေ့စစ်ရန်၊ |
| ၃-၅-၂၀၁၈ | နံနက် ၈နာရီမှ ၁၁နာရီထိ | ဗုဒ္ဓဝိနယဆိုင်ရာမေးခွန်း (ဒုတိယနေ့) (ရေးဖြေ) | မဟာဝိဟာရဓမ္မဝိနယ တက္ကသိုလ် | ညနေ(၄-၅)နာရီ လူတွေ့စစ်ရန် |

(ဂ) (က)အုပ်စုနှင့် (ခ)အုပ်စုသင်တန်းသားများအားလုံးသည် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုစစ်ဆေးခြင်း၊ မေးခွန်းလွှာနှစ်ခုကိုဖြေဆိုကြရပါမည်။ အင်္ဂလိပ်စာဆိုင်ရာ(နှုတ်ဖြေနှင့်လူတွေ့စစ်ဆေးခြင်း)

| ဖြေဆိုရမည့်ရက် | ဖြေဆိုရမည့်အချိန် | ဖြေဆိုရမည့်ဘာသာ | ဖြေဆိုရမည့်နေရာ | မှတ်ချက် |
|---|---|---|---|---|
| ၄-၅-၂၀၁၈ | နံနက် ၈း၃၀နာရီ မှ ၁၀း၃၀နာရီထိ | General English | မဟာဝိဟာရဓမ္မဝိနယ တက္ကသိုလ် | ရေးဖြေ |
| ။ | မွန်းလွဲ ၁နာရီမှ ၃နာရီ | Buddhism | ။ | ။ |

(Dip in B.Dh) ကို ၁၂လ သင်ယူရမည်ဖြစ်ပြီး နောက်ထပ် ၁၈လ လေ့လာဆည်းပူးလျှင် B.A(B.Dh)ဘွဲ့ကို ရရှိမည်ဖြစ်ပါသည်။
ဒီပလိုမာတန်းနှင့်အထက်အဆင့်များတွင် အင်္ဂလိပ်ဘာသာကို ကြားခံဘာသာစကားအဖြစ် အသုံးပြုမည်ဖြစ်ပါသည်။
မှတ်ချက် ။ ဝင်ခွင့်လျှောက်လွှာကို ၂၀၁၈ခုနှစ် ဧပြီ ၂၀ရက် နောက်ဆုံးထားပေးပို့ရပါမည်။
ဒီပလိုမာသင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာနှင့်ပြဋ္ဌာန်းကျမ်း မေးခွန်းနမူနာများကို အောက်ပါနေရာများတွင် ရယူလျှောက်ထားနိုင်ပါသည်။

၁။ မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန ဖုန်း-၀၉-၇၉၈၁၆၂၀၂၃
ဘိုးဒေါနကုန်းကျေးရွာအနီး၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂။ www.mdumyanmar.org နှင့် www.facebook.mahaviharadhammavinayauniversity တွင် ဝင်ရောက်ကြည့်ရှုလေ့လာပြီး လျှောက်ထားနိုင်ပါသည်။
၃။ ပါမောက္ခချုပ်ဆရာတော်၊ မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်၊ ဖုန်း-၀၉-၇၃၀၁၄၂၆၄။
၄။ ဒုတိယပါမောက္ခချုပ်၊ မဟာဝိဟာရဓမ္မဝိနယတက္ကသိုလ်၊ ဖုန်း-၀၉-၅၀၈၉၃၃၄။
၅။ ပါမောက္ခဦးဉာဏ်ဝင်းထက်၊ ဖုန်း-၀၉-၅၀၆၆၃၀၆။
၆။ ပါမောက္ခဒေါက်တာစောမရအောင်၊ ဖုန်း-၀၉-၄၂၁၀၄၀၃၅၁။
၇။ ပါမောက္ခဒေါက်တာဟန်ဝင်း၊ ဖုန်း-၀၉-၄၂၅၃၀၃၆၉၉။
၈။ မော်ကွန်းထိန်း ဦးကိုကိုနိုင်၊ ဖုန်း-၀၉-၇၉၈၁၆၂၀၂၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ(မင်းဘူး)မှ နှစ်လအတွင်းထွက်ရှိသော Light Naphtha ဂါလန် ၁၀၀၀၀၀ (ဂါလန်တစ်သိန်း)ကို နှစ်လအတွင်း ထုတ်ယူသည့်စနစ်ဖြင့် တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ရာ အဆိုပြုလွှာ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **တင်ဒါတင်သွင်းရန်နောက်ဆုံးရက်** - ၆-၄-၂၀၁၈ရက် (သောကြာနေ့)
**အချိန်နှင့်နေရာ** ၁၃း၀၀နာရီ
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ် (၄၄)၊ နေပြည်တော်
၃။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်နှင့်** - ၆-၄-၂၀၁၈ရက် (သောကြာနေ့)
**အချိန်** ၁၄း၀၀နာရီ
၄။ တင်ဒါစည်းကမ်းချက်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ Website (www.moee. gov.mm)တွင် ဝင်ရောက်ကြည့်ရှု၍ Download ရယူနိုင်ပါသည်။
၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၄၁၁၁၉၄သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်)**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မောင်မင်းထက်ကျော်၏ဖခင်အမည်မှန်မှာ ဦးရင်စိုး ၁၂/တမန(နိုင်)၀၈၁၃၉၂ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ဦးရာဇာတ်လမ်း၊ အိမ်အမှတ်(၁၀၉၁/ခ)နေ မဇင်မီဇော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ထွန်း(ခ) ဦးဖိုးကျော် ၈/ပခက(နိုင်)၀၀၅၉၅၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးကျော်ကျော်ထွန်း(ခ)ဦးဖိုးကျော်**

## စန္ဒရား/ကီးဘုတ်

မြန်မာသံစဉ်-ခေတ်ပေါ်
အိမ်လာသင်ကြားပေးမည်။
မောင်ချိုမင်း(ကန္တာရဝတီ)
ဖုန်း-၀၉-၄၅၃၃၄၅၁၃၁၊
၀၉-၄၂၀၀၉၀၇၂၄

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ် (၁/၂၀၁၈)

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်နှင့် လမ်းအထူးအဖွဲ့(၆)၏ ၂၀၁၈ခုနှစ် (ဧပြီလမှ စက်တင်ဘာလအထိ) ပထမ (၆)လ ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေဖြင့် လမ်း/တံတား/အဆောက်အအုံလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို လမ်းအလိုက်၊ လမ်းအပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူခြင်း/လုပ်ငန်းဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။
၂။ လိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူဆောင်ရွက်လိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းချက်များကို လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံးနှင့် လမ်းအထူးအဖွဲ့ (၆)၏ ကြော်ငြာသင်ပုန်းတွင် ၂၃-၃-၂၀၁၈ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

(က) **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** - ၂၃-၃-၂၀၁၈ရက် နံနက် ၉း၀၀နာရီမှ ၄-၄-၂၀၁၈ရက် ညနေ ၁၆း၀၀နာရီထိ (ရုံးချိန်အတွင်း)
(ခ) **တင်ဒါလျှောက်လွှာတင်သွင်းချိန် ပိတ်မည့်ရက်/အချိန်** - ၅-၄-၂၀၁၈ရက် ညနေ ၁၆း၀၀နာရီ
(ဂ) **တင်ဒါလျှောက်လွှာ ဖွင့်မည့်ရက်/အချိန်** - ၆-၄-၂၀၁၈ရက် နံနက် ၉း၃၀နာရီ
(ဃ) **တင်ဒါပုံစံ ဝယ်ယူ/တင်သွင်း/စုံစမ်း ရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းအထူးအဖွဲ့(၆)၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၂၀၂၆၁၉
လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့ ဖုန်း-၀၈၂-၄၀၀၄၉
(င) **တင်ဒါဖွင့်လှစ်မည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ ကျောက်မဲမြို့

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လမ်းဦးစီးဌာန၊ ကျောက်မဲခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးနှင့် လမ်းအထူးအဖွဲ့(၆)တွင် ၂၃-၃-၂၀၁၈ရက်မှစ၍ ရုံးချိန်အတွင်း စုံစမ်း၍ လာရောက်ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ မူလွန် (ကြက်ပေါင်ခြံ)ကျောင်းမှ၊ ဒုတိယတန်းတွင်ဖြေဆိုထားသော မမျိုးနှင်းအေး၏ မိဘအမည်မှန်မှာ ဦးကူးမားရိုင်း ၁/ဝမန(နိုင်)၀၂၉၈၃၉ နှင့် ဒေါ်ဆိုဘား ၁/မကန(နိုင်) ၁၂၁၃၈၁ တို့ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၄၂၉၉၄ Honda Wave-125 ယာဉ်လက်ဝယ်ရှိသူ ဦးတင့်လွင် ၈/ရနခ(နိုင်)၀၈၇၅၈၇က (ကမ-၃)ပျောက်မိတ္တူလျှောက်ထားပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အေးမင်း ၈/သရန(နိုင်)၀၈၃၁၇၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၈၁၄၂၁၁၀**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၈) အထည်စက်ရုံ(ပျော်ဘွယ်)၊ ဝါစိုက်ကွင်းရှိ အဆောက်အအုံ ကိုးလုံး၊ (၈")အဝီစိတွင်း (၁)တွင်း၊ (၂")အဝီစိတွင်း(၁)တွင်း၊ ဂါလန် (၈၀၀)ဆံ့ ရေကန်တစ်ကန်၊ 3.H.P.Motor လေမှုတ်စက်တစ်လုံးနှင့် ဆက်စပ်ပစ္စည်းများအား ဖျက်သိမ်းပြီး ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည် -
(က) **တင်ဒါပိတ်မည့်ရက်** - ၁၉-၄-၂၀၁၈ရက် (ကြာသပတေးနေ့)
(ခ) **တင်ဒါပေးသွင်းရမည့်နေရာ** - ဦးဆောင်ညွှန်ကြားရေးမှူးရုံးခန်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်
၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အုပ်ချုပ်ရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၃၇)နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၈၄ နှင့် အမှတ်(၈) အထည်စက်ရုံ(ပျော်ဘွယ်) ဖုန်း-၀၉-၇၇၃၇၀၄၇၇၂ တို့သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

**အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကုန်သွယ်မှုပညာပေးရေးဌာနခွဲ
## ကုန်သွယ်မှုသင်တန်းကျောင်း
## အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်းအမှတ်စဉ်(၁၁)
## ၂၀၁၈ ခုနှစ် မတ်လ နောက်ဆုံးပတ်

(က) သင်တန်းကာလ - ၂၀၁၈ ခုနှစ် မတ်လ နောက်ဆုံးပတ်မှ ၃လခွဲကြာသင်တန်း
(ခ) သင်ကြားမည့်ရက်များ - ရက်သတ္တပတ်တွင်(၃)ရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ)
(ဂ) သင်တန်းအချိန် - နံနက် ၉း၃၀ နာရီမှ ၁၂း၃၀ နာရီ
(ဃ) သင်တန်းသားဦးရေ - (၆၀)ဦးမှ (၈၀)ဦးထိ
(င) သင်တန်းတည်နေရာ - ကုန်သွယ်မှုသင်တန်းကျောင်း၊ အမှတ် (၂၂၈/၂၄၀)၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
(စ) သင်တန်းဝင်ခွင့်လျှောက်လွှာနှင့် အတူပါရှိရမည့် စာရွက်စာတမ်းများ - ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(ဆ) ဆက်သွယ်ရန်ဖုန်းနံပါတ် - ဖုန်း-၀၁-၂၅၀၈၇၁၊ ၀၁-၂၇၁၂၁၇၊ ၃၇၈၇၉၈

ကုန်သွယ်မှုသင်တန်းကျောင်း (စတုတ္ထထပ်)တွင် လူကိုယ်တိုင် လာရောက်စာရင်းပေးသွင်းရန်ဖြစ်ပါသည်။ **ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)**

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်လမ်းလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အောက်ဖော်ပြပါစက်၊ ယာဉ်၊ ယန္တရားများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| Sr. No | Nomenclature | Quantity | Country of Origin | Remark |
|---|---|---|---|---|
| 1. | Bulldozer | 2Nos | Japan,U.S.A | (27~29Ton) |
| 2. | Mini Dozer | 3Nos | Japan,U.S.A | (4~9.5Ton) |
| 3. | Tractor Dozer | 3Nos | India,China | Wheel Tractor with Blade |
| 4. | Excavator | 3Nos | Japan,U.S.A | Crawler (19~26 Ton) |
| 5. | Mini Excavator | 2Nos | Japan,U.S.A | Crawler (5~8 Ton) |
| 6. | Motor Grader | 2Nos | Japan,U.S.A | (14~16 Ton) |
| 7. | Three Drums Static Roller | 8Nos | China | (10~15 Ton) |
| 8. | Dump Truck | 15Nos | China | (Approx; $10m^3$) |
| 9. | Vibratory Single Drum Roller | 2Nos | Europe,Japan | (9.5~14 Ton) |
| 10. | Water Bowzer | 2Nos | China | (1000 Gal) |

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၄-၂၀၁၈ရက်မှ ၁၀-၄-၂၀၁၈ရက်ထိ(ရုံးချိန်အတွင်း)
(ခ) **အိတ်ဖွင့်တင်ဒါဝယ်ယူ/တင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု)ရုံး၊လမ်းဦးစီးဌာန၊ ယန္တရားတပ်ခွဲ(မြောက်)ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
(ဂ) **နောက်ဆုံးတင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၂၇-၄-၂၀၁၈ရက် ညနေ ၄း၀၀နာရီ
(ဃ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၄-၅-၂၀၁၈ရက် နံနက် ၉း၃၀နာရီ
(င) **အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။ [၇၁လမ်း၊ လမ်း(၃၀)ထောင့်]

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)ရုံး၊ လမ်းဦးစီးဌာန၊ ယန္တရားတပ်ခွဲ(မြောက်)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၉-၈၉၆၅၀၁၉၁၃၊ ၀၂-၅၁၅၄၆၃၈ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/8025 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(မုံရွာ)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/1503 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/3689 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်မှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ပြည်နယ် (Mini Budget)ဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၂-၄-၂၀၁၈ ရက်မှ ၁၀-၄-၂၀၁၈ရက်ထိ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၅-၄-၂၀၁၈ ရက်၊ ၁၂း၀၀ နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၅-၄-၂၀၁၈ ရက်၊ ၁၃း၀၀ နာရီ
**တင်ဒါဖွင့်ပွဲပြုလုပ်မည့်နေရာ** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ထမ္မရာဇ်ရပ်ကွက်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို မြောက်ဦးခရိုင်၊ လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၄၃-၅၀၂၈၃ တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

## အမြန်ရောင်းရန်ရှိသည်

ကလေးခုတင်၊ ထမင်းစားခုံ၊ လက်တွန်းလှည်း၊ ကလေးဖျာ၊ အိပ်ရာ၊ ခေါင်းအုံး၊ သံစဉ်ပုခက်မျိုးစုံတို့ကို Wholesale ရောင်းရန်ရှိသည်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၃၃၆၀၃**

## အမြန်ရောင်းရန်ရှိသည်

Kylie နှုတ်ခမ်းနီ Replical Eyeshaw NAKED မျိုးစုံတို့ကို Wholesale ရောင်းချရန်ရှိပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၇၁၈၈၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် DD/8858 TOYOTA COROLLA FIELDER NZE12 STATION WAGON(4×2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မြအေး(ခ) ခင်နီလာအေး ၁၂/စခန(နိုင်)၀၄၄၇၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/8944 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၁၃၈၀၀ Dayang 110 ယာဉ်လက်ဝယ်ရှိသူ Immortal Moe Co.,Ltd.က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၉ဌ/၂၅၁၅၈ Wu Lin ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိခေလှ ၁၃/ကတန(နိုင်)၀၄၀၂၆၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၁၉၂၁၁ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံမြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း


ယာဉ်အမှတ် 7G/7491 ယာဉ်၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ နေပြည်တော်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁င/၃၅၃၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**







**နွေမှာအေးအေး၊**
**ဆောင်းမှာနွေး "ဆိုလာရှီး" နေရောင်ကာသုတ်ဆေး**

**PREMIER Solarshield** သည်နေရောင်၏ အပူစွမ်းအင်အများစုကို ပြန်ကန်ထွက်စေသည့် ရာနှုန်းပြည့်အခရိုက်လစ်စစ်စစ်၊ ပရီမီယမ်အရည်အသွေးအဆင့် ရေအခြေခံသုတ်ဆေးတစ်မျိုးဖြစ်ပါသည်။
အဆောက်အဦများ၏အတွင်းပိုင်းကို နွေရာသီတွင်အေးမြပြီး၊ ဆောင်းရာသီတွင် နွေးထွေးသောပတ်ဝန်းကျင်ဖန်တီးပေးပါသည်။

UPG UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007

No. 174/ 188, 2nd Floor, Bo Myat Tun Street, Shwe Gabar Tower (II),
Pazundaung Township, Yangon, Myanmar.
Tel: 95-1-200535, 299432 Fax: 95-1-299605
web site : www.upgpaint.com
email : info@upgpaint.com
facebook.com/upgpaint

# ရွှေရတုမင်္ဂလာဆုတောင်း
# (၁၉၆၈ – ၂၀၁၈)

ဖေဖေ ဦးအောင်ခိုင် မေမေ ဒေါ်ငွေးငွေးသီတို့၏ ၁၈-၃-၂၀၁၈တွင် ကျရောက်သည့် နှစ်(၅၀)ရွှေရတုမင်္ဂလာမှ နောင်နှစ်ပေါင်း (၁၀၀)တိုင် ချစ်သား၊ ချစ်သမီး၊ ချစ်မြေးများ နှင့် ကျန်းမာပျော်ရွှင်စွာနေထိုင်ပြီး သာသနာပြု၍ တရားဘာဝနာ ပွားများနိုင်ပါစေ။

သမီးကြီး – ဒေါ်ယုယုသွယ်(ခ)မစန္ဒာ
သားကြီး – ဦးဝင်းမင်းအောင်(ခ)ဖိုးထောင်-(ဒေါ်တင်တင်မာ)
သမီး – ဦးအောင်ကျော်ဖြိုး-ဒေါ်မေသက်ခိုင်(ခ)မစု
သမီး – ဦးအောင်ပိုင်-ဒေါ်ထားအိအိခိုင်
သား – ဦးအောင်သက်ညွန့်(ခ)ဂိုးဂိုး-ဒေါ်သိန်းသိန်းထွေး
သမီး – ဒေါ်အေးပပခိုင်(ခ)အေးပယ်
သမီး – ဒေါ်အေးသက်ပုံ
မြေးများ – မောင်ထူးဝါ၊ မအေးမြတ်နေခြည်၊ မောင်ရဲမိုးနိုင်၊ မောင်စွမ်းထက်ဝေ၊ မောင်ရွှေးသစ်၊ မချောယွန်းသီ


ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၊ အားကစား နှင့် ကာယပညာဦးစီးဌာန
မြန်မာနိုင်ငံ ဘိလိယက် နှင့် စနုကာအဖွဲ့ချုပ်

17th Asian Billiards , 19th U-21 Men's Snooker & 2nd Ladies Snooker
CHAMPIONSHIP 2018

MYANMAR ACBS MBSF

အာရှနိုင်ငံများနှင့်ကမ္ဘာ့ချန်ပီယံများပါဝင်ယှဉ်ပြိုင်မည့်
ပြိုင်ပွဲမှာ မြန်မာနိုင်ငံ အောင်လံလွှင့်ထူနိုင်ဖို့
ဝိုင်းဝန်းအားပေးကြပါစို့ ....

နာရီဆိုလျှင် ...
CHERRY OO မှ
Main Sponsor အဖြစ် ဂုဏ်ယူစွာဖြင့် ကူညီပံ့ပိုးပါသည်။



Travel to Sri Lanka and Maldives

အတာသင်္ကြန်ကာလအတွင်းအထူးဈေးနှုန်းဖြင့်အပန်းဖြေခရီးထွက်နိုင်မည့်အခွင့်အရေး

သင်္ကြန်အထူး ခရီးစဉ်များ

Sri Lanka 6 days/5 nights
Colombo-Kandy-Pinnawala
Nuwara Eliya-Adams Peak

သက်သာသောဈေးနှုန်း၊ကောင်းမွန်သောဝန်ဆောင်မှုများဖြင့်
လူကြီးမင်းတို့၏အားလပ်ရက်ကာလအတွင်းစိတ်ချမ်းသာစွာအပန်းဖြေနိုင်အောင်
ဝန်ဆောင်မှုများပေးလျက်ရှိပါသဖြင့်အလျှင်မြန်ဆုံးဆက်သွယ်လိုက်ပါ.............

Sri Lanka 5 Days/4 Nights
Kandy-Pinnawala-Peradeniya-
Wadduwa-Galle-Colombo



Paradise Island Resort
5 stars resort in Maldives

Fun Island Resort
3 stars Resort in Maldives

Sri Lanka 4 Days/3 Nights
Kandy-Peradeniya-Pinnawala
Colombo

Please Contact Ace Aviation Myanmar Co.,Ltd in collaboration with Link Mark for detail information
No.116/118,Cherry Condo (8A),Bo Myat Tun(Lower Block),Botahtaung Tsp.Yangon,Myanmar
Tel:01 397803,01 297514,09 426173300 ,Mail: travel@aceaviationmm.com သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

Sri Lanka 3 Days/2 Nights
Colombo




Ace Aviation Myanmar



✓ တိုင်းရင်းဆေးအရည်အသွေး ကမ္ဘာ့ရွှေကြယ်ပွင့်ဆု (ဂျီနီဗာ – ၂၀၁၀) ရွှေတံဆိပ်ဒိုင်းဆုရ
✓ နိုင်ငံတကာ ခေါင်းဆောင်မှု စွမ်းရည်ကြယ်ပွင့်ဆု (ပဲရစ် – ၂၀၁၁) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေးပြည့် ထိပ်သီးဆု (USA-2012) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး စိန်ပွင့်ဆု (ပြင်သစ် – ၂၀၁၃) နှင့် Certificate ရ
✓ ကမ္ဘာ့အရည်အသွေး သရဖူစိန်ပွင့်ဆု (လန်ဒန် – ၂၀၁၄) နှင့် Certificate ရ

ဖျံ့-၅-ကောင်
အမှတ်တံဆိပ်
သွေးချို-ဆီးချိုကျဆေးနှင့်
သွေးတိုးကျဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်
တအဆက(စာနယ်ဇင်း) ၁၁၇/၀၃၁၅

တစ်ပြည်လုံးသို့
ဖြန့်ချိလိုက်ပါပြီ။

ဒေါက်တာစိုးမြင့်အောင်(ဝါးခယ်မ) Ph.D (Alternative Medicines)
ဖျံ့-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၂၄၊ ၄၂ လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၇၃၈၀၁၇၅၊ ၃၉၂၅၉၄


## ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 4K/3841 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၁၅(က၊ခ) တည်ရှိရာ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆ဂျီ)၊ မြေကွက်အမှတ်(၉၄ဘီ/၁.၂ဘီ ၂+၇၂အေ/၂.၂ဘီ) အမည်ပေါက် ဦးထွန်းလတ် ၁၂/ရကန(နိုင်)၀၅၅၀၇၄၊ ဒေါ်ခင်မြတ်လတ် ၁၂/ဗဟန(နိုင်)၀၅၅၅၂၉ မြေပိုင်မြေအား အမည်ပေါက်များကိုယ်တိုင်မှ အမည်ပေါက် စာချုပ်ဖြစ်သော ပိုင်ဆိုင်စာချုပ်အမှတ်(၂၁၄၅/ ၁၉၉၇) ၃၀-၅-၁၉၉၇ကို(စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏လက်ခံအမှန်)၊ ၂၀၁၁ ခုနှစ် ခွဲစိတ်မြေပုံမိတ္တူတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှု မရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# မြန်မာနိုင်ငံ၏ စီးပွားရေးမျက်နှာစာသစ်တွင် အာဖရိကမိတ်ဆွေများနှင့် ကျန်ကမ္ဘာ့နိုင်ငံများအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် လမ်းခင်းသွားမည်

**ဒတ်ခါလ် မတ် ၁၇**

မော်ရိုကိုနိုင်ငံ Dakhla မြို့၌ ရောက်ရှိနေသည့် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မတ် ၁၆ ရက် နံနက်ပိုင်းတွင် မော်ရိုကိုနိုင်ငံ Dakhla မြို့ Dakhla's Congress Center ၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကာ မိန့်ခွန်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် မော်ရိုကိုနိုင်ငံ၏ ဆဋ္ဌမမြောက်ဘုရင် မိုဟာမက်က Crans Montana Forum on Africa and South-South Cooperation အစည်းအဝေးသို့ ပေးပို့သည့် သဝဏ်လွှာကို Dakhla-Oued Eddahab ပြည်နယ်ဥက္ကဋ္ဌ Mr. Yanja El Khattat က ဖတ်ကြားသည်။

ထို့နောက် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး

စာမျက်နှာ ၅ ကော်လံ ၁ ▲




ဒုတိယသမ္မတ ဦးမြင့်ဆွေ မော်ရိုကိုနိုင်ငံ၌ ကျင်းပသည့် Crans Montana Forum on Africa and South-South Cooperation အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ လွယ်မွေမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများအား ကြည့်ရှုလေ့လာ



**နေပြည်တော် မတ် ၁၇**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ကျိုင်းတုံမြို့ နောင်ကန်ရွာရှိ အနာကြီးရောဂါ ကုသရေးဌာနသို့ သွားရောက်ကြည့်ရှုအားပေးပြီး လွယ်မွေမြို့ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများအား လှည့်လည်ကြည့်ရှုသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ နောင်ကန်ရွာ စိန်ပီတာဘုရားကျောင်း၌ ကျင်းပသည့် နောင်ကန်အနာကြီးရောဂါကုသရေးဌာနရှိ လူနာများနှင့် မိဘမဲ့ကလေးများအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ရာ ဖာသာ အန်ဂျေလိုစိုင်းပျဲန်းက နောင်ကန်အနာကြီးရောဂါ ဂေဟာသမိုင်းကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များက နောင်ကန်အနာကြီးရောဂါကုသရေးဌာနရှိ လူနာများနှင့် မိဘမဲ့ကလေးများအတွက် အလှူငွေများ ပေးအပ်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❖

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျိုင်းတုံခတ်အားခွဲရုံ တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၌ ကြည့်ရှုစဉ်။ သတင်းစဉ်

# အမျိုးသားပတ်လည်ဟော်ကီပြိုင်ပွဲ အုပ်စုပွဲများ ဆက်လက်ကျင်းပ

**ရန်ကုန် မတ် ၁၇**

၂၀၁၈ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသားပတ်လည်ဟော်ကီပြိုင်ပွဲ အုပ်စုပွဲများကို မတ် ၁၄ ရက်မှစ၍ ကျင်းပလျက်ရှိပြီး မတ် ၁၇ ရက်က ကျင်းပသည့်ပွဲများအပြီးတွင် ရန်ကုန်တိုင်းဒေသကြီး၊ All Star နှင့် သိမ်ဖြူလူငယ်အသင်းတို့ နှစ်ပွဲဆက်အနိုင်ရခဲ့သည်။

ယနေ့ ကျင်းပသည့်ပွဲများအပြီးတွင် အုပ်စုပွဲများအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းက တပ်မတော်(လေ)အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက တပ်မတော်(ရေ)အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊

စာမျက်နှာ ၁၃ ကော်လံ ၃ ✳

ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ အိုးထိန်း၊ ခုံတိုင်နှင့် ကြိမ်ချောင်းကျေးရွာများသို့ ကွင်းဆင်းသတင်းရယူ စာ ➤ ၁၀

စွန့်ပစ်မြေစာပြိုကျမှုကြောင့် ရေမဆေးကျောက်ရှာဖွေသူ လေးဦးပျောက်ဆုံး စာ ➤ ၁၂

